# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ်၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၅ ခုနှစ်၊ နယုန်လဆန်း (၁၁) ရက်၊ တနင်္လာနေ့၊ (29-5-2023)၊ အတွဲ (၃၂)၊ အမှတ် (၀၂၉)


**ဒို့တာဝန်အရေးသုံးပါး**

- ❖ ပြည်ထောင်စုမပြိုကွဲရေး။
- ❖ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- ❖ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ ပြည်သူတို့၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်မည်။

၂။ တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးအတွက် ပြည်သူလူထုဗဟိုပြုဖွံ့ဖြိုးရေးလုပ်ငန်းများကို လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန်ဆောင်ရွက်သွားမည်။

၃။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို ဆက်လက်ဆောင်ရွက်သွားမည်။

၄။ တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈)နှင့်အညီ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်း ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးပစ္စည်းများ မုန်တိုင်းဒဏ်သင့်ဒေသများသို့ ပို့ဆောင်ရန် စီစဉ်ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေး




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်း စစ်တွေမြို့ဘက်စုံသုံးဆိပ်ကမ်းသို့ ရောက်ရှိလာသည့် ကူညီကယ်ဆယ်ရေးနှင့်ပြန်လည်ထူထောင်ရေးပစ္စည်းများကို မုန်တိုင်းဒဏ်သင့်ဒေသများသို့ ပို့ဆောင်ရန်စီစဉ်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။

**နေပြည်တော်　　မေ　　၂၈**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်း၊ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးထွန်းထွန်းနောင်နှင့် ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်းတို့သည် ယနေ့နံနက်ပိုင်းတွင် စစ်တွေမြို့ဘက်စုံသုံးဆိပ်ကမ်းသို့ ရောက်ရှိကြပြီး ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးပစ္စည်းများ သယ်ဆောင်လာသည့် For Tune သင်္ဘော၊ Sun Shine သင်္ဘောနှင့် တပ်မတော်စစ်ရေယာဉ်များပေါ်မှ ပစ္စည်းများကို စက်ယန္တရားကြီးများဖြင့် ရေယာဉ်၊ မော်တော်ယာဉ်များပေါ်သို့ တင်ဆောင်၍ မုန်တိုင်းဒဏ်သင့်ဒေသများသို့ ပို့ဆောင်ရန် စီစဉ်ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ကူညီကယ်ဆယ်ရေးနှင့်ပြန်လည်ထူထောင်ရေးပစ္စည်းများတင်ဆောင်၍

စာမျက်နှာ ၁၆ ကော်လံ ၁ ☞

**ဆိုင်ကလုန်းမုန်တိုင်း မိုခါ (MOCHA) ဖြတ်သန်းတိုက်ခတ်မှုကြောင့် ထိခိုက်ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့သော ရခိုင်ပြည်နယ်အတွင်းရှိ မုန်တိုင်းဒဏ်သင့် ပြည်သူများအတွက် ထောက်ပံ့ရေးနှင့် ကူညီကယ်ဆယ်ရေးပစ္စည်းများကို တပ်မတော်(ရေ)မှ စစ်ရေယာဉ်နှင့် MCL ကုမ္ပဏီပိုင်ရေယာဉ်တို့ဖြင့် ပို့ဆောင်**

စာမျက်နှာ － ၁၈

**မြန်မာ(နေပြည်တော်)-တရုတ်(လင်ချန်း) စီးပွားရေးကုန်စည်ပြပွဲ ကျင်းပပြီးစီး**

စာမျက်နှာ － ၂၀

**ပြည်တွင်းတွင် ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ဧပြီလကုန်ထိ ပုဂ္ဂလိကစက်မှုလုပ်ငန်း ၄၄၉၅၁ ခု တရားဝင်မှတ်ပုံတင်၍ လုပ်ကိုင်နေ**

စာမျက်နှာ － ၅


Myanmar Mobile Money(MMM) မှ လက်ရှိရယူနိုင်သောဝန်ဆောင်မှုများအပြင် Digital Mobile Money -DMM(App) ကို အသုံးပြု၍ အောက်ပါ ဝန်ဆောင်မှုများကို ထပ်မံရယူနိုင်ပါပြီ။

Myanmar MOBILE MONEY anywhere anytime anyone

- ဝန်ထမ်းလစာများပေးချေခြင်း
- လျှပ်စစ်မီတာပေးဆောင်ခြင်း
- e-Topup ဖုန်းပြောခဖြည့်သွင်းခြင်း
- ပြည်တွင်းပြည်ပမှ ပြည်တွင်းငွေလွှဲခြင်း
- နှစ်အတွင်း ကာလတိုချေးငွေလျှောက်ထားခြင်း
- ဒီဂျစ်တယ်လှုမှုဘဝဆိုင်ရာ ဝန်ဆောင်မှုများပေးခြင်း
- မြန်မာ့အာမခံလုပ်ငန်းသို့ အာမခံပရီမီယံပေးဆောင်ခြင်း
- E-Commerce လုပ်ငန်းငွေပေးချေမှုများ ဆောင်ရွက်ခြင်း

ပြစ်တီနယ်စပ်ကုန်သွယ်ရေးလုပ်ငန်း အတွက် Customs Duty ပေးဆောင်မှုများအား MMM Service အသုံးပြုပြီး လွယ်ကူလျင်မြန်စွာဆောင်ရွက်နိုင်ပါပြီ။

အကြံပြုစာ: လစာ အပါအဝင် ငွေရှိငွေလွှဲခြင်း၊ လစာထုတ်ခြင်းများကို ဘဏ်ကိုသွားရန်မလိုဘဲ မိုဘိုင်းဖုန်းဖြင့် ထုတ်ယူနိုင်ပါပြီ။

ရုံးချုပ် - အမှတ်(၅၁)ဗိုလ်ရာညွန့်လမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၃၁၀၀ ၁၅၂၀၊ ၀၉ ၃၁၀၀ ၁၅၂၂

နေပြည်တော် - STARMART Nay Pyi Taw ရန်ကုန် - မန္တလေးလမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား။ ဖုန်း - ၀၉ ၃၁၀၀ ၁၅၃၄

မန္တလေး - STARMART Mandalay Wholesale ၂၆လမ်းနှင့် ၆၆လမ်းထောင့်၊ မန္တလေးမြို့။ ဖုန်း - ၀၉ ၃၁၀၀ ၁၅၃၆




ရတနာပုံ
၂၀၁၃ ခုနှစ် မေ ၂၉ ရက်
အယ်ဒီတာ့အာဘော်

# လူငယ်နှင့် နိုင်ငံ့တာဝန်

လူငယ်သည် နိုင်ငံ၏ရင်သွေးဖြစ်သည်။ နိုင်ငံ၏ ရင်သွေးဖြစ်သောလူငယ်သည် နောင်တစ်ချိန်တွင် နိုင်ငံ့တာဝန်ကို ပခုံးပြောင်းထမ်းဆောင်မည့်သူလည်းဖြစ်သည်။ နိုင်ငံသားတစ်ယောက်အဖို့ နိုင်ငံ့တာဝန်ကို ထမ်းဆောင်ခြင်းသည် နိုင်ငံ၏ အင်္ဂါရပ်တစ်ခုကို ဖြည့်စွက်ခြင်းဖြစ်သလို ကဏ္ဍအသီးသီး၌ လုပ်ငန်းတာဝန်အရပ်ရပ်ကို ကျေပွန်အောင်ဆောင်ရွက်ကြခြင်းလည်းဖြစ်ရာ နိုင်ငံသားတိုင်း နိုင်ငံ့အကျိုးစီးပွားကို ရှေးရှုဆောင်ရွက်အပ်ပေသည်။

လူငယ်သည် လေ့လာသင်ယူမှု၊ လုံ့လကြိုးကုတ်မှုတို့ဖြင့် တစ်စတစ်စရင့်ကျက်ပြည့်ဝလာသောအခါ စာသင်ကျောင်းမှ လုပ်ငန်းခွင်အသီးသီးသို့ ဝင်ရောက်နိုင်မည်ဖြစ်သည်။ စာသင်ကျောင်းသည် လူငယ်တို့၏ ရှေးဦးလေ့ကျင့်သင်အံရာနေရာတစ်ခုဖြစ်သည်။ လူငယ်တို့၏ အရည်အသွေးကို ပြည့်ဝလာအောင် ဖြည့်ဆည်းပေးရာ နေရာတစ်ခုလည်းဖြစ်ပေသည်။ လူငယ်တို့အနေဖြင့် စာသင်ကျောင်း၌ တက်ရောက်၍ လေ့ကျင့်သင်အံခြင်း၊ ကြိုးစားအားထုတ်ခြင်းသည် မိမိကိုယ်ကို အရည်အသွေးပြည့်ဝလာစေသည်သာမက နိုင်ငံအတွက်လည်း အားထားရသည့်သူများအဖြစ်သို့ ရောက်ရှိလာမည်ဖြစ်ပေသည်။ လူငယ်ဘဝ၌ ထိုသို့ကြိုးစားအားထုတ်ခြင်းသည် နိုင်ငံ့တာဝန်ကို ပခုံးပြောင်းထမ်းဆောင်နိုင်ရန်အတွက် ကြိုတင်ပြင်ဆင်ခြင်းဖြစ်သည်ဟု ဆိုနိုင်သည်။

လူငယ်များအနေဖြင့် နိုင်ငံ့တာဝန်ထမ်းဆောင်ကြရသည့်အချိန်တွင် သတ္တိဗျတ္တိနှင့်ပြည့်စုံသော၊ အမြော်အမြင်ရှိသော၊ မဆုတ်မနစ်သည့် ဇွဲလုံ့လရှိသောသူများဖြစ်နေရန် လိုအပ်သည်။ လူငယ်များ၌ ထိုသို့သော အရည်အသွေးများ ပြည့်ဝနေစေရန် မျိုးဆက်တစ်ခုမှ မျိုးဆက်တစ်ခုသို့ လက်ဆင့်ကမ်းသည့်နည်းတူ ကျောင်းစာသင်ခန်းတွင်သာမက လူကြီးသူမများထံမှလည်း နည်းနာခံယူနိုင်ရန် လိုအပ်ပေသည်။ လူငယ်ဟူသည် အတွေ့အကြုံနုနယ်သည်။ ရိုးသားဖြူစင်သည်။ လူကြီးသူမများသည် အတွေ့အကြုံရင့်ကျက်သည်။ နည်းပရိယာယ်ကြွယ်ဝသည်။ ၎င်းအခြေအနေနှစ်ရပ်ကို ကောင်းမွန်စွာပေါင်းစပ်ခြင်းဖြင့် တစ်စတစ်စ ရင့်ကျက်လာသောလူငယ်မှာ နည်းပရိယာယ်များကို နားလည်လာသောလူငယ်အဖြစ်သို့ ရောက်ရှိလာမည်ဖြစ်သလို လူကြီးသူမများ၌လည်း ခွန်အားသစ်များတစ်ဖန်ပေါ်ပေါက်လာနိုင်မည်ဖြစ်ပေသည်။

လူငယ်တို့အနေဖြင့် နိုင်ငံ့တာဝန်ထမ်းဆောင်နိုင်ရန် အစဉ်ရှေးရှုအပ်ပြီး နိုင်ငံအတွက် အဟန့်အတားဖြစ်စေသော ဝန်ထုပ်ဝန်ပိုးဖြစ်စေသော အကျိုးမဲ့အချည်းအနှီးဘဝများသို့ မကျရောက်ရန် ရှောင်ရှားနိုင်ရမည်ဖြစ်သည်။ မျိုးဆက်များ တစ်ခုပြီးတစ်ခု ပေါ်ပေါက်လာသလို လူငယ်များသည် ခေတ်တိုင်းတွင်ရှိနေမည်ဖြစ်ပြီး လူငယ်များကို ကောင်းမွန်စွာ၊ မှန်ကန်စွာအသုံးချနိုင်ရန်အတွက် အစဉ်အဆက် ကြိုးပမ်းခဲ့ကြသည်ကိုလည်း တွေ့နိုင်ပေသည်။

"ယနေ့လူငယ် နောင်ဝယ်လူကြီး"ဟု ဆိုစမှတ်ပြုကြသကဲ့သို့ လူငယ်တစ်ယောက်၏ ရှင်သန်မှုသည် တစ်စတစ်စရင့်ကျက်ပြည့်ဝလာကာ နိုင်ငံ့တာဝန်ကို ပခုံးပြောင်းထမ်းဆောင်နိုင်သူများအဖြစ် ရောက်ရှိလာကြမည်ဖြစ်သည်။ လူငယ်တိုင်း ကာယဉာဏလုပ်သားများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များအဖြစ် ရောက်ရှိရန်အတွက်လည်း နိုင်ငံတော်က စဉ်ဆက်မပြတ်လေ့ကျင့်ပျိုးထောင်ပေးနေသည်ကို တွေ့နိုင်သည်။

သို့ဖြစ်ပေရာ နိုင်ငံ့တာဝန်ကို ထမ်းဆောင်ရန် နိုင်ငံသားတိုင်းတွင် တာဝန်ရှိသကဲ့သို့ နိုင်ငံသားတိုင်းက ညီညာဖြိုဖြို ဝိုင်းဝန်းဆောင်ရွက်ကြရန်နှင့် ထိုသို့ဆောင်ရွက်နိုင်သည့်သူများအဖြစ် ရောက်ရှိရန် လူငယ်ဘဝကပင် ကြိုတင်လေ့ကျင့်ကာ အရည်အသွေးဖြည့်ဆည်းပေးထားရမည်ဖြစ်ပါကြောင်း တိုက်တွန်းရေးသားလိုက်ရပေသည်။

# မန္တလေးမြို့ရှိ အထင်ကရ တန်ခိုးကြီးဘုရားများသို့ ဘုရားဖူးပြည်သူများ နေ့စဉ်လာရောက်ဖူးမြော်



**မန္တလေး မေ ၂၈**

မန္တလေးမြို့ရှိ အထင်ကရ တန်ခိုးကြီးဘုရားများသို့ ဘုရားဖူးပြည်သူများ နေ့စဉ်လာရောက်ဖူးမြော်လျက်ရှိကြောင်း ဘုရားဂေါပကအဖွဲ့များထံမှ သိရသည်။

ယနေ့တွင် မန္တလေးမြို့ရှိ တန်ခိုးကြီး ဘုရားများဖြစ်သော မဟာမုနိရုပ်ရှင်တော်၊ မန္တလေးတောင်တော်နှင့် ဝေဠုဝန်ကျောက်စိမ်းစေတီတော်တို့တွင် ဘုရားဖူး ရဟန်းသံဃာတော်များနှင့်ပြည်သူ စုစုပေါင်း ၄၄၀၈၆ ဦး လာရောက်ဖူးမြော်ကြကြောင်း သိရသည်။

"ဒီနေ့မှာဆိုရင် မန္တလေးတောင်တော်ကို နယ်စုံဒေသက ဘုရားဖူးတွေ အများအပြား လာရောက်ဖူးမြော်ကြပါတယ်။ ဘုရားဖူးတွေဟာ စောင်းတန်းကကော ကားလမ်းကပါ တက်ရောက်ဖူးမြော်ကြတာကို တွေ့ရပါတယ်။ ဘုရားဖူးဦးရေတိုးလာပြီး ရင်ပြင်တော်ပေါ်မှာ စည်ကားနေပါတယ်။ ဘုရားဖူးတွေဟာ မြွေကြီးနှစ်ကောင်ဘက်ကိုလဲ သွားရောက်ကြပါတယ်။ ဘုရားဖူးတွေက တောင်ပေါ်ကနေ မန္တလေးမြို့ရဲ့ ရှုခင်းအလှအပကို ကြည့်ကြတာကိုလဲတွေ့ရပါတယ်။ အမှတ်တရပစ္စည်းရောင်းချတဲ့ဆိုင်တွေမှာလဲ ဝယ်ယူသူတွေနဲ့ စည်ကားနေပါတယ်"ဟု မန္တလေးတောင်တော်ဂေါပကအဖွဲ့ အုပ်ချုပ်ရေးမှူး ဦးစိုးကြည်က ပြောပြသည်။

မန္တလေး တောင်တော်ကို နံနက် ၆ နာရီမှ ညနေ ၆ နာရီထိ ဖွင့်လှစ်ပေးထားကြောင်း၊ ယနေ့ညနေထိ ဘုရားဖူး ၁၁၀၅ ဦး လာရောက်ဖူးမြော်ကြောင်း သိရသည်။

မဟာမုနိရုပ်ရှင်တော်သို့ ယနေ့ညနေထိ ဘုရားဖူး ၄၃၆၂၂ ဦး လာရောက် ဖူးမြော်ခဲ့ကြောင်း၊ ဘုရားကို နံနက် ၄ နာရီမှ ည ၇ နာရီထိ ဖွင့်လှစ်ထားပြီး ဘုရားဖူး ရဟန်းရှင်လူ ပြည်သူများအနေဖြင့် မုခ်လေးခုစလုံးမှ ဝင်ရောက်ဖူးမြော်နိုင်ကြောင်း မဟာမုနိရုပ်ရှင်တော်ဂေါပကအဖွဲ့ ရုံးအဖွဲ့မှူး ဦးသိန်းထွန်းက ပြောပြသည်။

ထို့အတူ ဝေဠုဝန်ကျောက်စိမ်းစေတီတော်ကို နံနက် ၆ နာရီမှ ညနေ ၆ နာရီထိ ဖွင့်လှစ်ထားပြီး ယနေ့ညနေထိ ဘုရားဖူး ၃၅၃၃ ဦး လာရောက်ဖူးမြော်ကြောင်း ဝေဠုဝန်ကျောက်စိမ်းစေတီတော်ဂေါပကအဖွဲ့ အတွင်းရေးမှူး ဦးမောင်မောင်ဦးက ပြောပြ၍ သိရသည်။

(၁၈၅)

# မန္တလေး မရမ်းခြံဆိပ်ကမ်းမှ မင်းကွန်းဒေသသို့ ရေယာဉ်ဖြင့် သွားရောက်လည်ပတ်သည့် ပြည်တွင်း၊ ပြည်ပခရီးသွား များပြားလာ

**မန္တလေး မေ ၂၈**

မန္တလေး မရမ်းခြံဆိပ်ကမ်းမှ မင်းကွန်းဒေသသို့ ရေယာဉ်ဖြင့် သွားရောက်လည်ပတ်သည့် ပြည်တွင်း၊ ပြည်ပခရီးသွား များပြားလာကြောင်း မန္တလေးတိုင်းဒေသကြီး ပုဂ္ဂလိကရေယာဉ်များ စည်းကမ်းထိန်းသိမ်းရေးကော်မတီ ဥက္ကဋ္ဌ ဦးဝင်းမောင်က ပြောပြ၍ သိရသည်။

မင်းကွန်းဒေသ၌ ရှေးဟောင်းဘုရားစေတီပုထိုးများအပါအဝင် မင်းကွန်းခေါင်းလောင်းကြီး၊မြသိန်းတန်စေတီ၊ပုထိုးတော်ကြီး စသည့် ရှေးဟောင်းသမိုင်းဝင်နေရာအများအပြားရှိသဖြင့် ပြည်တွင်း၊ ပြည်ပခရီးသွားများ သွားရောက်လည်ပတ်မှု များပြားကြောင်း သိရသည်။

"မေလ ပထမပတ်က မရမ်းခြံဆိပ်ကမ်းကနေ မင်းကွန်းဘက်ကို ပြည်တွင်း၊ ပြည်ပ ခရီးသွားတွေ သွားရောက်လည်ပတ်မှုကတော့ အနည်းအကျဉ်းပဲရှိတယ်။ အခုအခါ မရမ်းခြံဆိပ်ကမ်းကနေ မင်းကွန်းဘက်ကိုသွားရောက်လည်ပတ်တဲ့ ပြည်တွင်း၊ ပြည်ပခရီးသွားက မေလ နောက်ဆုံးပတ်ကစပြီးတော့ တဖြည်းဖြည်းပြန်များလာပါတယ်။ အခု မရမ်းခြံဆိပ်ကမ်းကနေ မင်းကွန်းဒေသကို သွားရောက်လည်ပတ်တဲ့ နိုင်ငံခြားသားအများစုက တောင်ကိုရီးယား၊ တရုတ်၊ ဖိလစ်ပိုင်နိုင်ငံတို့က ခရီးသည်တွေများတယ်"ဟု ဦးဝင်းမောင်က ပြောပြသည်။

မရမ်းခြံဆိပ်ကမ်းမှ မင်းကွန်းဒေသသို့ ရေယာဉ်ဖြင့် သွားရောက်လည်ပတ်သည့် ပြည်တွင်း၊ ပြည်ပခရီးသွားဦးရေမှာ မေလ ပထမပတ်ကတစ်ရက်လျှင် ဦးရေ ၅၀ ကျော်သာရှိကြောင်း၊ မေလ နောက်ဆုံးပတ်မှစ၍ ရေယာဉ်ဖြင့် သွားရောက်လည်ပတ်သည့် ပြည်တွင်း၊ ပြည်ပခရီးသွားဦးရေမှာ တစ်ရက်လျှင် ဦးရေ ၁၂၀ ကျော်ထိရှိလာကြောင်း သိရသည်။ (၁၈၄)

# ပြည်တွင်းရွှေဈေးကွက်၌ အရောင်းအဝယ် ဆက်လက်အေးနေ

**မန္တလေး မေ ၂၈**

ယခုတစ်ပတ်အတွင်း ပြည်တွင်းရွှေဈေးကွက်၌ အရောင်းအဝယ် ဆက်လက်အေးနေဆဲဖြစ်ကြောင်း မန္တလေး ဈေးကွက်အတွင်းမှ သိရသည်။

ကမ္ဘာ့ရွှေဈေးကွက်တွင်လည်း တစ်အောင်စလျှင် အမေရိကန်ဒေါ်လာ ၁၉၇၇ ဒေါ်လာဖြင့် ဈေးတန်းဖွင့်ခဲ့ပြီး ၁၉၇၄ ဒေါ်လာထိ အမြင့်ဆုံးတက်ခဲ့ကြောင်း၊ ထို့နောက် တစ်အောင်စလျှင် အမေရိကန်ဒေါ်လာ ၁၉၄၀ ထိ အနိမ့်ဆုံးကျဆင်း၍ ၁၉၄၆ ဒေါ်လာဖြင့် ဈေးတန်းပိတ်ခဲ့ကြောင်း သိရသည်။

"ကမ္ဘာ့ရွှေဈေး ကျဆင်းနေပေမဲ့ ပြည်တွင်းရွှေဈေးက ကျဆင်းလာခြင်းမရှိပါဘူး။ အခုရက်ပိုင်းထဲ အရောင်းအဝယ်တွေ တော်တော်အေးသွားတယ်"ဟု မန္တလေးမြို့မှ ရွှေကုန်သည် ဦးရဲမင်းက ပြောပြသည်။

မေ ၂၀ ရက်တွင် ကမ္ဘာ့ရွှေဈေး တစ်အောင်စလျှင် အမေရိကန်ဒေါ်လာ ၁၉၇၇ ဒေါ်လာ၊ ပြည်တွင်းအခေါက်ရွှေ ၁၆ ပဲရည် တစ်ကျပ်သားလျှင် ငွေကျပ် ၂၈၇၆၀၀၀၊ ၁၅ ပဲရည် တစ်ကျပ်သားလျှင် ငွေကျပ် ၂၈၁၀၀၀၀၊ ငွေလဲလှယ်နှုန်းမှာ အမေရိကန်ဒေါ်လာ တစ်ဒေါ်လာလျှင် ငွေကျပ် ၂၁၀၀ ရှိကြောင်း သိရသည်။

မေ ၂၇ ရက်တွင် ကမ္ဘာ့ရွှေဈေး တစ်အောင်စလျှင် အမေရိကန်ဒေါ်လာ ၁၉၅၆ ဒေါ်လာ၊ ပြည်တွင်းအခေါက်ရွှေ ၁၆ ပဲရည် တစ်ကျပ်သားလျှင်ငွေကျပ် ၂၈၇၀၀၀၀၊ ၁၅ ပဲရည် တစ်ကျပ်သားလျှင် ငွေကျပ် ၂၈၂၀၀၀၀၊ ငွေလဲလှယ်နှုန်းမှာ အမေရိကန်ဒေါ်လာ တစ်ဒေါ်လာလျှင် ငွေကျပ် ၂၁၀၀ ရှိကြောင်း သိရသည်။

ယနေ့တွင် ကမ္ဘာ့ရွှေဈေး တစ်အောင်စလျှင် အမေရိကန်ဒေါ်လာ ၁၉၅၆ ဒေါ်လာ၊ ပြည်တွင်း အခေါက်ရွှေ ၁၆ ပဲရည် တစ်ကျပ်သားလျှင် ငွေကျပ် ၂၈၉၀၀၀၀၊ ၁၅ ပဲရည်တစ်ကျပ်သားလျှင် ငွေကျပ် ၂၈၂၈၀၀၀၊ ငွေလဲလှယ်နှုန်းမှာ အမေရိကန်ဒေါ်လာ တစ်ဒေါ်လာလျှင် ငွေကျပ် ၂၁၀၀ ရှိကြောင်း သိရသည်။

(၁၇၃)

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၊၀၉-၄၅၈၈၉၁၃၀၀၊ကြော်ငြာ-၈၄လမ်းနှင့်၂၉-၃၀လမ်းကြား-၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com ၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ၈၀ရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# သာစည်မြို့နယ် သမင်ဇာကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ သတ္တမအကြိမ်ထုတ်ချေး

**သာစည် မေ ၂၈**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် သာစည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ငှက်မင်းကုန်းအုပ်စု သမင်ဇာကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ သတ္တမအကြိမ်ထုတ်ချေးခြင်းကို မေ ၂၇ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာဘုန်းတော်ကြီးကျောင်း၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ သာစည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မြသက်ဝင်းက ကျေးလက်နေပြည်သူများ၏ အလုပ်အကိုင်အခွင့်အလမ်းနှင့် မိသားစုဝင်ငွေတိုးပွားရေး လုပ်ငန်းများ လုပ်ကိုင်နိုင်စေရန် မြစိမ်းရောင်ကျေးရွာစီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း၊ အဆိုပါစီမံကိန်းရန်ပုံငွေများ လေလွင့်ဆုံးရှုံးမှုမရှိစေရေးစီမံကိန်းအသင်းသား၊ အသင်းသူများ၊ ကျေးရွာကော်မတီဝင်များ အနေဖြင့် အလေးထားဆောင်ရွက်ကြစေလိုကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြို့နယ်ဦးစီးမှူး ဒေါ်မြသက်ဝင်း၊ စီမံကိန်းတာဝန်ခံနှင့် ဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၄၄၇ သိန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက သမင်ဇာကုန်းကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၆၄ ဦး၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၁၂ ဦးနှင့် အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ကိုးဦး စုစုပေါင်းအသင်းသား၊ အသင်းသူ ၈၅ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၄၄၇ သိန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**အေးသူ**



မန္တလေး ချမ်းမြသာစည်မြို့နယ် ကန်တော်ကြီးကန်ပတ်လမ်းရှိ ဓိဝိတဒါနသံဃာ့ဆေးရုံကြီးတွင် အလှူရှင် မန္တလေးမြို့နေ ဦးဇော ဌေးမြင့်-ဒေါ်မိုးမိုးဝေ အောင်မြင်သူကုမ္ပဏီလီမိတက်မိသားစုက ဆွမ်းပဒေသာပင်အတွက် ငွေကျပ် ၃၀၀၀၀၀ လှူဒါန်းရာ စီမံဥက္ကဋ္ဌ မဟာသဒ္ဓမ္မဇောတိကဓဇ ဂရိုဟ်ဦးမြဝင်း၊ ဆွမ်းကွမ်းဝေယျာဝစ္စဆပ်ကော်မတီအတွင်းရေးမှူး ဦးဝဏ္ဏနှင့် တာဝန်ရှိသူတို့က လက်ခံရယူစဉ်။

# ဝါးခယ်မမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မိုးစပါး ၂၁၃၂၁၆ ဧက စိုက်ပျိုးမည်



ယခင်နှစ် မိုးစပါးစိုက်ခင်းကို တွေ့ရစဉ်။

**မြောင်းမြ မေ ၂၈**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် ဝါးခယ်မမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မိုးစပါး ၂၁၃၂၁၆ ဧက စိုက်ပျိုးသွားမည်ဖြစ်ကြောင်း မြောင်းမြခရိုင်စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးကျော်မိုးဝင်းက ပြောပြ၍ သိရသည်။

ဝါးခယ်မမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မိုးစပါး ၂၁၃၂၁၆ ဧကကို ဇူလိုင်လပထမပတ်တွင် စတင်စိုက်ပျိုးသွားမည်ဖြစ်ကြောင်း၊ မိုးစပါးဧကအားလုံး လျာထားချက်ပြည့်မီအောင် စိုက်ပျိုးနိုင်ရန် ဒေသခံတောင်သူများ၊ စိုက်ပျိုးရေးဦးစီးဌာန၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ စက်မှုလယ်ယာဦးစီးဌာန၊ ဆည်မြောင်းဦးစီးဌာနတို့ ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

"ဝါးခယ်မမြို့နယ်မှာ ဒီနှစ် မိုးစပါးစိုက်ပျိုးဖို့အတွက် စပါးစတင်မစိုက်ခင်အချိန်ကတည်းက စိုက်ပျိုးရေးနည်းပညာတွေကို ကြိုတင်ဆောင်ရွက်ပေးနေပါတယ်။ ဒါ့ပြင် တောင်သူတွေ စိုက်ပျိုးတဲ့မိုးစပါးတွေ အထွက်နှုန်းကောင်းမွန်ဖို့ လိုအပ်တဲ့ ဓာတ်မြေဩဇာတွေကိုလဲ ပံ့ပိုးပေးဖို့ သက်ဆိုင်ရာအဖွဲ့အစည်းတွေနဲ့ ချိတ်ဆက်စီစဉ်နေပါတယ်။ ဓာတ်မြေဩဇာတွေကိုလဲ စိုက်ပျိုးရေးနည်းလမ်းတွေအတိုင်း အသုံးပြုနိုင်ဖို့ နည်းပညာပေးလုပ်ငန်းတွေကို ကွင်းဆင်းလုပ်ဆောင်ပေးနေပါတယ်။ အထွက်နှုန်းနဲ့ စပါးအရည်အသွေးပြည့်မီဖို့ အတွက်ကိုလဲ ဆောင်ရွက်ပေးလျက်ရှိပါတယ်"ဟု မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးကျော်မိုးဝင်းက ပြောပြသည်။

ဝါးခယ်မမြို့နယ်တွင် ယခုနှစ် မိုးစပါး ၂၁၃၂၁၆ ဧကကိုဆင်းသုခ၊ သီးထပ်ရင်၊ ရက် ၉၀၊ GW-11၊ GW-1 စသည့် စပါးမျိုးများကို အများဆုံး စိုက်ပျိုးသွားမည်ဖြစ်ကြောင်း၊ အဆိုပါစပါးမျိုးများမှာ ဒေသရေမြေရာသီဥတုနှင့် ကိုက်ညီသည့်အတွက် အဓိကထား စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

"ဒီနှစ် အထွက်နှုန်းကောင်းတဲ့ စပါးမျိုးတွေကို ရွေးချယ်စိုက်ပျိုးသွားမှာဖြစ်ပါတယ်။ မြေဩဇာနဲ့ အခြားစိုက်ပျိုးရေးနည်းပညာတွေကို အသုံးပြုနိုင်ဖို့အတွက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက လိုအပ်တာတွေပံ့ပိုးပေးတယ်။ ဒီနှစ်မိုးစပါးစိုက်ရာသီမှာ ရာသီဥတုကလဲ ကောင်းမွန်လို့ အခက်အခဲမရှိ စိုက်ပျိုးနိုင်မှာပါ"ဟု ဝါးခယ်မမြို့နယ်မှ တောင်သူ ဦးလှဌေးက ပြောပြ၍ သိရသည်။

**ကျော်ကျော်လင်း**

# ရေဖြူမြို့နယ် ဥသရံကျေးရွာ၌ စိမ့်စမ်းရေသွယ်ယူနိုင်ရေး ကွင်းဆင်းစစ်ဆေး

**ရေဖြူ မေ ၂၈**

တနင်္သာရီတိုင်းဒေသကြီး ထားဝယ်ခရိုင် ရေဖြူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ကျေးလက်နေပြည်သူများ သောက်သုံးရေဖူလုံစွာ ရရှိစေရန် ရည်ရွယ်၍ ဥသရံကျေးရွာ၌ စိမ့်စမ်းရေသွယ်ယူခြင်းလုပ်ငန်း ဆောင်ရွက်နိုင်ရေး မြေပြင်အခြေအနေများကို မေ ၂၇ ရက်နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထို့သို့ ကွင်းဆင်းစစ်ဆေးရာတွင် ရေဖြူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခေတ္တမြို့နယ်ဦးစီးမှူး ဒေါ်တင်တင်လင်းနှင့် တာဝန်ခံအင်ဂျင်နီယာဝန်ထမ်းများက ကျေးရွာရေရရှိရေး ကော်မတီဝင်များနှင့်အတူ ဥသရံကျေးရွာ၌ အရှည်ပေ ၁၂၆၀၀ ရေပိုက်လိုင်းသွယ်တန်းခြင်း၊ အလျား ၂၅ ပေ၊ အနံ သုံးပေ၊ အမြင့် ငါးပေရှိ ရေတားတမံတည်ဆောက်ခြင်းနှင့် အလျား ၁၅ ပေ၊ အနံ ၁၀ ပေ၊ အမြင့် ခြောက်ပေရှိ ရေစုကန်တည်ဆောက်ခြင်း လုပ်ငန်းများ ဆောင်ရွက်နိုင်ရေး ကျေးရွာရှိ ရပ်မိရပ်ဖများ၊ တာဝန်ရှိသူများနှင့်တွေ့ဆုံကာ လက်ရှိ ရေသုံးစွဲမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခေတ္တမြို့နယ်ဦးစီးမှူး ဒေါ်တင်တင်လင်းက စိမ့်စမ်းရေသွယ်ယူခြင်းလုပ်ငန်း ဆောင်ရွက်နိုင်ရေးလုပ်ငန်းများနှင့်ပတ်သက်၍ ဆွေးနွေးမှာကြားသည်။

ရေဖြူမြို့နယ် ဥသရံကျေးရွာ၌ စိမ့်စမ်းရေသွယ်ယူခြင်းလုပ်ငန်းများကို ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခွင့်ပြုရန်ပုံငွေကျပ် ၅၁ သန်းဖြင့် တင်ဒါအောင်မြင်သည့်ကုမ္ပဏီက ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ယခုအခါအဆိုပါလုပ်ငန်းများ ဆောင်ရွက်နိုင်ရေး တင်ဒါလုပ်ငန်းစဉ်များ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ကိုဖြည်း**

# မိုးမိတ်မြို့နယ် ပသင်ကျေးရွာ၌ ကျေးလက်ကုန်ထုတ်လမ်းဖောက်လုပ်နိုင်ရေး စစ်ဆေး

**မိုးမိတ် မေ ၂၈**


ရှမ်းပြည်နယ်(မြောက်ပိုင်း) မိုးမိတ်ခရိုင် မိုးမိတ်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ၏ လယ်ယာထွက်ကုန်များ ဈေးကွက်သို့ အချိန်မီရောက်ရှိစေရန် ရည်ရွယ်၍ ပသင်ကျေးရွာ၌ ကျေးလက်ကုန်ထုတ်လမ်းဖောက်လုပ်နိုင်ရေး မြေပြင်အခြေအနေများကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မိုးမိတ်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး(နည်းပညာ) ဦးစိုင်းတင်ထွန်းဦးနှင့် တာဝန်ခံအင်ဂျင်နီယာဝန်ထမ်းများက ကျေးရွာကုန်ထုတ်လမ်းကော်မတီဝင်များနှင့်အတူ ပသင်ကျေးရွာ၌ ကုန်ထုတ်လမ်းဖောက်လုပ်နိုင်ရေး လက်ရှိ ကုန်ထုတ်လမ်း အသုံးပြုမှုအခြေအနေနှင့် မြေနေရာရရှိနိုင်မှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး လက်ထောက်ညွှန်ကြားရေးမှူး(နည်းပညာ) ဦးစိုင်းတင်ထွန်းဦးက ကုန်ထုတ်လမ်းဖောက်လုပ်နိုင်ရေး လုပ်ငန်းများနှင့်ပတ်သက်၍ ဆွေးနွေးမှာကြားသည်။

မိုးမိတ်မြို့နယ် ပသင်ကျေးရွာ၌ ကုန်ထုတ်လမ်းအရှည် ၄ ဒသမ ၇ ဖာလုံဖောက်လုပ်ခြင်းနှင့် Box Culvert တံတားနှစ်စင်း တည်ဆောက်ခြင်းလုပ်ငန်းများကို ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခွင့်ပြုရန်ပုံငွေကျပ် ၄၃ ဒသမ ၃၁၂ သန်းဖြင့် တင်ဒါအောင်မြင်သည့်ကုမ္ပဏီက အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ယခုအခါ အဆိုပါလုပ်ငန်းများ စတင်အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေး တင်ဒါလုပ်ငန်းစဉ်များ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အဆိုပါကုန်ထုတ်လမ်းနှင့် ဆက်စပ်လုပ်ငန်းများဆောင်ရွက်နိုင်ပါက ပသင်ကျေးရွာရှိ ကျေးလက်နေပြည်သူများ၏ စိုက်ပျိုးမြေဧက ၃၀၀ ကျော်မှထွက်ရှိသော လယ်ယာထုတ်ကုန်၊ ထွက်ကုန်များ ဈေးကွက်အတွင်းသို့ ကုန်ကျစရိတ်သက်သာစွာဖြင့် သယ်ယူပို့ဆောင်နိုင်မည်ဖြစ်ကြောင်း မိုးမိတ်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး(နည်းပညာ) ဦးစိုင်းတင်ထွန်းဦးက ပြောပြ၍ သိရသည်။

**ဖြိုးထက်အောင်(ပျော်ဘွယ်)**



# သင့်ရဲ့ရွေးချယ်ပိုင်ခွင့်

ချစ်နိုင်(စိတ်ပညာ)

**နိဒါန်း**

ဘဝခရီးမှာ မတူညီကြတဲ့အခြေအနေ၊ အကြောင်းအရာအမျိုးအစားနှစ်မျိုးရှိတာကို စာဖတ်သူလည်း ယေဘုယျတော့ သိရှိပြီးသားဖြစ်မှာပါ။ သိသလိုလိုနဲ့ သတိကောင်းကောင်းမထားမိတာလည်း ရှိကောင်းရှိမှာပါ။ တိတိကျကျ ထိထိမိမိ သိမြင်ဆင်ခြင်အပ်တဲ့ အချက်တွေမို့ ဘဝမှာ မှန်မှန်ကန်ကန်ရွေးချယ်ဆုံးဖြတ်နိုင်အောင် ဆွေးနွေးဖော်ပြပါရစေ။ ဒီနှစ်မျိုးဟာ သချ်ာသဘောကိန်းသေနဲ့ ကိန်းရှင်လိုပဲ ကွဲပြားကြပါတယ်။

မိမိထိန်းချုပ်ဖန်တီးလို့မရတာမျိုးနဲ့ မိမိကိုယ်တိုင်ပဲ အဓိကတာဝန်အရှိဆုံး ရွေးချယ်ဆုံးဖြတ်ရမယ့် အရာမျိုးဆိုတာ သဲသဲကွဲကွဲ အခြေခံကျကျမရောမထွေးဘဲ စဉ်းစားတတ်ရမှာလေ။ ဂျီဩမေတြီမှာ ပေးထားချက်က ပေးထားချက်၊ ပြုလုပ်ချက်က ပြုလုပ်ချက်။ သူ့အပိုင်းနဲ့သူ၊ မတူညီတဲ့အပိုင်းနှစ်ခုကို တွေ့ခဲ့ကြတယ်နော်။ ဒီသဘောနဲ့ဆင်တူတယ်။

**ရွေးခွင့်၊ မရွေးခွင့်**

စာဖတ်သူကော စာရေးသူပါ ကိုယ်ပိုင်ဆန္ဒအရ ရွေးချယ်ပိုင်ခွင့်မရှိတဲ့အရာတွေ ရှိနေပါတယ်။ မိမိ မပြောင်းလဲနိုင်တဲ့ မူလပေးထားချက်တွေလေ။ အကုန်အစင်ရေးမပြတော့ဘူး။ နမူနာအနည်းငယ်ဖော်ပြရင် သဘောပေါက်လောက်ပါတယ်။

၁။ မိမိရွေးချယ်ပိုင်ခွင့်မရှိတဲ့အရာများ-

(က) မျိုးရိုးဇာတိ
(ခ) မိခင်နဲ့ဖခင်
(ဂ) မွေးဖွားရာဒေသ
(ဃ) ဆံပင်အရောင်
(င) မျက်လုံးအရောင်
(စ) အရပ်အမောင်း
(ဆ) အသားအရေ(အချို့လည်း ပြောင်းလို့ရကောင်းရမယ်)
(ဇ) ရုပ်ဆင်းအင်္ဂါလက္ခဏာ စတာတွေပါ။
(ဈ) ငလျင်၊ သဘာဝဘေး
(ည) ကပ်ရောဂါဆိုး

၂။ မိမိကိုယ်တိုင်ရွေးချယ်နိုင်တဲ့အရာများ

ဘဝမှာ စာဖတ်သူကော စာရေးသူပါ ရွေးချယ်ပိုင်ခွင့်ရှိတဲ့အရာတွေလည်း အများကြီးရှိပါတယ်။ အကျဉ်းမျှပြောရင် အကျယ်မြင်နိုင်တာက ဘဝတစ်ခုလုံးပင် မိမိကိုယ်တိုင်ရွေးချယ်၊ ဆုံးဖြတ်၊ ဖန်တီးတာပါလားလို့ ထိုးထွင်းသိမြင်သဘောပေါက်နားလည်စေချင်ပါတယ်။

ဆင်းရဲသားမိဘရဲ့သားသမီးလည်း သူဌေးဖြစ်နိုင်တယ်။

လူကြီးလူကောင်းမျိုးရိုးကနေလည်း တေလေကြမ်းပိုး၊ သူခိုးဓားပြဖြစ်နိုင်တယ်။

အကျင့်စရိုက်မကောင်းတဲ့ ရပ်ကွက်ထဲမှာလည်း သူတော်စင်၊ သူတော်ကောင်း ထွက်ပေါ်နိုင်တယ်။ အရာရာကို ထူးခြားဆန်းကြယ်အောင်ပြောင်းလဲနိုင်တဲ့ ရွေးချယ်ဆုံးဖြတ်လုပ်ဆောင်မှုတွေ ကျွန်တော်တို့ပိုင်ဆိုင်တဲ့ စိတ်တန်ခိုးအတွင်းမှာရှိနေကြပါတယ်။

ကျွန်တော်တို့ကိုယ်တိုင်ရဲ့ ကိုယ်ပိုင်ဆင်ခြင်သုံးသပ်ချက်၊ ဝေဖန်ဆုံးဖြတ်ချက်အရ ကိုယ်ပိုင်ရွေးချယ်တာပဲ။ ဒါတွေဟာ ကိုယ့်မှာပဲ (ကောင်းကောင်း၊ ဆိုးဆိုး) အပြည့်အဝတာဝန်ရှိတယ်နော်။ ဘယ်သူ့အပေါ်မှ လွှဲမချလေနဲ့။ နမူနာဖော်ပြရပါလျှင်-

(က) မိမိကိုယ်ကို တန်ဖိုးထားတတ်မှု
(ခ) မိမိကိုယ်ကို ရှိသေလေးစားမှု
(ဂ) မိမိကိုယ်ကို စည်းစနစ်တကျရှိနေစေမှု
(ဃ) မိမိရဲ့ဆန္ဒ၊ မျှော်မှန်းချက်၊ ပန်းတိုင်
(င) မိမိရဲ့သတ္တိ( လုပ်ရဲကိုင်ရဲ ရဲရင့်မှု)
(စ) ဘဝလမ်းကြောင်းမှတ်တိုင်များ
(ဆ) မိမိရဲ့လုံ့လဝီရိယ
(ဇ) မိမိရဲ့ဉာဏ်
(ဈ) အပေါင်းအသင်း၊ သူငယ်ချင်း၊ မိတ်ဆွေများ
(ည) ဆည်းပူးလေ့လာ အသက်မွေးပညာ
(ဋ) အသက်မွေးဝမ်းကျောင်း အလုပ်အကိုင်
(ဌ) နေထိုင်မယ့်မြို့၊ ရပ်ကွက်၊ အိမ်၊ ကျောင်း၊ ရိပ်သာ၊ စခန်း စသည်

အရိပ်ပြရင် အကောင်ထင်တယ်။ တစ်ထွာပြရင် တစ်လံမြင်တယ်။ အသွေးမြင် အသွင်သိ။ အငွေ့မြင် အပင်သိ။ သဘောပေါက်သိမြင်ကြမှာပါ။ မိမိကိုယ်တိုင် ရွေးချယ်ပိုင်ခွင့်ရှိတဲ့အချက်တွေအနက် **“မိမိကိုယ်ကို တန်ဖိုးထားတတ်မှု”** တစ်ချက်ကိုပဲ ဒီနေရာမှာ ဆွေးနွေးလိုပါတယ်။

မိမိကိုယ်ကိုတန်ဖိုးထားတတ်ရမယ်။

ဘယ်လိုတန်ဖိုးထားတတ်ရမှာလဲ။

ကိုယ့်ဘဝကိုတန်ဖိုးထားရင် ဒီနှစ်ချက်ဟာ မိမိရဲ့ ညာလက်နဲ့ ဘယ်လက်ပမာ၊ ဘယ်ခြေထောက်နဲ့ ညာခြေထောက်သဖွယ်၊ နှစ်ခုကို ပြုမူလှုပ်ရှားရသလို ဘဝတိုးတက်မှုအတွက် အသုံးချရမယ်။

> ❖ ဆင်းရဲသားမိဘရဲ့သားသမီးလည်း သူဌေးဖြစ်နိုင်တယ်။ လူကြီးလူကောင်းမျိုးရိုးကနေလည်း တေလေကြမ်းပိုး၊ သူခိုးဓားပြဖြစ်နိုင်တယ်။ အကျင့်စရိုက်မကောင်းတဲ့ရပ်ကွက်ထဲမှာလည်း သူတော်စင်၊ သူတော်ကောင်း ထွက်ပေါ်နိုင်တယ်။ အရာရာကို ထူးခြားဆန်းကြယ်အောင် ပြောင်းလဲနိုင်တဲ့ ရွေးချယ်ဆုံးဖြတ်လုပ်ဆောင်မှုတွေ ကျွန်တော်တို့ ပိုင်ဆိုင်တဲ့ စိတ်တန်ခိုးအတွင်းမှာရှိနေကြပါတယ်။ ကျွန်တော်တို့ကိုယ်တိုင်ရဲ့ ကိုယ်ပိုင်ဆင်ခြင်သုံးသပ်ချက်၊ ဝေဖန်ဆုံးဖြတ်ချက်အရ ကိုယ်ပိုင်ရွေးချယ်တာပဲ။ ဒါတွေဟာ ကိုယ့်မှာပဲ (ကောင်းကောင်း၊ ဆိုးဆိုး) အပြည့်အဝတာဝန်ရှိတယ်နော်။ ဘယ်သူ့အပေါ်မှ လွှဲမချလေနဲ့။ ❖

အတွေးဟာ အရေးကြီးလှပါတယ်။ စဉ်းစားသုံးသပ်ပုံ မှန်ရမယ်။ ရွေးချယ်ဆုံးဖြတ်ပုံဟာ ဘဝလမ်းကြောင်းဖြစ်တည်မှုတွေဖြစ်စေတယ်။ Foe=ရန်သူ၊ Fiend=ဒုက္ခပေးသူလား၊ Friend=သူငယ်ချင်းမိတ်ဆွေလား။

ကိုယ့်ဘဝကို ကိုယ်သာဖန်တီးရခြင်းဖြစ်တယ်။ ဘယ်ဘုရား၊ ဖန်ဆင်းရှင်၊ နတ်ဒေဝတာတွေကမှ စီမံခြယ်လှယ်မှုမပြုနိုင်ဘူး။ ကိုယ်ပြုတဲ့ကံကသာ ပဲ့တင်သံပမာ ကိုယ့်ထံပြန်လာစမြဲဖြစ်တယ်။ ကောင်းမှုတွေပြုပါက ကောင်းကျိုးတွေဟာ အနေးနဲ့အမြန်ရလာတာပဲ။ မကောင်းမှုအကုသိုလ်ဒုစရိုက်တွေကို ကျူးလွန်ခဲ့ရင် ဘယ်သူကမှ မကယ်တင်နိုင်ဘူး။ ကိုယ့်လမ်းကိုယ်လျှောက်ပြီး ကိုယ့်ဒုက္ခဝဋ်ကြွေးကို ပြန်လည်ပေးဆပ်ရပေမှာပဲ။ ကံ ကံရဲ့အကျိုးနိယာမဆက်နွှယ်မှုသဘောကို ဗုဒ္ဓဘာသာဝင်တွေ၊ ပဋိစ္စသမုပ္ပာဒ်၊ ပဋ္ဌာန်းတရား၊ အဘိဓမ္မာတရား၊ ၂၄ ပစ္စည်းတို့ရဲ့ အကြောင်းအကျိုးဆက်စပ်ပုံတွေကို လေ့လာနားလည်ထားရင် သဘောပေါက်လွယ်မယ်။

**ကံအဟုန်**

ကောင်းကျိုးရတာဟာလည်း ရှေးကပြုခဲ့ဖူးတဲ့ ကုသိုလ်အကြောင်းခံရှိလို့သာပဲ။

ဆိုးကျိုးခံရတာဟာလည်း သူတစ်ပါးက ပေးလို့ရလာတဲ့ဒုက္ခမဟုတ်။ ဘယ်သူမပြုမိမိမှုဆိုတာကို ဉာဏ်နဲ့ဆင်ခြင်ရင် (ဘယ်သူ့ကိုမှ အပြစ်တင်ရန်လုပ်နေစရာမဟုတ်) သဲသဲကွဲကွဲမြင်နိုင်မှာပါပဲ။

ဘဝခရီး အတက်အဆင်း၊ အချိုးအကွေ့တွေ အမျိုးမျိုးမှာရင်ဆိုင်ရင်း တွေ့လာရမယ့်လမ်းဆုံတွေက အများသား။

အရွယ်ရောက်ပြီးသား စာဖတ်သူတွေအဖို့ကတော့

**ဘဝတန်ဖိုး**

**၁။ ကိုယ်ကျင့်သီလ၊ စာရိတ္တ။**

**၂။ အတွေ့အကြုံ၊ အမြော်အမြင်၊ အသိပညာ။**

ဆရာတော်၊ သံဃာတော်တွေကတော့ သိက္ခာ သုံးပါးဟောကြားတာပေါ့။ သီလသိက္ခာ၊ သမာဓိသိက္ခာနဲ့ ပညာသိက္ခာ။ ဒါကတော့ ဘာသာရေးအဆုံးအမ။

သာမန်လူတိုင်းအတွက်ကတော့ အကျင့်သီလကောင်းရမယ်။ သီလဂုဏ်၊ လောကအမြင် ဉာဏ်ပညာရှိရမယ်၊ ပညာဂုဏ်။ ဒီနှစ်ဖက်တော့ပြည့်စုံမှ တန်ဖိုးရှိတဲ့လူတစ်ယောက်ဖြစ်နိုင်မယ်မဟုတ်လား။ အကျင့်ကောင်းဖို့၊ ပညာပြည့်ဝဖို့ မိမိဘဝကို သတိထားပြီး အမြဲတစေ လေ့ကျင့်ပျိုးထောင်နေရမှာမဟုတ်လား။ ဆောင်ရန်အချက်တွေ ဆောင်ရမယ်။ ကုသိုလ်ကမ္မပထတရား ၁၀ ပါးလိုဟာတွေ၊ ရှောင်ကြဉ်ရမယ့်အကုသိုလ် ဒုစရိုက်တရားတွေကို မိမိဖြတ်သန်းနေရတဲ့ အချိန်ကာလတိုင်းမှာ သတိပြုပြီးရှောင်ကြဉ်နေရမယ်။ ဥပမာ ထင်ရှားအောင်ဖော်ပြရရင်-

၁။ သူတစ်ပါးအသက်ကို မသတ်ခြင်း၊ လူများကို ကိုယ်ချင်းစာနာစိတ်၊ မေတ္တာစိတ်၊ လေးစားခင်မင်စိတ်နဲ့ ဆက်ဆံခြင်း၊

၂။ သူတစ်ပါးရဲ့ပစ္စည်းဥစ္စာကို လိုချင်တပ်မက်ခြင်း၊ ခိုးယူခြင်း၊ လုယက်ခြင်း၊ အနိုင်အထက်တောင်းခြင်း၊ လှည့်စားလိမ်ညာယူခြင်း စတာတွေနဲ့ရယူမှုကို မပြုလုပ်ခြင်း၊

၃။ ယစ်မူးတွေဝေ မေ့လျော့စေတတ်တဲ့အရက်၊ မူးယစ်ဆေးဝါး၊ စိတ်ကြွဆေး စတဲ့အရာတွေကို လုံးဝရှောင်ရှားခြင်း၊

၄။ သူတစ်ပါးသားသမီး၊ သားမယားကို မပြစ်မှားခြင်း၊

၅။ လိမ်ညာမုသားစကား၊ ကြမ်းတမ်းသော၊ မမှန်သော၊ ရှိင်းစိုင်းသော၊ သိမ်ဖျင်းသေးနုပ်သော၊ ကုန်းချောကုန်းတိုက်သော၊ အကျိုးမဲ့သော သူတစ်ပါးနစ်နာထိခိုက်စေသောစကားမျိုးတို့ မပြောဆိုခြင်း၊

**ကိုယ်ကျင့်**

ဒီရှောင်ရန်အချက် (အကုသိုလ်ကံ ငါးပါး)တို့ကို စောင့်ထိန်းရှောင်ကြဉ်နိုင်တယ်ဆိုရင်ပဲ အကျင့်သီလကောင်းမွန်လှပေပြီ။ မိမိနဲ့ဆက်ဆံထိတွေ့သူတွေကို အနှောင့်အယှက်လည်း မပေးတော့ဘူး။ ဘေးအန္တရာယ်လည်းမဖြစ်စေဘူး။ ဒုက္ခရောက်အောင်၊ ပင်ပန်းဆင်းရဲအောင်လည်း မနှောင့်ယှက်မဖျက်ဆီးတော့ဘူး။

တကယ်တော့ လူဆိုတာ မြွေလိုအဆိပ်မရှိပေမယ့် မြွေကိုက်ခံရတာထက်ဆိုးအောင် နာကျင်ခံစားပြီး သေလောက်အောင် ဒုက္ခပေးတတ်တယ်။

လူဟာ နွားလိုမဝှေ့၊ ကျွဲလိုမခတ်၊ မြင်းလိုမကန်၊ ခွေးလိုမကိုက်တတ်ပေမယ့် အဲဒီသတ္တဝါတွေ ရန်ပြုတာထက် ဆိုးရွားယုတ်မာတဲ့ အကြံအစည်၊ ကောက်ကျစ်ညစ်ပတ်ယုတ်မာမှုမျိုးနဲ့ နိုင်ငံတစ်ခု၊ လူမျိုးတစ်စုကို မျိုးသုဉ်းပျက်စီးအောင် အမုန်းကြီးစွာဖျက်ဆီးချေမှုန်းတာ လည်း လုပ်နိုင်စွမ်းရှိတယ်။ တိရစ္ဆာန်အမျိုးမျိုးထက်တောင် ကြောက်စရာကောင်းတဲ့အန္တရာယ်ကောင်ပေပဲ။

မိမိဟာ အဲဒီလို ရက်စက်ကြမ်းကြုတ်ယုတ်မာ မိုက်မဲသူမဖြစ်အောင် မိမိစိတ်ကို နေ့စဉ် ကံငါးပါး အနည်းဆုံးလုံခြုံစေဖို့ စောင့်ထိန်းနေတဲ့အလေ့အကျင့်ရှိနေခဲ့ရင် စာရိတ္တသီလအကျိုးကြောင့် သမာဓိစိတ်တည်ကြည်အေးချမ်းခြင်း၊ ကြောင်းကျိုးသိမြင်လွယ်ခြင်း အကျိုးဆက်ရလဒ်ကိုလက်တွေ့ရရှိလာပေလိမ့်မယ်။

**သီလ**

ပညာဆိုတာက အသိတရားအဆင့်ဆင့်သဘောရှိတယ်။ သီလဖြူရင် ဖြူစင်သလောက်၊ သမာဓိစိတ်ထားစိတ်နေ တည်ကြည်ငြိမ်သက်ရင် တည်ငြိမ်သလောက် ဉာဏ်ပညာအဆင့်က ပိုမိုကြည်လင်သိမြင်လာတယ်။ အကျင့်တရားကြောင့် ပညာမြင့်တယ်။ သီလ၊ သမာဓိပညာဆိုတာ မိမိရဲ့နေ့စဉ်ဘဝပြုမူပြောဆိုနေထိုင်ကျင့်ကြံမှုအရ ပြောင်းလဲပြည့်စုံလာနိုင်တဲ့ သဘာဝပဲ။

**အကျင့်သီလမကောင်းဘဲ ဉာဏ်ပညာမကြီးနိုင်။**

ဉာဏ်ပညာအမြော်အမြင်ကြီးမားတဲ့ ပုဂ္ဂိုလ်တွေ၊ ခေါင်းဆောင်တွေ၊ ရှေးက မင်းကောင်းမင်းမြတ်တွေဆိုတာက မေတ္တာတရား၊ သစ္စာတရား၊ လက်တွေ့နေ့စဉ်ဘဝကျင့်သုံးမှု သီလစွမ်းအားတွေမှာ အခြေခံကြလို့သာပဲ သမိုင်းတင်လောက်တဲ့စွမ်းဆောင်ရည်တွေ ပြည့်ဝခဲ့ကြတာဖြစ်ပါတယ်။

**နိဂုံး**

မိမိကိုယ်ကို တန်ဖိုးထားတတ်မှု၊ ကိုယ်ကျင့်စာရိတ္တသီလနဲ့ သူတစ်ပါးအပေါ် ကိုယ်ချင်းစာတရားနဲ့ မေတ္တာရှေ့ရှုဆက်ဆံမှု (သင်္ဂဟတရားလေးပါးနဲ့ ချီးမြှင့်တတ်မှု) မိမိမှာရှိအောင် လေ့ကျင့်ပျိုးထောင်နေရမှာဖြစ်ပါတယ်။ ဒါဟာ ခေါင်းဆောင်ကောင်းတို့ရဲ့ ရှေးရိုးစဉ်လာ သမားရိုးကျထုံးစံကျင့်စဉ်တွေပဲဖြစ်ပါတယ်။ မိမိရွေးချယ်ထိန်းချုပ်လို့ရတဲ့အရာကို ပိုင်ပိုင်နိုင်နိုင်ထိန်းကျောင်းနိုင်သူဟာ တိုက်ပွဲပေါင်းတစ်ရာအောင်နိုင်တဲ့ စစ်ဘုရင် စစ်သူကြီးထက်တောင် ပိုပြီး ဘုန်းတန်ခိုးအာနုဘော်ကြီးမြတ်ပါသေးတယ်ဆိုတယ် မဟုတ်ပါလား။

# လမ်းလျှောက်ခြင်းဖြင့် မုန့်ချိုအိတ်ကျန်းမာစေနိုင်သည်



ပန်ကရိယလို့ခေါ်တဲ့ မုန့်ချိုအိတ်က မိမိတို့စားသောက်သမျှ အစာတွေအားလုံးကို ခန္ဓာကိုယ်ရဲ့ ကလာပ်စည်းတွေအတွက် လိုအပ်တဲ့ လောင်စာအဖြစ် ပြောင်းလဲပေးတဲ့ တာဝန်ကို ထမ်းဆောင်ပါတယ်။

သူ့မှာ လုပ်ငန်းကြီးနှစ်ခုရှိပါတယ်။ အဲဒါတွေကတော့ အစာခြေရည်ထုတ်ပေးခြင်းနဲ့ သွေးတွင်းသကြားဓာတ်ကို ထိန်းညှိပေးခြင်းတို့ပါပဲ။

ပုံမှန်လမ်းလျှောက်ပေးခြင်းက သွေးတွင်းသကြားဓာတ်ပမာဏကို ကောင်းမွန်တဲ့အခြေအနေတစ်ခုမှာပဲ ရှိနေစေဖို့ ကူညီပေးပါတယ်။

လမ်းလျှောက်တဲ့သူနဲ့ ပြေးတဲ့သူနှိုင်းယှဉ်လိုက်ရင် လမ်းလျှောက်တဲ့သူက ကျန်းမာရေးနဲ့ ညီညွတ်တဲ့ သွေးတွင်းသကြားဓာတ်ပမာဏကို ပိုင်ဆိုင်ထားပါတယ်။

ဒါကြောင့် ဆီးချိုရောဂါဖြစ်ပွားမှုကိုကာကွယ်ရာမှာ လမ်းလျှောက်ခြင်းဟာ ပြေးခြင်းထက် ပိုပြီးထိရောက်မှုရှိတယ်လို့ ဆိုတာပါ။

# လယ်ယာအောင်ပွဲ အလှူပွဲ

- လယ်မစိုက်ခင် လယ်ကွင်းဝင်၍
  လယ်ပြင်တစ်လွှား လယ်ယာများကို
  ပိုးမွှားအန္တရာယ် အသွယ်သွယ်တို့
  လယ်စာကျွေးကာ လယ်ရိုးရာအား
  ဖယ်ကာရှားရန် ဆုများပန်သည်
  ထုံးစံဒေသ ကွာခြားကြလည်း
  မြန်မာ့ဓလေ့ပြုမြဲပင်
  စိုက်ဖို့ပျိုးဖို့လုပ်ငန်းပြင်။

- ကြက်ဖိုကြက်မ အရက်စသည်
  လယ်ကစပါး အထွက်များရန်
  ကျွဲနွားနှင့်လူ ရန်မြူမှုလျှင်
  ကင်းစင်စေရ တင်ပသ၍
  ရေးကစဉ်လာ မပျက်ပါဘဲ
  လယ်ယာလုပ်ငန်းစကြပြီ
  မိုးရွာတော့မည်မကြာမီ။

- မိုးဖြိုင်ဖြိုင်ကျ နယုန်လခါ
  စရန်လယ်ကွင်း လယ်ထွန်ဆင်းကြ
  နွားရှဉ်းနှင့်ထွန် ကျွဲနှင့်ထွန်ကြ
  မိုးလွန်ထွန်ချမဖြစ်ရ
  လုံ့လထုတ်ကြဝီရိယ။

- ဩော်. . .
  မိုးမရွာလျှင် မြစ်ရေတင်၍
  ကြိုတင်ရေသွင်း လယ်ထွန်ဆင်းကြ
  လယ်ကွင်းဝေးဝေး ရေဖွေးဖွေးနှင့်
  ထွန်ရေးငင်ကြ ထွန်ရေးစပြီ
  မြန်မာ့လယ်သမား ဦးကြီးများ
  စပါးအထွက်တိုးဖို့ ရည်မှန်းထား
  ပြောစည်သံကြား ပီတိအား။ ။

**ခင်ဖုန်းကြည်(မိုင်းပွန်)**

# ပြည်တွင်းတွင် ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ဧပြီလကုန်ထိ ပုဂ္ဂလိကစက်မှုလုပ်ငန်း ၄၄၉၅၁ ခု တရားဝင်မှတ်ပုံတင်၍ လုပ်ကိုင်နေ

**နေပြည်တော် မေ ၂၈**

ပြည်တွင်းတွင် ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ဧပြီလကုန်ထိ ပုဂ္ဂလိကစက်မှုလုပ်ငန်း ၄၄၉၅၁ ခု တရားဝင်မှတ်ပုံတင်၍ လုပ်ကိုင်ဆောင်ရွက်နေကြောင်း စက်မှုဝန်ကြီးဌာန သတင်းများအရ သိရသည်။

ပြည်နယ်နှင့် တိုင်းဒေသကြီးအသီးသီးတွင် တရားဝင်လုပ်ကိုင်ဆောင်ရွက်နေသည့် ပုဂ္ဂလိကစက်မှုလုပ်ငန်းများမှာ ကချင်ပြည်နယ်တွင် ၁၉၉၄ ခု၊ ကယားပြည်နယ်တွင် ၂၆၁ ခု၊ ကရင်ပြည်နယ်တွင် ၁၁၈၁ ခု၊ ချင်းပြည်နယ်တွင် အခု ၇၃၀၊ စစ်ကိုင်းတိုင်းဒေသကြီးတွင် အခု ၄၈၆၀၊ တနင်္သာရီတိုင်းဒေသကြီးတွင် ၁၉၆၁ ခု၊ ပဲခူးတိုင်းဒေသကြီးတွင် ၃၆၆၈ ခု၊ မကွေးတိုင်းဒေသကြီးတွင် ၂၈၉၈ ခု၊ မန္တလေးတိုင်းဒေသကြီးတွင် ၆၂၆၃ ခု၊ မွန်ပြည်နယ်တွင် ၂၄၁၂ ခု၊ ရခိုင်ပြည်နယ်တွင် အခု ၁၂၃၀၊ ရန်ကုန်တိုင်းဒေသကြီးတွင် ၇၁၅၉ ခု၊ ရှမ်းပြည်နယ်တွင် ၄၄၄၈ ခု၊ ဧရာဝတီတိုင်းဒေသကြီးတွင် ၅၂၂၈ ခုနှင့် နေပြည်တော်တွင် ၆၅၈ ခု စုစုပေါင်း ၄၄၉၅၁ ခုဖြစ်ကြောင်း သိရသည်။

ဖြစ်ပေါ်တိုးတက်လာနေသည့် အခြေအနေများအရ ပြည်တွင်းတွင် ပုဂ္ဂလိကစက်မှုလုပ်ငန်းများလည်း တိုးတက်လုပ်ကိုင်ဆောင်ရွက်လာသောကြောင့် စက်မှုဝန်ကြီးဌာန စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနသည် အဆိုပါလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရေး၊ စနစ်တကျလုပ်ကိုင်ဆောင်ရွက်နိုင်ရေးနှင့် လိုအပ်သည့်အကူအညီများ ပံ့ပိုးကူညီဆောင်ရွက်ပေးနိုင်ရေးအတွက် ပြည်တွင်းရှိ ပုဂ္ဂလိကစက်မှုလုပ်ငန်းများကို မှတ်ပုံတင်ဆောင်ရွက်ပေးခဲ့ကြောင်း စက်မှုဝန်ကြီးဌာနမှ သိရသည်။

ထိုသို့ ဆောင်ရွက်ပေးခဲ့ရာတွင် ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်တွင် တရားဝင်မှတ်ပုံတင်ဆောင်ရွက်နေသည့် ပုဂ္ဂလိကစက်မှုလုပ်ငန်း ၄၃၂၁၁ ခုသာရှိခဲ့ရာမှ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ဧပြီလကုန်ထိ ပုဂ္ဂလိကစက်မှုလုပ်ငန်း ၄၄၉၅၁ ခု ရှိလာကြောင်း၊ ထို့ကြောင့် အဆိုပါကာလအတွင်းတွင် တရားဝင်မှတ်ပုံတင်ဆောင်ရွက်နေသည့် ပုဂ္ဂလိကစက်မှုလုပ်ငန်း ၁၇၄၀ ထိ တိုးတက်ဖြစ်ပေါ်လာကြောင်း သိရသည်။

SKL



# မိုးကောင်းမြို့နယ် နန့်လိုင်ကျေးရွာ၌ ကျေးလက်စီးပွားမြင့်မားရေးထူထောင်ခြင်း လုပ်ငန်းစီမံကိန်း (RBF) ရန်ပုံငွေ ဒုတိယအကြိမ်ထုတ်ချေး

**မိုးကောင်း မေ ၂၈**

ကချင်ပြည်နယ် မိုးညှင်းခရိုင် မိုးကောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက နန့်လိုင်ကျေးရွာ၌ ကျေးလက်စီးပွားမြင့်မားရေးထူထောင်ခြင်းလုပ်ငန်းစီမံကိန်း(RBF) ရန်ပုံငွေ ဒုတိယအကြိမ် ထုတ်ချေးခြင်းကို မေ ၂၇ ရက် နံနက်ပိုင်းက မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ မိုးကောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးကျော်သူဝင်းက ကျေးလက်စီးပွားမြင့်မားရေးထူထောင်ခြင်းလုပ်ငန်းစီမံကိန်း (RBF) သည် မိသားစုဝင်ငွေတိုးပွားလာစေရန်၊ အလုပ်အကိုင်အခွင့်အလမ်းများ ရရှိလာစေရန်နှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများကို အစုအဖွဲ့စနစ်ဖြင့် ဆောင်ရွက်ခြင်းဖြင့် ကျေးလက်ကုန်ထုတ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရန်ရည်ရွယ်၍ ရန်ပုံငွေများကို ထုတ်ချေးခြင်းဖြစ်ကြောင်း၊ အသင်းသားများအနေဖြင့် စီမံကိန်းလက်စွဲစာစောင်ပါ ညွှန်ကြားချက်များနှင့်အညီ ချေးငွေရယူသည့်လုပ်ငန်းများကို အမှန်တကယ်အကောင်အထည်ဖော်ဆောင်ရွက်ကြရန်နှင့် ရန်ပုံငွေ လေလွင့်မှုမရှိစေရေး ရှင်းလင်းပြောကြားပြီး ချေးငွေများထုတ်ချေးခြင်းကို ကြီးကြပ်ဆောင်ရွက်ခဲ့ကြသည်။

ဆက်လက်၍ မိုးကောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးကျော်သူဝင်းနှင့် စီမံကိန်းတာဝန်ခံတို့က ကျေးရွာရန်ပုံငွေကြီးကြပ်မှုကော်မတီဝင်များနှင့်အတူ နန့်လိုင်ကျေးရွာမှ စိုက်ပျိုးရေးလုပ်ငန်းနှင့် မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ အစုအဖွဲ့လေးစုတို့အတွက် စီမံကိန်းရန်ပုံငွေ၏ ၂၀ ရာခိုင်နှုန်းဖြစ်သော ချေးငွေကျပ်သိန်း ၆၀ ကို အသင်းသားလက်ဝယ်အရောက် ထုတ်ချေးပေးခဲ့ကြောင်း မြို့နယ်ဦးစီးမှူး ဦးကျော်သူဝင်းထံမှ သိရသည်။ **ရှမ်းဦးကို**

# မင်းဘူးမြို့နယ် ဖြူကုန်းကျေးရွာ၌ ၄၀၀ ဗို့ဓာတ်အားလိုင်းသွယ်တန်းခြင်း စစ်ဆေး

**မင်းဘူး မေ ၂၈**

မကွေးတိုင်းဒေသကြီး မင်းဘူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မြစိမ်းရောင်ကျေးရွာစီမံကိန်းအတိုးရငွေဖြင့် ဖြူကုန်းကျေးရွာ၌ ကျေးရွာတွင်း ၄၀၀ ဗို့ ဓာတ်အားလိုင်းသွယ်တန်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို မေ ၂၇ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့သည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးဝင်းမြတ်သိန်း၊ မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးအောင်ကိုကိုနှင့် စီမံကိန်းတာဝန်ခံများက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များနှင့်အတူ ကျေးရွာတွင်း ၄၀၀ ဗို့ ဓာတ်အားလိုင်းသွယ်တန်းခြင်းလုပ်ငန်းဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူး ဦးဝင်းမြတ်သိန်းက သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အချိန်မီပြီးစီးအောင် ဆောင်ရွက်ကြရန် မှာကြားခဲ့သည်။

ဖြူကုန်းကျေးရွာတွင် မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် ရန်ပုံငွေကျပ်သိန်း ၃၀၀ ဖြင့် စတင်ဆောင်ရွက်ခဲ့ပြီး လက်ရှိတွင် စီမံကိန်းအတိုးရငွေ၏ ၅၀ ရာခိုင်နှုန်းဖြစ်သည့် ငွေကျပ်သိန်း ၁၁၀ ဖြင့် ၄၀၀ ဗို့ဓာတ်အားလိုင်းသွယ်တန်းခြင်းကို မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၏ အနီးကပ်ကြီးကြပ်မှုဖြင့် ယခုနှစ် မေ ၆ ရက်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်း၏ ၉၀ ရာခိုင်နှုန်းပြီးစီးပြီဖြစ်ကြောင်း သိရသည်။ **ဝင်းမာ**

# နိုင်ငံတကာ သတင်းများ

## ရက်ဒ်ရေးဗားဆိုင်ကယ်ပြိုင်ပွဲ သေနတ်ပစ်ခတ်မှုဖြစ်ပွား နှစ်ဦးသေဆုံး၍ ခြောက်ဦးဒဏ်ရာရရှိ

**နယူးယောက် မေ ၂၈**

အမေရိကန်နိုင်ငံ နယူးမက္ကဆီကိုပြည်နယ် မြောက်ပိုင်း၌ မော်တော်ဆိုင်ကယ်ဂိုဏ်းဝင်များ တစ်ဖက်နှင့်တစ်ဖက် ပစ်ခတ်တိုက်ခိုက်မှုများ မေ ၂၇ ရက်တွင် ဖြစ်ပွားခဲ့ကြောင်း ရိုက်တာသတင်းဌာနက ဖော်ပြခဲ့သည်။

အဆိုပါသေနတ်ပစ်ခတ်မှုများသည် ရက်ဒ်ရေးဗားမြို့၌ ကျင်းပသည့် အောက်မေ့ဖွယ် အထိမ်းအမှတ် ဆိုင်ကယ်မောင်းပြိုင်ပွဲ၌ ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

ရက်ဒ်ရေးဗားမြို့လယ် လမ်းမပေါ်၌ ဖြစ်ပွားခဲ့သည့် ဆိုင်ကယ်သမားများကြား သေနတ်ပစ်ခတ်မှုအတွင်း ဆိုင်ကယ်သမား နှစ်ဦးသေဆုံး၍ ခြောက်ဦးဒဏ်ရာရခဲ့ကြောင်း ရက်ဒ်ရေးဗားမြို့ တာဝန်ရှိသူများက ပြောကြားခဲ့သည်။

လက်ရှိရေးဗားမြို့၌ နှစ်စဉ်ကျင်းပမြဲဖြစ်သော အောက်မေ့ဖွယ် အထိမ်းအမှတ် ဆိုင်ကယ်မောင်းပြိုင်ပွဲတွင် အမေရိကန်နိုင်ငံတစ်ဝန်းမှ ဆိုင်ကယ်သမား ဦးရေ ၂၈၀၀၀ ခန့် ပါဝင်ဆင်နွှဲခဲ့ကြောင်း သိရသည်။

လွန်ခဲ့သည့် ရှစ်နှစ်ကလည်း တက္ကဆက်ပြည်နယ် ဝါကိုမြို့၌ ဆိုင်ကယ်ဂိုဏ်းများကြား သေနတ်ပစ်ခတ်မှုများကြောင့် ဆိုင်ကယ်သမား ကိုးဦးသေဆုံး၍ ၁၈ ဦး ဒဏ်ရာများရခဲ့သည်။

ရက်ဒ်ရေးဗားမြို့ ဆိုင်ကယ်ဂိုဏ်းများပစ်ခတ်မှု၌ သေဆုံးခဲ့ရသူများထဲတွင် မြို့ခံဆိုင်ကယ်သမားများမပါဝင်ဟု ရက်ဒ်ရေးဗားမြို့တာဝန်ရှိသူများက ပြောကြားခဲ့ကြောင်း သိရသည်။ KKO



## တူရကီနိုင်ငံ၌ သမ္မတရွေးကောက်ပွဲ ဒုတိယအကျော့ကျင်းပ

**အင်ကာရာ မေ ၂၈**

တူရကီနိုင်ငံ၌ သမ္မတရွေးကောက်ပွဲဒုတိယအကျော့ကို ယနေ့တွင် ကျင်းပခဲ့ရာ တူရကီပြည်သူများ ပါဝင်မဲပေးခဲ့ကြကြောင်း ရိုက်တာသတင်းဌာနက ဖော်ပြခဲ့သည်။

လူထုသဘောထား စစ်တမ်းရလဒ်များအပါအဝင် လက်ရှိတူရကီသမ္မတ အာဒိုဂန်အနိုင်ရရန် အလားအလာ ကောင်းနေကြောင်း သိရသည်။

မေ ၁၄ ရက်တွင် ကျင်းပခဲ့သည့် ပထမအကျော့သမ္မတရွေးကောက်ပွဲတွင် လက်ရှိသမ္မတ အာဒိုဂန်သည် ပြိုင်ဘက်သမ္မတလောင်း ကီမဲလ်ကီလစ်ဒါရိုဂလူကိုထောက်ခံမဲရာနှုန်းအရ ငါးမှတ်ထိ ဖြတ်ထားနိုင်ခဲ့သည်။

သို့သော် ဒုတိယအကျော့ရွေးကောက်ပွဲကို ရှောင်လွှဲရေးအတွက် လိုအပ်သည့်ထောက်ခံမဲရာနှုန်း ၅၀ ရာခိုင်နှုန်းကို မရယူနိုင်ခဲ့မှုကြောင့် ဒုတိယအကျော့သမ္မတရွေးကောက်ပွဲ ကျင်းပခဲ့ရခြင်းဖြစ်သည်။

လက်ရှိအချိန်တွင် တူရကီနိုင်ငံမှာ လူနေမှုစရိတ်ကြီးမြင့်မှုပြဿနာ၊ ငွေကြေးစနစ် တန်ဖိုးကျဆင်းမှုပြဿနာများနှင့် ရင်ဆိုင်နေရသည်။

တူရကီသမ္မတ ရွေးကောက်ပွဲ ဒုတိယအကျော့ ပမာဏမဲရလဒ်များမှာ ယနေ့ညပိုင်းတွင် ပေါ်ထွက်လာနိုင်ဖွယ်ရှိကြောင်း သိရသည်။ KKO

## နယ်စပ်လုံခြုံရေးပိုမိုတင်းကျပ်ရန် နယ်ခြားစောင့်တပ်ကို သမ္မတပူတင် ညွှန်ကြား



**မော်စကို မေ ၂၈**

ရုရှားတပ်များ ထိန်းချုပ်မှုအောက်ရှိ နယ်မြေများသို့ စစ်ဘက်နှင့် အရပ်ဘက်ရွှေ့ပြောင်းမှုများ မြန်ဆန်စေရေးအတွက် နယ်စပ်လုံခြုံရေးပိုမိုတင်းကျပ်ရန် ရုရှားသမ္မတပူတင်က နယ်ခြားစောင့်တပ်များကို ယနေ့တွင် ညွှန်ကြားခဲ့ကြောင်း ရိုက်တာသတင်းဌာနက ဖော်ပြခဲ့သည်။

ရုရှားဖက်ဒရယ် လုံခြုံရေးဗျူရို၏ လက်အောက်ခံအဖွဲ့အစည်းတစ်ရပ်ဖြစ်သော နယ်စပ်လုံခြုံရေးဌာနမွေးနေ့အတွက် ပေးပို့ခဲ့သော ဂုဏ်ပြုသဝဏ်လွှာတွင် သမ္မတပူတင်က အဆိုပါအတိုင်း ညွှန်ကြားခဲ့ခြင်းဖြစ်သည်။

ရုရှား နယ်ခြားစောင့်တပ်များ၏တာဝန်သည် ယူကရိန်းတိုက်ပွဲဇုန်အနီးရှိ နယ်ခြားစည်းများကို ဖိဖိစီးစီးကာကွယ်ပေးထားရေးဖြစ်ကြောင်း သမ္မတပူတင်ကပြောကြားခဲ့သည်။

ပြီးခဲ့သည့် ရက်သတ္တပတ်များအတွင်း ရုရှားနယ်မြေများ၌ နယ်စည်းကျော် တိုက်ခိုက်မှုများ ပေါ်ပေါက်ခဲ့ပြီးနောက် နယ်စပ်လုံခြုံရေးကို ပို၍တင်းကျပ်ရန် သမ္မတပူတင်က ညွှန်ကြားခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ရုရှားဖက်ဒရေးရှင်း၏နယ်စပ်သစ်များသို့စစ်ဘက်နှင့် အရပ်ဘက်ယာဉ်များ၊ ကုန်စည်များ၊ ဆောက်လုပ်ရေးလုပ်ငန်းသုံးကုန်ကြမ်းများ အမြန် ဝင်ရောက်နိုင်ရေးအတွက် နယ်စပ်လုံခြုံရေး အရေးကြီးကြောင်း ရုရှားသမ္မတက ပြောကြားခဲ့သည်။

ရုရှားနိုင်ငံသည် ယူကရိန်းအရှေ့ပိုင်းရှိ ခါဆန်၊ ဇာပိုရစ်ဇီယာ၊ လူးဟန့်ခ်နှင့် ဒွန်းနက်ခ်နယ်မြေများကို ရုရှားအချုပ်အခြာပိုင်နယ်မြေများအဖြစ် ပြီးခဲ့သည့်နှစ်စက်တင်ဘာလတွင် ကြေညာထားကြောင်း သိရသည်။

KKO

## ယခုနှစ် ဇန်နဝါရီလနှင့် မေ ၁၈ ရက်ကြားကာလတွင် ထိုင်းနိုင်ငံသို့ တရုတ်ခရီးသည် တစ်သန်းထိ ဝင်ရောက်ခဲ့

**ဗန်ကောက် မေ ၂၈**

ယခုနှစ် ဇန်နဝါရီလနှင့် မေ ၁၈ ရက်ကြား ကာလအတွင်း တရုတ်ခရီးသွား ဧည့်သည်ပေါင်း တစ်သန်းထိ ထိုင်းနိုင်ငံသို့ ဝင်ရောက်ခဲ့ကြကြောင်း ရိုက်တာသတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

တရုတ်နိုင်ငံက နယ်စပ်များ ပြန်ဖွင့်ပေးခဲ့ပြီးနောက် ယခုနှစ် ဇန်နဝါရီနှင့် မေ ၂၈ ရက်ကြား ကာလအတွင်း ထိုင်းနိုင်ငံသို့ တရုတ်ခရီးသွား ဧည့်သည်တစ်သန်းထိ ဝင်ရောက်ခဲ့ကြောင်း ထိုင်းအစိုးရတာဝန်ရှိသူများက ပြောကြားခဲ့သည်။

ယခုနှစ်အတွင်း ထိုင်းနိုင်ငံအတွင်းသို့ တရုတ်ခရီးသွား ဧည့်သည်ငါးသန်းထိ ဝင်ရောက်လာနိုင်ပြီး အမေရိကန်ဒေါ်လာ ၁၃ ဒသမ ၁၈ ဘီလီယံထိ သုံးစွဲနိုင်မည်ဟု ထိုင်းအစိုးရကမျှော်လင့်ထားသည်။

ပြီးခဲ့သည့်နှစ်အတွင်း ထိုင်းနိုင်ငံသို့ ဝင်ရောက်ခဲ့ကြသော တရုတ်ခရီးသွား ဧည့်သည်အရေအတွက်မှာ ဦးရေ ၂၇၄၀၀၀ ခန့်သာရှိခဲ့သည်။

ကိုဗစ်-၁၉ ရောဂါ ကပ်ဘေးမတိုင်မီကာလ ၂၀၁၉ ခုနှစ်တွင်မူ ထိုင်းနိုင်ငံအတွင်းသို့ ဝင်ရောက်ခဲ့သည့် တရုတ်ခရီးသွားအရေအတွက်မှာ ၁၁သန်းထိ ရှိခဲ့သည်။

ကိုဗစ်-၁၉ ရောဂါ ကပ်ဘေးအလွန်ကာလ၌ ခရီးသွားလုပ်ငန်း ပြန်လည် ဦးမော့လာမှုကြောင့် ထိုင်းနိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးမှုနှုန်းမှာ မျှော်လင့်ထားသည်ထက် မြန်ဆန်လာခဲ့ကြောင်း သိရသည်။

KKO



## ဂရန်းဖောဆိပ်ကမ်းနှင့်တူရကီတို့ကို ချိတ်ဆက်မည့်စီမံကိန်း အီရန်နိုင်ငံစတင်



**ဘဂ္ဂဒက် မေ ၂၈**

တောင်ပိုင်းကမ်းရိုးတန်းဒေသရှိ ကွန်ရက်ရေးဆိပ်ကမ်းတစ်ခုကို တူရကီနယ်စပ်နှင့် ရထားလမ်းများ၊ ကားလမ်းများဖြင့် ချိတ်ဆက်ပေးမည့် အခြေခံအဆောက်အအုံ စီမံကိန်းကို အီရတ်နိုင်ငံက မေ ၂၇ ရက်တွင် စတင်ခဲ့ကြောင်း ရိုက်တာသတင်းဌာနက ဖော်ပြခဲ့သည်။

စစ်ပွဲများ၊ နိုင်ငံရေးအကျပ်အတည်းများဖြင့် နှစ်ပေါင်းများစွာ ရင်ဆိုင်ခဲ့ရပြီးနောက် နိုင်ငံ၏ စီးပွားရေးကို အသွင်ပြောင်းလဲရေးအတွက် အဆိုပါစီမံကိန်းကို အီရတ်အစိုးရက စတင်အကောင်အထည်ဖော်ခဲ့ခြင်းဖြစ်သည်။

ယင်းစီမံကိန်းအရ အီရတ်တောင်ပိုင်းရှိ ဂရန်းဖောဆိပ်ကမ်းကို တူရကီနိုင်ငံနှင့် ချိတ်ဆက်ပေးမည်ဖြစ်သည်။

စီမံကိန်းပြီးမြောက်ခဲ့ပါက အာရှနှင့်ဥရောပကြားခရီးသွားလာရာတွင် ရယူရသည့်အချိန်ကာလကို လျှော့ချပေးနိုင်မည်ဖြစ်ရာအီရတ်နိုင်ငံသည်လည်း ကုန်သွယ်ရေးကြားခံနယ်မြေအဖြစ်သို့ ရောက်ရှိလာနိုင်သည်။

ယင်းလမ်းကွန်ရက်သည်အီဂျစ်နိုင်ငံစူးအက်တူးမြောင်း၏ပြိုင်ဘက်ကုန်သွယ်ရေးလမ်းကြောင်းဖြစ်လာရန်လည်း အီရတ်အစိုးရက မျှော်လင့်ထားသည်။

အဆိုပါလမ်းကွန်ရက်စီမံကိန်းအတွက် အီရတ်အစိုးရအနေဖြင့် အမေရိကန်ဒေါ်လာ ၁၇ ဘီလီယံထိ သုံးစွဲရနိုင်ကြောင်း သိရသည်။

KKO

# SCIENCE AND TECHNOLOGY

## အိုင်စပေ့စ်ကုမ္ပဏီ၏ ဟာကူတို-အာရ်လဆင်းယာဉ်က အမြင့်ပေအာရုံခံစနစ်ပြဿနာတစ်ရပ်ကြောင့် ပျက်ကျခဲ့ရခြင်းဖြစ်



**တိုကျို မေ ၂၈**

ဂျပန်နိုင်ငံအခြေစိုက် အိုင်စပေ့စ်ကုမ္ပဏီ၏ ဟာကူတို-အာရ်လဆင်းယာဉ်သည် အမြင့်ပေအာရုံခံစနစ် ပြဿနာတစ်ရပ်ကြောင့် ပျက်ကျခဲ့ရခြင်းဖြစ်ကြောင်း Space.com သတင်းဝက်ဘ်ဆိုက်က မေ ၂၇ ရက်တွင် ရေးသားတင်ပြထားသည်။

ဟာကူတို-အာရ်လဆင်းယာဉ်သည် ယခုနှစ် ဧပြီလအတွင်း လမျက်နှာပြင်ပေါ် ဆင်းသက်ရန် ကြိုးစားခဲ့သော်လည်း အောင်မြင်မှုမရှိဘဲ ပျက်ကျခဲ့ရသည်။

ဟာကူတို-အာရ်လဆင်းယာဉ်၏ အမြင့်ပေအာရုံခံစနစ်မှာ လမျက်နှာပြင် ဥက္ကာချိုင့်ဝှမ်းတစ်ခုကြောင့် အမြင့်ပေတွက်ဆမှုမှားခဲ့ရပြီး အကျိုးဆက်အားဖြင့် လဆင်းယာဉ်ပျက်ကျခဲ့ရကြောင်း အိုင်စပေ့စ်ကုမ္ပဏီမှ တာဝန်ရှိသူများက ပြောကြားသည်။

ဟာကူတို-အာရ်လဆင်းယာဉ်သည် ယခုနှစ် ဧပြီ ၂၅ ရက်တွင် လမျက်နှာပြင်ပေါ်သို့ ဆင်းသက်ရန် ကြိုးစားခဲ့ခြင်းဖြစ်သည်။

အမြင့်ပေတွက်ဆမှု အမှားအယွင်းကြောင့် ဟာကူတို-အာရ်လဆင်းယာဉ်သည် လမျက်နှာပြင်ပေါ်ဆင်းသက်ရန် ကြိုးစားစဉ် ဒုံးကန်အားစနစ်များ လောင်စာရည်ကုန်ခန်းခဲ့သည်ထိ ကျဆင်းမှုအရှိန်ကို လျှော့ချထားခဲ့ကြောင်း အိုင်စပေ့စ်တာဝန်ရှိသူများ၏ အဆိုအရ သိရသည်။

အိုင်စပေ့စ်ကုမ္ပဏီသည် ဟာကူတို-အာရ် လဆင်းယာဉ်ကို ၂၀၂၂ ခုနှစ် ဒီဇင်ဘာလတွင် Space-X ကုမ္ပဏီ၏ ဖယ်လ်ကွန်-၉ ဒုံးပျံဖြင့် လွှတ်တင်ခဲ့ခြင်းဖြစ်သည်။

အဆိုပါလဆင်းယာဉ် အချင်း ၅၄ မိုင်ရှိသော အက်တလပ်ဥက္ကာချိုင့်ဝှမ်းမျက်နှာပြင်ပေါ်သို့ ဆင်းသက်ရန် ကြိုးစားခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ KKO

## ဂျုပ်မ်းစ်ဝက်ဘ်အာကာသ ရေဒီယိုတယ်လီစကုပ်အကူအညီဖြင့် အင်စီလေးဒပ်စ်ဂြိုဟ်ရံလက မှုတ်ထုတ်နေသည့်ရေငွေ့တန်းများကို လေ့လာနိုင်ခဲ့

**ဝါရှင်တန် မေ ၂၈**

အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအေဂျင်စီ(နာဆာ)၏ ဂျိမ်းစ်ဝက်ဘ် အာကာသရေဒီယိုတယ်လီစကုပ် အကူအညီဖြင့် စနေဂြိုဟ်၏ ရေခဲဂြိုဟ်ရံလတစ်စင်းဖြစ်သော အင်စီလေးဒပ်စ်ဂြိုဟ်ရံလက မှုတ်ထုတ်နေသည့်ရေငွေ့တန်းများကို သိပ္ပံပညာရှင်များက အသေးစိတ် လေ့လာနိုင်ခဲ့ကြောင်း Space.com သတင်းဝက်ဘ်ဆိုက်က မေ ၂၇ ရက်တွင် ရေးသားတင်ပြထားသည်။

ဂျိမ်းစ်ဝက်ဘ် အာကာသရေဒီယိုတယ်လီစကုပ်မှ ရရှိထားသော သတင်းအချက်အလက်များအရ အင်စီလေးဒပ်စ်ဂြိုဟ်ရံလက မှုတ်ထုတ်နေသော ရေငွေ့တန်းများသည် မူလခန့်မှန်းထားသည်ထက်ပင် အာကာသဟင်းလင်းပြင်အတွင်းသို့ ပိုမိုဝေးလံစွာရောက်ရှိတတ်ကြောင်း နာဆာသိပ္ပံပညာရှင်များက ပြောကြားသည်။

အဆိုပါရေငွေ့တန်းများ ရောက်ရှိသည့်အကွာအဝေးသည် အင်စီလေးဒပ်စ်ဂြိုဟ်ရံလ၏ အချင်းထက် ပိုလွန်ကြောင်း သိပ္ပံပညာရှင်များ၏ အဆိုအရ သိရသည်။



အင်စီလေးဒပ်စ် ရေခဲဂြိုဟ်ရံလ၏ အချင်းသည် ၃၁၃ မိုင်(၅၀၄ ကီလိုမီတာ)ထိရှိကြောင်း သိပ္ပံပညာရှင်များက ပြောကြားသည်။

ထို့ပြင် အင်စီလေးဒပ်စ်ဂြိုဟ်ရံလက မှုတ်ထုတ်နေသော ရေမှုန်တန်းများထဲတွင် မီသိန်းနှင့်ကာဗွန်ဒိုင်အောက်ဆိုက်ကဲ့သို့ ဇီဝအခြေခံပစ္စည်းများလည်း ပါဝင်နေကြောင်း နာဆာသိပ္ပံပညာရှင်များက ဖော်ထုတ်တွေ့ရှိထားသည်။

အင်စီလေးဒပ်စ်ဂြိုဟ်ရံလက ရေငွေ့မှုန်တန်းများ မှုတ်ထုတ်နေမှုကို ၂၀၀၅ ခုနှစ်တွင် နိုင်ငံတကာသိပ္ပံပညာရှင်များက ပထမဆုံးအကြိမ် ဖော်ထုတ်တွေ့ရှိခဲ့ကြခြင်းဖြစ်ကြောင်း သိရသည်။ KKO

## အမေရိကန်နိုင်ငံအခြေစိုက် Space-X ကုမ္ပဏီက ဆက်သွယ်ရေးဂြိုဟ်တု အကြီးစားတစ်စင်းကို မေ ၂၇ ရက်က လွှတ်တင်ခဲ့

**ဝါရှင်တန် မေ ၂၈**

အမေရိကန်နိုင်ငံ အခြေစိုက် Space-X ကုမ္ပဏီသည် ဆက်သွယ်ရေးဂြိုဟ်တုအကြီးစားတစ်စင်းကို မေ ၂၇ ရက်က လွှတ်တင်ခဲ့ကြောင်း Space.com သတင်းဝက်ဘ်ဆိုက်က ရေးသားတင်ပြထားသည်။

Arabsat BADR-8 အမည်ရှိ အဆိုပါဆက်သွယ်ရေးဂြိုဟ်တုကို သယ်ဆောင်ထားသော ဖယ်လ်ကွန်-၉ ဒုံးပျံကို ဖလော်ရီဒါပြည်နယ် ကိပ်ကာနေဗာရယ်အာကာသစခန်းမှတစ်ဆင့် လွှတ်တင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

လွှတ်တင်ပြီး မကြာမီမှာပင် ဖယ်လ်ကွန်-၉ ဒုံးပျံသည် Arabsat BADR-8 ဂြိုဟ်တုကို ပဏာမပတ်လမ်းပေါ်သို့ ပို့ဆောင်ပေးနိုင်ခဲ့ကြောင်း သိရသည်။

Arabsat BADR-8 ဆက်သွယ်ရေးဂြိုဟ်တုသည် အလေးချိန် ကီလိုဂရမ် ၄၅၀၀ ရှိသော အကြီးစားဂြိုဟ်တုတစ်စင်းဖြစ်ကြောင်း သိရသည်။

၎င်းဂြိုဟ်တုသည် ကမ္ဘာမြေပြင်အထက် အမြင့်မိုင် ၂၂၂၀၀ တွင်ရှိသော ပတ်လမ်းပေါ်၌ နေရာယူ၍ ဆက်သွယ်ရေးလုပ်ငန်း ဝန်ဆောင်မှုများ ပေးမည်ဖြစ်ကြောင်း သိရသည်။

Arabsat BADR-8 ဆက်သွယ်ရေးဂြိုဟ်တုသည် အထက်ပါပတ်လမ်းဆီသို့ တက်ရောက်ရေးအတွက် လေးလမှငါးလထိ အချိန်ယူရမည်ဖြစ်ကြောင်း သိရသည်။ KKO

# HEALTH

## အူမကြီးကင်ဆာဖြစ်ပွားမှုမြင့်တက်ခြင်းက ကိုယ်တွင်းပက်တီးရီးယားအပြောင်းအလဲများနှင့် ပတ်သက်နေ

**နယူးယောက် မေ ၂၈**

အမေရိကန် လူငယ်များကြား အူမကြီးကင်ဆာဖြစ်ပွားမှုမြင့်တက်လာခြင်းသည် ကိုယ်တွင်းဗက်တီးရီးယားစုဖွဲ့မှုပုံစံ အပြောင်းအလဲများနှင့် ပတ်သက်နေဖွယ်ရှိကြောင်း Health Day News ဆေးပညာသတင်းဝက်ဘ်ဆိုက်က မေ ၂၇ ရက်တွင် ရေးသားတင်ပြထားသည်။

အမေရိကန်နိုင်ငံ ဂျော့တောင်းတက္ကသိုလ်မှ သုတေသနပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ အမေရိကန်လူငယ်များကြား အူမကြီးကင်ဆာဖြစ်ပွားနှုန်း မြင့်တက်လာမှုတွင် ကိုယ်တွင်းဗက်တီးရီးယားစုဖွဲ့မှုပုံစံ အပြောင်းအလဲများက အဓိကနေရာမှ ပါဝင်နေဖွယ်ရှိကြောင်း သိရသည်။

မိမိတို့၏လေ့လာတွေ့ရှိချက်အရ လူ့ကိုယ်အတွင်း အဏုဇီဝသက်ရှိများစုစည်းမှုပုံစံသည် အူမကြီးကင်ဆာရောဂါ အဝင်စောမှုသို့မဟုတ် အဝင်နောက်ကျမှုတို့အပေါ် မူတည်၍ အပြောင်းအလဲရှိတတ်သည်ကို တွေ့ရကြောင်း သုတေသန ပညာရှင်များက ပြောကြားသည်။

အမေရိကန် သုတေသနပညာရှင်များသည် အသက် ၄၅ နှစ်မတိုင်မီ အူမကြီးကင်ဆာရောဂါခံစားခဲ့ရသူ ၃၆ ဦးနှင့် အသက် ၆၅ နှစ်နောက်ပိုင်း အူမကြီးကင်ဆာဖြစ်ပွားခဲ့သူ ၂၇ ဦးတို့ကိုလေ့လာပြီးနောက် ၎င်းတို့၏တွေ့ရှိချက်ကို တင်ပြခဲ့ကြခြင်းဖြစ်သည်။

ပြီးခဲ့သည့် ၂၅ နှစ်တာကာလအတွင်း အမေရိကန်လူငယ်များကြား အူမကြီးကင်ဆာဖြစ်ပွားမှုနှုန်းသည် နှစ်ဆခန့် ပိုမြင့်မားလာခဲ့ကြောင်း သိရသည်။ KKO

## မွန်းလွဲပိုင်းတွင် လေ့ကျင့်ခန်းလုပ်ပါက သွေးအတွင်း သကြားဓာတ်ပါဝင်နှုန်းကိုထိန်းချုပ်ရာတွင် ထိရောက်

**နယူးယောက် မေ ၂၈**

ပုံစံ-၂ ဆီးချိုရောဂါလူနာများ၏ သွေးအတွင်းသကြားဓာတ်ပါဝင်မှုကို ထိန်းချုပ်ရာတွင် နံနက်ပိုင်းလေ့ကျင့်ခန်းပြုလုပ်မှုထက် မွန်းလွဲပိုင်းလေ့ကျင့်ခန်းပြုလုပ်မှုက ပို၍ထိရောက်ကြောင်း ယူပီအိုင်သတင်းဌာနက မေ ၂၇ ရက်တွင်ရေးသားတင်ပြထားသည်။

အမေရိကန်နိုင်ငံ BWHဆေးရုံကြီးမှ သုတေသနပညာရှင်များသည် ပုံစံ-၂ ဆီးချိုလူနာ ၁၄၀၀ ကျော်တို့၏ ဘဝနေထိုင်မှုပုံစံများကို လေ့လာနှိုင်းယှဉ်ခဲ့ကြသည်။

လေ့လာချက်မှ ပေါ်ထွက်လာသောရလဒ်များအရ မွန်းလွဲပိုင်းတွင် လေ့ကျင့်ခန်းပြုလုပ်သော ပုံစံ-၂ ဆီးချိုရောဂါလူနာများသည် နံနက်ပိုင်း လေ့ကျင့်ခန်းပြုလုပ်သည့် ဆီးချိုလူနာများထက် သွေးအတွင်း သကြားဓာတ်ပါဝင်မှုနှုန်းကို ပို၍ထိရောက်စွာထိန်းချုပ်ထားနိုင်ကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

နှလုံးရောဂါ၊ ကျောက်ကပ်ရောဂါနှင့် အမြင်အာရုံပျက်စီးမှုတို့ ရှိနိုင်ခြေမြင့်မားသော ပုံစံ-၂ ဆီးချိုလူနာများအနေဖြင့် သွေးအတွင်းသကြားဓာတ်ပါဝင်မှုနှုန်းကို ထိန်းထားနိုင်ရန် လွန်စွာအရေးကြီးသည်။

ကိုယ်ကာယ လေ့ကျင့်မှုများပြုလုပ်မှုသည် သွေးအတွင်းသကြားဓာတ်ပါဝင်မှုကို ထိန်းထားရာတွင် အကျိုးကျေးဇူးပြုသော်လည်း လေ့ကျင့်ခန်း ပြုလုပ်ချိန်သည်လည်း အရေးကြီးသည့်အချက်တစ်ချက်ဖြစ်နိုင်ကြောင်း သုတေသနပညာရှင်များက သုံးသပ်ထားသည်။

မိမိတို့၏ လေ့လာတွေ့ရှိချက်အရ မွန်းလွဲပိုင်းလေ့ကျင့်ခန်းပြုလုပ်မှုသည် ပုံစံ-၂ ဆီးချိုလူနာများအတွက် အကောင်းဆုံးဖြစ်နိုင်ကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။ KKO



## နိုင်ငံတကာ အားကစားသတင်းများ

# ဂျီနီဗာအိုးပင်းတင်းနစ်ပြိုင်ပွဲ ချန်ပီယံဆုကို နီကိုလက်စ်ဂျာရီ ဆွတ်ခူး

**ဂျိုနီဗာ မေ ၂၈**

ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့တွင်ကျင်းပခဲ့သည့် ဂျီနီဗာအိုးပင်းတင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲစဉ်အဖြစ် ချီလီတင်းနစ် ကစားသမားနီကိုလက်စ်ဂျာရီနှင့် ဘူလ်ဂေးရီးယားတင်းနစ်ကစားသမား ဒီမီထရော့ဗ်တို့ ယှဉ်ပြိုင်ကစားခဲ့ရာ နီကိုလက်စ်ဂျာရီက (၇-၆ ၊ ၆-၁) ရလဒ်ဖြင့် အနိုင်ရရှိကာ ချန်ပီယံဆုကိုဆွတ်ခူးခဲ့ကြောင်း Sport Star သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

နီကိုလက်စ်ဂျာရီသည် ဂျီနီဗာအိုးပင်းတင်းနစ်ပြိုင်ပွဲတွင် နိုင်ခြေအဆင့် သတ်မှတ်ခံထားရခြင်းမရှိဘဲ ဗိုလ်လုပွဲစဉ်တွင် အနိုင်ရရှိရန် ရေပန်းစားနေသည့် ကမ္ဘာ့အဆင့်(၃) နေရာတွင် ရပ်တည်ခဲ့ဖူးသော ဒီမီထရော့ဗ်ကိုအနိုင်ရရှိကာ ကစားသမားဘဝ သက်တမ်းတစ်လျှောက် ဒုတိယမြောက်ဆုဖလားကို ဆွတ်ခူးခဲ့သည်။

ဒီမီထရော့ဗ်သည် ၂၀၁၇ ခုနှစ်နောက်ပိုင်း ပထမဦးဆုံးသော ဆုဖလားကို ပြန်လည်ဆွတ်ခူးနိုင်ရန် ကြိုးစားကစားခဲ့သော်လည်း ပထမပွဲငယ်၌သာ ပုံစံကောင်းရရှိခဲ့ပြီး ဒုတိယပွဲငယ်တွင် ပုံစံကောင်းပျောက်ဆုံးကာ ပြတ်သားသည့်ရလဒ်ဖြင့် ရှုံးနိမ့်ခဲ့ရသည်။

နီကိုလက်စ်ဂျာရီက "ဒီနှစ်ဟာ ကျွန်တော့်အတွက် ပျော်ရွှင်စရာကောင်းတဲ့နှစ်တစ်နှစ်ဖြစ်ပါတယ်။ ကျွန်တော့်ဇနီးက ကျွန်တော့်အတွက် သားလေးတစ်ယောက် မွေးပေးခဲ့သလို ကျွန်တော့်အနေနဲ့လဲ အောင်မြင်မှုတစ်ခုကို ရယူနိုင်ခဲ့တယ်။ အောင်မြင်မှုရဖို့အတွက် ကျွန်တော့်နည်းပြအဖွဲ့ဝင်တွေဟာ ကျွန်တော့်အတွက် အကောင်းဆုံးကြိုးစားပေးခဲ့ကြသလို ကျွန်တော့်မိသားစုကလဲ ကျွန်တော့်ကိုအများကြီးပံ့ပိုးပေးခဲ့တယ်။ ယခုနှစ် တင်းနစ်ရာသီအတွင်း ပါဝင်ယှဉ်ပြိုင်ခဲ့တဲ့ပြိုင်ပွဲတွေမှာ ရလဒ်ကောင်းခဲ့သလိုဗိုလ်လုပွဲစဉ်ကို နှစ်ကြိမ်တက်ရောက်နိုင်ခဲ့တယ်။ ဗိုလ်လုပွဲစဉ်နှစ်ကြိမ်တက်ရောက်နိုင်ပြီး တစ်ကြိမ်ချန်ပီယံဖြစ်ခွင့်ရခဲ့တယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။ AZL



| ပရီးမီးယားလိဂ် ပွဲစဉ် (၃၈) ရလဒ် | | | | |
|---|---|---|---|---|
| အေဗီလာ | ၂ | - | ၁ | ဘရိုက်တန် |
| ချဲလ်ဆီး | ၁ | - | ၁ | နယူးကာဆယ် |
| အဲဗာတန် | ၁ | - | ၀ | ဘုန်းမောက် |
| လိဒ် | ၁ | - | ၄ | စပါး |
| လက်စတာ | ၂ | - | ၁ | ဝက်စ်ဟမ်း |
| မန်ယူ | ၂ | - | ၁ | ဖူလ်ဟမ် |
| ဆောက်သမ်တန် | ၄ | - | ၄ | လီဗာပူး (ဝ၄ဝ) |

## အားကစားသတင်း အတိုအထွာများ

- ဘိုင်ယန်မြူးနစ်အသင်းအနေဖြင့် ဘွန်ဒက်လီဂါဆုဖလား ရယူနိုင်ခဲ့သော်လည်း အသင်းအမှုဆောင်ဒါရိုက်တာ အိုလီဗာခမ်းနှင့် အားကစားဒါရိုက်တာ ဆာလီဟမ်မီဒစ်တို့ ရာထူးမှနုတ်ထွက်ခဲ့ကြောင်း သိရသည်။
- ယခုနှစ်ဘောလုံးရာသီကုန်တွင် ခံစစ်ကစားသမားယာရီမင်နာ အဲဗာတန်အသင်းမှထွက်ခွာမည်ဟု အသင်းတာဝန်ရှိသူများက အတည်ပြုထုတ်ပြန်ခဲ့သည်။
- လူမျိုးရေးခွဲခြားမှုများကြောင့် ရီးရဲလ်မက်ဒရစ်မှထွက်ခွာရန် စီစဉ်နေသည့် တိုက်စစ်မှူးဗင်နီစီးယက်စ်ကို ချဲလ်ဆီးအသင်းက ယူရိုသန်း ၁၅၀ ဖြင့်ခေါ်ယူနိုင်ရန် ပစ်မှတ်ထားနေသည်။ ML

# ပြင်သစ်လီဂူး ချန်ပီယံဆုဖလားရရှိခဲ့သည့် ပီအက်စ်ဂျီအသင်း ၁၁ ရာသီဆက်တိုက် ဆုဖလားရရှိသည့်အသင်းအဖြစ် စံချိန်သစ်တင်



**ပဲရစ် မေ ၂၈**

ပီအက်စ်ဂျီ အသင်းသည် အမှတ်ပေးပြိုင်ပွဲ ပွဲစဉ်(၃၇)တွင် စထရာဘော့အသင်းကို တစ်ဖက်တစ်ဂိုးစီသရေရလဒ်သာ ကစားနိုင်ခဲ့သော်လည်း အဆင့်(၂)မှ လန်းအသင်းကို ရမှတ်လေးမှတ်ဖြတ်တောက်နိုင်ခဲ့သဖြင့် ပြိုင်ပွဲမပြီးဆုံးမီ ချန်ပီယံဆုဖလား ဆွတ်ခူးနိုင်ခဲ့ပြီး ဘောလုံးရာသီ ၁၁ ရာသီဆက် ချန်ပီယံဆုဖလားရရှိသည့် စံချိန်သစ်တစ်ရပ်ရရှိခဲ့ကြောင်း Channel-newsasia.com က ယနေ့တွင် ဖော်ပြခဲ့သည်။

ပြင်သစ်လီဂူးအမှတ်ပေးသမိုင်းတွင် ဆုဖလား ၁၀ ကြိမ်ထိရရှိခဲ့သည့် စိန့်အက်တီယန်အသင်းက ပီအက်စ်ဂျီအသင်းနှင့် ဆုဖလားရရှိမှုအများဆုံးအဖြစ် ရပ်တည်နိုင်ခဲ့သော်လည်း ယခုအခါ ပီအက်စ်ဂျီအသင်းက ၂၀၀၂-၂၀၀၃ ဘောလုံးရာသီနောက်ပိုင်း ၁၁ ကြိမ်ဆက်တိုက် ဆုဖလားရရှိခဲ့သဖြင့် စိန်အက်တီယန်အသင်းကို ကျော်ဖြတ်၍ ဆုဖလားအများဆုံးရရှိသည့်အသင်းအဖြစ် မှတ်တမ်းဝင်ခဲ့ကြောင်း သိရသည်။

ပီအက်စ်ဂျီ အသင်းသည် ကာတာအသင်း ပိုင်ရှင်များလက်အောက်တွင် ပြုပြင်ပြောင်းလဲမှုများစွာပြုလုပ်နိုင်ခဲ့သဖြင့် ပြင်သစ်ဘောလုံးလောကကို လွှမ်းမိုးနိုင်သည့် အသင်းဖြစ်ခဲ့ပြီးနောက် ဘောလုံးရာသီ ၁၁ ရာသီဆက်တိုက် ဆုဖလားဆွတ်ခူးနိုင်ခဲ့ပြီး အမှတ်ပေးဖလား အများဆုံးရယူနိုင်ခဲ့သည့် အသင်းအဖြစ် စံချိန်သစ်တင်နိုင်ခဲ့သည်။

သို့သော် ပီအက်စ်ဂျီအသင်းသည် ယခုနှစ်ဘောလုံးရာသီ နည်းပြဂယ်တီယာလက်အောက်တွင် ပုံစံကောင်းရရှိရန် ရုန်းကန်ခဲ့ရသည့်အတွက် ပြင်သစ်လိဂ်ဖလားပြိုင်ပွဲတွင် မာဆေးအသင်းကိုရှုံးနိမ့်၍ ၁၆ သင်းအဆင့်မှ ထွက်ခွာခဲ့ရပြီး ချန်ပီယံလိဂ်ပြိုင်ပွဲ ၁၆ အသင်းတွင် ဘိုင်ယန်မြူးနစ်အသင်းကို ရှုံးနိမ့်ခဲ့သောကြောင့် ပြိုင်ပွဲမှ ထွက်ခွာခဲ့ရသည့်အပြင် ယခုနှစ်အတွင်း ကစားခဲ့သည့် အမှတ်ပေးပြိုင်ပွဲ ၁၇ ပွဲတွင်လည်း ခြောက်ပွဲထိရှုံးနိမ့်ခဲ့သည့် မှတ်တမ်းဆိုးများကို ပိုင်ဆိုင်ခဲ့ကြောင်း သိရသည်။

ML

# မန်စီးတီးအသင်းက ဂန်ဒိုဂမ်၏နေရာတွင် ပီအက်စ်ဂျီကစားသမား ဖေဘီယန်ရုဇ်နှင့်အစားထိုးရန်ပြင်ဆင်

**မန်ချက်စတာ မေ ၂၈**

မန်စီးတီးအသင်းသည် ကွင်းလယ်ပိုင်းတွင် ခြေစွမ်းပြကစားနေသည့် ဂန်ဒိုဂမ်၏နေရာတွင် အစားထိုးရန်အတွက် ပီအက်စ်ဂျီအသင်း ကစားသမားဖေဘီယန်ရုဇ်ကိုခေါ်ယူရန် ပြင်ဆင်လျက်ရှိကြောင်း Goal.com က ယနေ့တွင် ဖော်ပြခဲ့သည်။

လာမည့် ဇွန် ၃၀ ရက်တွင် မန်စီးတီးအသင်းနှင့် စာချုပ်သက်တမ်းကုန်ဆုံးမည့် ကွင်းလယ်ကစားသမား ဂန်ဒိုဂမ်သည် နည်းပြဂွါဒီယိုလာ လက်အောက်တွင် ခြေစွမ်းပြကစားနိုင်သည့် ကစားသမားတစ်ဦးဖြစ်သော်လည်း ၎င်းအနေဖြင့် အသင်းမှထွက်ခွာရန် ဆုံးဖြတ်ထားသောကြောင့် စာချုပ်သစ်ကမ်းလှမ်းမှုကို လက်မခံခဲ့သဖြင့် နွေရာသီအပြောင်းအရွှေ့တွင် အလွတ်ပြောင်းရွှေ့ကြေးဖြင့် ထွက်ခွာရန် သေချာလျက်ရှိသည်။

မန်စီးတီးအသင်းမှ တာဝန်ရှိသူများက ဂန်ဒိုဂမ်ထွက်ခွာသွားပါက ၎င်း၏နေရာတွင် အစားထိုးနိုင်ရန်အတွက် ပီအက်စ်ဂျီအသင်းတွင် ပုံမှန်ပွဲကစားခွင့်ရရှိရန် ရုန်းကန်နေရသည့် ကွင်းလယ်ကစားသမား ဖေဘီယန်ရုဇ်ကိုခေါ်ယူရန်စီစဉ်နေပြီး ပီအက်စ်ဂျီအသင်းနှင့်တရားဝင်ဆွေးနွေးမှုပြုလုပ်မည်ဖြစ်သည်။

အသက် ၂၇ နှစ်ရှိ ဖေဘီယန်ရုဇ်သည် ပီအက်စ်ဂျီအသင်းတွင် ပြိုင်ပွဲစုံ ၂၅ ပွဲသာ ပွဲထွက်ကစားသမားအဖြစ် ပါဝင်ခွင့်ရရှိခဲ့ပြီး ပါဝင်ခွင့်ရသည့် ပွဲစဉ်များတွင် ခြေစွမ်းပြသနိုင်ခဲ့သဖြင့် သွင်းဂိုးသုံးဂိုးနှင့် ဂိုးဖန်တီးမှုသုံးကြိမ်ထိ ပြုလုပ်နိုင်ခဲ့သကဲ့သို့ လက်ရှိတွင် ပေါင်ကြွက်သား ဒဏ်ရာကြောင့် အနားယူနေရသော်လည်း မန်စီးတီးအသင်းက အသင်းမှထွက်ခွာမည့် ဂန်ဒိုဂမ်၏နေရာတွင် အစားထိုးရန် ကြိုးပမ်းနေပြီး ကစားသမားကိုယ်တိုင်ကလည်း ပုံမှန်ပွဲထွက်ခွင့်မရသည့်အတွက် ပီအက်စ်ဂျီအသင်းမှထွက်ခွာရန် စီစဉ်နေကြောင်း သိရသည်။ ML

# ချန်ပီယံရှစ် Play-off ဗိုလ်လုပွဲတွင် အနိုင်ရခဲ့သည့် လူတန်အသင်း ပရီးမီးယားလိဂ်သို့ တန်းတက်ခွင့်ရရှိ

**လန်ဒန် မေ ၂၈**

ပြီးခဲ့သည့် စနေနေ့က ယှဉ်ပြိုင်ကစားခဲ့သည့် ချန်ပီယံရှစ် Play-off ဗိုလ်လုပွဲစဉ်တွင် လူတန်အသင်းက ကိုဗင်ထရီအသင်းကို ပင်နယ်တီအဆုံးအဖြတ်တွင် ခြောက်ဂိုးငါးဂိုးဖြင့် အနိုင်ရခဲ့သောကြောင့် ပရီးမီးယားလိဂ်သို့ တန်းတက်ခွင့်ပြန်လည်ရရှိခဲ့ကြောင်း ESPN သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

လူတန်အသင်းသည် Play-off ဆီမီးဖိုင်နယ်အဆင့်တွင် ဆန်းဒါးလန်းအသင်းနှင့် တွေ့ဆုံခဲ့သော်လည်း နှစ်ကျော့ပေါင်းရလဒ် သုံးဂိုးနှစ်ဂိုးဖြင့် အနိုင်ရခဲ့သောကြောင့် မစ်ဒယ်ဘရော့အသင်းကို နှစ်ကျော့ပေါင်းရလဒ် တစ်ဂိုးဂိုးမရှိဖြင့်အနိုင်ယူ၍ ဗိုလ်လုပွဲတက်ရောက်ခဲ့သည့် ကိုဗင်ထရီအသင်းနှင့် တွေ့ဆုံခဲ့ရာ ပင်နယ်တီအဆုံးအဖြတ်တွင် ခြောက်ဂိုးငါးဂိုးဖြင့် အနိုင်ရခဲ့သောကြောင့် ပရီးမီးယားလိဂ်သို့ တက်ရောက်နိုင်ခဲ့ပြီး နှစ်ပေါင်း ၃၁ နှစ်အကြာတွင် ပထမဆုံးအကြိမ် ပရီးမီးယားလိဂ်သို့ တက်ရောက်နိုင်ခဲ့သည်။



အဆိုပါပွဲစဉ်ကို လန်ဒန်မြို့ ဝင်ဘာလေကွင်းတွင် ကျင်းပခဲ့ရာ ပွဲစကတည်းက နှစ်သင်းစလုံး ဦးဆောင်ဂိုးရရှိရေးအတွက် အပြန်အလှန်တိုက်စစ်ဆင်မှုများ ရှိသော်လည်း ပွဲကစားချိန် ၂၃ မိနစ်အရောက်တွင် လူတန်အသင်းက ဦးဆောင်ဂိုးသွင်းယူခဲ့သဖြင့် တစ်ဂိုးဂိုးမရှိဖြင့် ပထမပိုင်းကို ဦးဆောင်နိုင်ခဲ့ပြီး ဒုတိယပိုင်းတွင် ကိုဗင်ထရီအသင်းက ချေပဂိုးရရှိရေးအတွက် လူစားလဲ၍ တိုက်စစ်မြှင့်တင်ခဲ့ရာ ပွဲကစားချိန် ၆၆ မိနစ်တွင် ချေပဂိုးပြန်လည်ရရှိခဲ့ပြီး လက်ကျန်ပွဲချိန်တွင် တစ်ဖက်နှင့်တစ်ဖက်ဘောလုံးပိုင်ဆိုင်မှုအသားပေး၍ တန်ပြန်တိုက်စစ်ဖြင့်သာ ဖိအားပေးမှုများ ပြုလုပ်ခဲ့သောကြောင့် သရေရလဒ်ထွက်ပေါ်ခဲ့ပြီး အချိန်ပိုဆက်လက်ကစားခဲ့ရာ နှစ်သင်းစလုံး ဂိုးသွင်းယူနိုင်ခြင်းမရှိသဖြင့် ပင်နယ်တီအဆုံးအဖြတ်ခံယူခဲ့ရာ လူတန်အသင်းက ခြောက်ဂိုးငါးဂိုးဖြင့် အနိုင်ရခဲ့ကြောင်း သိရသည်။

ML

# အင်္ဂလန်အမျိုးသမီးစူပါလိဂ်ပြိုင်ပွဲ ချန်ပီယံဆုကို ချဲလ်ဆီးအမျိုးသမီးအသင်း နောက်ဆုံးလေးနှစ်ဆက်ဆွတ်ခူး

**လန်ဒန် မေ ၂၈**

အင်္ဂလန်အမျိုးသမီး စူပါလိဂ်ပြိုင်ပွဲ နောက်ဆုံးပွဲစဉ်များအပြီးတွင် ချဲလ်ဆီးအမျိုးသမီးအသင်းက ရီဒင်းအမျိုးသမီးအသင်းကို သုံးဂိုးဂိုးမရှိဖြင့်အနိုင်ရရှိခဲ့ပြီးနောက် ချန်ပီယံဆုကို လေးနှစ်ဆက်ဆွတ်ခူးနိုင်ခဲ့သည်ဟု Sky Sports သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။



ယခုနှစ်ဘောလုံးရာသီ အင်္ဂလန်အမျိုးသမီး စူပါလိဂ်ပြိုင်ပွဲတွင် ချန်ပီယံဆုအတွက် ချဲလ်ဆီးအမျိုးသမီးအသင်းနှင့် မန်ယူအမျိုးသမီးအသင်းတို့သည် နောက်ဆုံးပွဲစဉ်ထိ အဆုံးအဖြတ်ခံယူခဲ့ရပြီး နောက်ဆုံးပွဲစဉ်တွင် နှစ်သင်းစလုံးနိုင်ပွဲကိုယ်စီရရှိခဲ့ပြီးနောက် ချဲလ်ဆီးအမျိုးသမီးအသင်းက ချန်ပီယံဆုကို ဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်သည်။

အင်္ဂလန်အမျိုးသမီး စူပါလိဂ်ပြိုင်ပွဲ နောက်ဆုံးပွဲစဉ်မတိုင်မီ ချဲလ်ဆီးအမျိုးသမီး အသင်းက ရမှတ် ၅၅ မှတ်ဖြင့် အမှတ်ပေးဇယားထိပ်ဆုံးမှ ဦးဆောင်နိုင်ခဲ့သော်လည်း မန်ယူအမျိုးသမီးအသင်းကလည်း ရမှတ် ၅၃ မှတ်ဖြင့် အဆင့်(၂)နေရာမှ ချန်ပီယံဆုအတွက် ဖိအားပေးလျက်ရှိနေသောကြောင့် ချဲလ်ဆီးအမျိုးသမီးအသင်းအတွက် မဖြစ်မနေအနိုင်ရလဒ်လိုအပ်နေသောကြောင့် နောက်ဆုံးပွဲစဉ်တွင် ရီဒင်းအမျိုးသမီးအသင်းကိုအနိုင်ရရှိခဲ့သည့်အတွက် ရမှတ် ၅၈ မှတ်ဖြင့် မန်ယူအမျိုးသမီးအသင်းကိုရမှတ်နှစ်မှတ်ဖြတ်ကျော်ပြီး ချန်ပီယံဆုဆွတ်ခူးနိုင်ခဲ့သည်။

ချဲလ်ဆီး အမျိုးသမီးအသင်းသည် အသင်းသမိုင်းတစ်လျှောက် အင်္ဂလန်အမျိုးသမီးစူပါလိဂ်ပြိုင်ပွဲတွင် ၂၀၁၅ ခုနှစ်၊ ၂၀၁၇ ခုနှစ်၊ ၂၀၂၀ ပြည့်နှစ်၊ ၂၀၂၁ ခုနှစ်၊ ၂၀၂၂ ခုနှစ်နှင့် ယခုနှစ်တို့တွင် ချန်ပီယံဆုခြောက်ကြိမ်ထိ ဆွတ်ခူးနိုင်ခဲ့ပြီး ပြိုင်ပွဲသမိုင်းတစ်လျှောက် အအောင်မြင်ဆုံးအသင်းအဖြစ်လည်းရပ်တည်နေပြီး ချန်ပီယံဆုကိုလေးကြိမ်ထိ ဆက်တိုက် ဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ STA

# ဥရောပထိပ်တန်းလိဂ်ငါးခုတွင် သွင်းဂိုးအများဆုံးကစားသမားအဖြစ် ရပ်တည်နေသည့် စီရော်နယ်ဒို၏ စံချိန်ကို မက်ဆီကျော်ဖြတ်



**ပဲရစ် မေ ၂၈**

ပြင်သစ်လီဂူး ပြိုင်ပွဲအဖြစ် ကစားခဲ့သည့် စထရာဘော့အသင်းနှင့် ပီအက်စ်ဂျီအသင်းတို့ကစားခဲ့သည့်ပွဲစဉ်တွင် ပီအက်စ်ဂျီအသင်းအတွက် မက်ဆီက သွင်းဂိုး တစ်ဂိုးသွင်းယူနိုင်ခဲ့ပြီးနောက် ဥရောပထိပ်တန်းလိဂ်ငါးခုတွင် သွင်းဂိုးအများဆုံး ကစားသမားအဖြစ် ရပ်တည်နေသည့် စီရော်နယ်ဒို၏ စံချိန်ကို မက်ဆီကကျော်ဖြတ်နိုင်ခဲ့သည်ဟု Bleacher Report Football သတင်းဝက်ဘ်ဆိုက်က ယနေ့တွင် ဖော်ပြခဲ့သည်။

အဆိုပါပွဲစဉ်တွင် စထရာဘော့အသင်းနှင့် ပီအက်စ်ဂျီအသင်းတို့ တစ်ဂိုးစီသရေရလဒ်ထွက်ပေါ်ခဲ့ပြီး မက်ဆီက ပွဲချိန် ၅၉ မိနစ်တွင် အသင်းအတွက် သွင်းဂိုးတစ်ဂိုး သွင်းယူနိုင်ခဲ့ပြီးနောက် မှတ်တမ်းကောင်းတစ်ရပ် ပိုင်ဆိုင်ခဲ့သည့်အပြင် ပီအက်စ်ဂျီအသင်းကလည်း ပြင်သစ်လီဂူးချန်ပီယံဆုကို ဆွတ်ခူးနိုင်ခဲ့သည်။

မက်ဆီမတိုင်မီက ဥရောပထိပ်တန်းလိဂ်ငါးခုဖြစ်သည့် ပရီးမီးယားလိဂ်ပြိုင်ပွဲ၊ စပိန်လာလီဂါပြိုင်ပွဲ၊ အီတလီစီးရီးအေပြိုင်ပွဲ၊ ဂျာမန်ဘွန်ဒက်လီဂါ ပြိုင်ပွဲနှင့် ပြင်သစ်လီဂူးပြိုင်ပွဲတို့တွင် လိဂ်သွင်းဂိုးအများဆုံး ကစားသမားအဖြစ် မန်ယူအသင်းကစားသမားဟောင်း စီရော်နယ်ဒိုက ၄၉၅ ဂိုးဖြင့် ထိပ်ဆုံးတွင်ရပ်တည်နေခြင်းကို ယခုအခါ မက်ဆီက ၄၉၆ ဂိုးထိရှိလာခဲ့ပြီးနောက် တစ်ဂိုးအသာဖြင့် စီရော်နယ်ဒို၏ စံချိန်ကို ကျော်ဖြတ်နိုင်ခဲ့ခြင်း ဖြစ်ကြောင်းသိရသည်။

STA

# ယူနီယံဘာလင်အသင်းသမိုင်းတစ်လျှောက် ပထမဆုံးအကြိမ်အဖြစ် ချန်ပီယံလိဂ်ပြိုင်ပွဲဝင်ခွင့်ရရှိ

**ဘာလင် မေ ၂၈**

ယူနီယံဘာလင် အသင်းသည် ယခုနှစ်ဘောလုံးရာသီ ဂျာမန်ဘွန်ဒက်လီဂါပြိုင်ပွဲနောက်ဆုံးပွဲစဉ်တွင် ဝါဒါဘရီမင်အသင်းကို အနိုင်ရရှိခဲ့ပြီးနောက် အသင်းသမိုင်းတစ်လျှောက် ပထမဆုံးအကြိမ်အဖြစ် ချန်ပီယံလိဂ်ပြိုင်ပွဲဝင်ခွင့်ရရှိခဲ့သည်ဟု Bild သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

ယူနီယံဘာလင် အသင်းသည် ယခုနှစ်ဘောလုံးရာသီတွင် ရာသီတစ်လျှောက်လုံးပုံစံကောင်းပြသနိုင်ခဲ့ကာ ဂျာမန်ဘွန်ဒက်လီဂါပြိုင်ပွဲ နောက်ဆုံးပွဲစဉ်မတိုင်မီ ရမှတ် ၅၉ မှတ်ဖြင့် အဆင့်(၄)နေရာတွင် ရပ်တည်လျက် ရှိနေသော်လည်း အဆင့်(၅)နေရာမှ ဖရိုင်းဘတ်အသင်းကလည်း ရမှတ် ၅၉ မှတ်ဖြင့် ဖိအားပေးနေခဲ့ခြင်းဖြစ်သည်။

သို့သော် နောက်ဆုံးပွဲစဉ်တွင် ယူနီယံဘာလင်အသင်းက အိမ်ကွင်းတွင် ဝါဒါဘရီမင်အသင်းကို ခီဒီယာ၏ တစ်လုံးတည်းသောသွင်းဂိုးဖြင့်အနိုင်ရရှိခဲ့သော်လည်း ဖရိုင်းဘတ်အသင်းအနေဖြင့် ဖရန့်ဖတ်အသင်းကို နှစ်ဂိုးတစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့သည့်အတွက် ယူနီယံဘာလင်အသင်းအနေဖြင့် ရမှတ် ၆၂ မှတ်ဖြင့် အဆင့်(၅)နေရာမှ ဖရိုင်းဘတ်အသင်းကို ရမှတ်သုံးမှတ်ဖြတ်ကျော်ပြီး အဆင့်(၄)တွင် ရပ်တည်နိုင်ခဲ့သဖြင့် ချန်ပီယံလိဂ်ဝင်ခွင့်ကို အသင်းသမိုင်းတစ်လျှောက် ပထမဆုံးအကြိမ်ရရှိခဲ့ပြီး ဖရိုင်းဘတ်အသင်းအနေဖြင့် ယူရိုပါလိဂ်ပြိုင်ပွဲဝင်ခွင့်နှင့်သာ ကျေနပ်ခဲ့ရသည်။

ယူနီယံဘာလင် အသင်းသည် ၂၀၁၉-၂၀၂၀ ဘောလုံးရာသီက ဂျာမန်ဘွန်ဒက်လီဂါ-၂ ပြိုင်ပွဲမှ ဂျာမန်ဘွန်ဒက်လီဂါပြိုင်ပွဲသို့ တန်းတက်နိုင်ခဲ့ခြင်းဖြစ်ပြီး ၂၀၂၁-၂၀၂၂ ဘောလုံးရာသီကလည်း အဆင့်(၅)နေရာတွင်ရပ်တည်နိုင်ခဲ့ပြီး အဆင့်(၄)နေရာမှ လေဗာကူဆင်အသင်းနှင့် တစ်မှတ်သာကွာဟခဲ့သည့်အတွက် ချန်ပီယံလိဂ်ဝင်ခွင့်နှင့် လွဲချော်ခဲ့ရသော်လည်း ယခုနှစ်ဘောလုံးရာသီတွင် ချန်ပီယံလိဂ်ပြိုင်ပွဲဝင်ခွင့်ရရှိခဲ့ကြောင်း သိရသည်။ STA

# Charles Schwab Challenge ပြိုင်ပွဲ အမှတ်ပေးဇယားကို ဟာရီဟောလ်နှင့်အာဒမ်တို့ဦးဆောင်

**ဖို့ဒ်ဝေါ့ မေ ၂၈**

အမေရိကန်နိုင်ငံ တက္ကဆက်ပြည်နယ် ဖို့ဒ်ဝေါ့မြို့တွင်ကျင်းပနေသည့် Charles Schwab Challenge ဂေါက်သီးရိုက်ပြိုင်ပွဲ တတိယနေ့အပြီးတွင် အင်္ဂလန်ဂေါက်သီးရိုက်ကစားသမား ဟာရီဟောလ်နှင့် အာဒမ်တို့က စုစုပေါင်းသတ်မှတ်ရိုက်ချက်ထက် ၁၀ ချက်လျော့ရိုက်ကာ အမှတ်ပေးဇယားကိုပူးတွဲဦးဆောင်နေကြောင်း GA သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

ဟာရီဟောလ်သည် တတိယနေ့ပြီးသည်ထိ အမှတ်ပေးဇယားကို တောက်လျှောက် ဦးဆောင်နိုင်ခဲ့သော်လည်း တတိယနေ့တွင် ရလဒ်ပိုင်းကျဆင်းခဲ့ပြီး အဆိုပါနေ့အတွက် သတ်မှတ်ထားသည့် သတ်မှတ်ရိုက်ချက်ထက် နှစ်ချက်ပိုရိုက်ခဲ့ပြီး ပထမနေ့နှင့်ဒုတိယနေ့တို့တွင် ရလဒ်ကောင်းများရရှိထားခြင်းကြောင့်လည်း တတိယနေ့အပြီးတွင် အမှတ်ပေးဇယားထိပ်၌ ရပ်တည်နိုင်ခဲ့ခြင်းဖြစ်သည်။

ဟာရီဟောလ်ကို အမီလိုက်လာနိုင်ခဲ့သည့် အာဒမ်သည် တတိယနေ့တွင်လည်း ရလဒ်ကောင်းကို ဆက်လက် ထိန်းသိမ်းနိုင်ခဲ့ခြင်းကြောင့် ဟာရီဟောလ်နှင့်အတူ အမှတ်ပေးဇယားကို ဦးဆောင်နိုင်ခဲ့သည်။

အမေရိကန် ဂေါက်သီးရိုက်ကစားသမား ဟာရစ်အင်္ဂလိရှ်သည် စုစုပေါင်းသတ်မှတ်ရိုက်ချက်ထက် ကိုးချက်လျော့ရိုက်ကာ အမှတ်ပေးဇယား၏ ဒုတိယနေရာတွင် ရပ်တည်နိုင်ခဲ့သည်။

ဟာရီဟောလ်က "တတိယနေ့မှာတော့ စွမ်းဆောင်ရည်ပိုင်းက တော်တော်လေးကျဆင်းခဲ့ပါတယ်။ ပထမနေ့နဲ့ ဒုတိယနေ့မှာကစားနိုင်ခဲ့တဲ့ပုံစံနဲ့ ဆန့်ကျင်ဘက်ပုံစံမျိုးသာကစားနိုင်ခဲ့တယ်။ ပထမနေ့နဲ့ ဒုတိယနေ့တွေမှာ ရလဒ်ကောင်းတွေရထားလို့သာ တတိယနေ့အပြီး အမှတ်ပေးဇယားထိပ်မှာ ဆက်လက်ရပ်တည်ခွင့် ရခဲ့တာဖြစ်ပါတယ်။ နောက်ဆုံးနေ့ကျရင်တော့ အမှားတွေကိုပြင်ဆင်နိုင်ဖို့ လိုအပ်ပါတယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

AZL

# Internationaux de Strasbourg ချန်ပီယံဆုကို စဗစ်တိုလီနာ ဆွတ်ခူး

**စထရာဘော့ မေ ၂၈**

ပြင်သစ်နိုင်ငံ စထရာဘော့မြို့တွင်ကျင်းပခဲ့သော Internationaux de Strasbourg တင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲစဉ်အဖြစ် ယူကရိန်းတင်းနစ်မယ် စဗစ်တိုလီနာနှင့် ရုရှားတင်းနစ်မယ် ဘလင်ကိုဗာတို့ ယှဉ်ပြိုင်ကစားခဲ့ရာ စဗစ်တိုလီနာက (၆-၂၊ ၆-၃) ရလဒ်ဖြင့် အနိုင်ရရှိကာ ချန်ပီယံဆုကိုဆွတ်ခူးနိုင်ခဲ့ကြောင်း WTA က ယနေ့တွင် ဖော်ပြခဲ့သည်။

စဗစ်တိုလီနာသည် ကစားသမားဘဝသက်တမ်းတစ်လျှောက် ကမ္ဘာ့အဆင့်(၃) နေရာထိတက်ရောက်ခဲ့ဖူးသော တင်းနစ်မယ်တစ်ဦးဖြစ်ကာ မီးဖွားနေသည့်အတွက် တင်းနစ်လောကမှ ခေတ္တအနားယူထားပြီး ယခုနှစ်တွင် တင်းနစ်လောကသို့ ပြန်လည်ဝင်ရောက်လာခဲ့ခြင်းဖြစ်သည်။

တင်းနစ်လောကသို့ ပြန်လည်ဝင်ရောက်လာခဲ့ရာတွင် ကမ္ဘာ့အဆင့် ၅၀၈ နေရာထိကျဆင်းခဲ့ပြီးနောက်ပိုင်း ချန်ပီယံဆုဖလားကို ပထမဦးဆုံးအကြိမ် ဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်သည်။

စဗစ်တိုလီနာက "တင်းနစ်လောကထဲပြန်ဝင်လာခဲ့ပြီးနောက်ပိုင်း ပထမဦးဆုံး ဆွတ်ခူးနိုင်ခဲ့တဲ့ဆုဖလားဖြစ်ပါတယ်။ အောင်မြင်မှုပြန်လည်ဆွတ်ခူးနိုင်ခဲ့လို့ ဝမ်းသာဂုဏ်ယူပါတယ်။ ဒီဆုဖလားအတွက် ရရှိတဲ့ ဆုကြေးငွေအားလုံးကို ကျွန်မရဲ့ မွေးရပ်မြေက စစ်ဘေးရှောင်ကလေးတွေအတွက် ကူညီထောက်ပံ့ပေးသွားမှာဖြစ်ပါတယ်။ ပြင်သစ်နိုင်ငံကိုလဲ ကျေးဇူးတင်ပါတယ်။ စစ်ဘေးရှောင် ယူကရိန်းပြည်သူတွေအတွက် ခိုနားရာနေရာတွေဖန်တီးပေးသလို ယူကရိန်းနိုင်ငံကိုလဲ ကူညီနိုင်သလောက်ကူညီပေးခဲ့တယ်။ ယူကရိန်းပြည်သူတွေအတွက် ပြင်သစ်နိုင်ငံဟာ ဒုတိယအိမ်ပါပဲ။ စစ်ပွဲတွေအမြန် ပြီးဆုံးစေချင်ပါတယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

AZL

**အီတလီစီးရီးအေ ပွဲစဉ် (၃၇) ရလဒ်**

| | | | | |
|---|---|---|---|---|
| ဗီရိုနာ | ၁ | - | ၁ | အမ်ပိုလီ |
| ဘိုလော့ဂ်နာ | ၂ | - | ၂ | နာပိုလီ |
| မွန်ဇာ | ၀ | - | ၁ | လက်ချီ |
| လာဇီယို | ၃ | - | ၂ | ခရီမိုနန်စီ |

(၀၄၀)

# တစ်ကျော့ပြန်အာရှ

## ဒေါက်တာမိုးဆွေ

"တစ်ကျော့ပြန်အာရှ" (Resurgent Asia) အမည်ရသည့် စာအုပ်ကို ဒီပက်နေရာ (Deepak Nayyar) အမည်ရသည့် စီးပွားရေးပညာရှင်ကြီးက ရေးသားခဲ့သည်။ ပါမောက္ခ ဒီပက်က အိန္ဒိယနိုင်ငံ နယူးဒေလီမြို့ ဂျဝါဟာလာနေရူးတက္ကသိုလ်မှ စီးပွားရေးပညာ ပါမောက္ခတစ်ဦးဖြစ်သည်။ စာအုပ်၏ ဒုတိယအမည်ကို "မတူကွဲပြားသည့်ဖွံ့ဖြိုးတိုးတက်မှုများ"ဟု အမည်ပေးထားသည်။ ကမ္ဘာ့ကုလသမဂ္ဂစီးပွားရေးဖွံ့ဖြိုးတိုးတက်မှု သုတေသနဆိုင်ရာ ကမ္ဘာ့တက္ကသိုလ် (UNU-WIDER) ၏ အစီအစဉ်ဖြင့် ပြုလုပ်သည့် သုတေသနစာတမ်းလည်းဖြစ်သည်။ ၂၀၁၉ ခုနှစ်တွင် အောက်စဖို့ဒ်တက္ကသိုလ်ပုံနှိပ်တိုက်က ရိုက်နှိပ်ထုတ်ဝေခဲ့ခြင်းဖြစ်သည်။

အာရှတိုက်သည် အလွန်ကြီးမားကျယ်ပြန့်သည်။ လူမျိုး၊ ယဉ်ကျေးမှုပေါင်းစုံသည်။ အမျိုးတူရာစုစည်းလေ့လာရန် အတန်ခက်ခဲသည်။ သည်စာအုပ်တွင် ပညာရှင်များက အာရှတိုက်ကို အုပ်စုလေးခုခွဲလိုက်သည်။ အရှေ့အာရှ၊ အရှေ့တောင်အာရှ၊ တောင်အာရှနှင့် အနောက်အာရှတို့ဖြစ်သည်။ ထိုဒေသအုပ်စု လေးစုအတွင်းမှ အရေးပါသည့် နိုင်ငံ ၁၄ နိုင်ငံ၏စီးပွားရေးအခြေအနေများကိုသာ သုံးသပ်တင်ပြထားခြင်းဖြစ်သည်။ အုပ်စုလေးစုတွင် အရှေ့အာရှအုပ်စုဝင်များအဖြစ် တရုတ်၊ တောင်ကိုရီးယားနှင့်တရုတ်(တိုင်ပေ)တို့ပါဝင်သည်။ အရှေ့တောင်အာရှအုပ်စုတွင်မူ အင်ဒိုနီးရှား၊ မလေးရှား၊ ဖိလစ်ပိုင်၊ စင်ကာပူ၊ ထိုင်းနှင့်ဗီယက်နမ်နိုင်ငံတို့ကို ဖော်ပြသည်။ တောင်အာရှအုပ်စုအဖြစ် ဘင်္ဂလားဒေ့ရှ်၊ အိန္ဒိယ၊ ပါကစ္စတန် နှင့်သီရိလင်္ကာနိုင်ငံတို့ပါဝင်ပြီး အနောက်အာရှနိုင်ငံအဖြစ် တူရကီနိုင်ငံတစ်နိုင်ငံတည်းသာ ပါဝင်သည်။ စုစုပေါင်းအာရှတိုက်၏ ဇုန်လေးဇုန်မှ နိုင်ငံ ၁၄ နိုင်ငံအပေါ် အခြေတည်ပြီး သုတေသနပြုစုထားခြင်းဖြစ်သည်။

အာရှ-၁၄ (Asian-14)ဟု ပါမောက္ခ ဒီပက်က အထူးပြုပြောသည်။ ထိုနိုင်ငံ ၁၄ နိုင်ငံက နှယ်နှယ်ရရ တော့မဟုတ်။ အာရှတိုက်လူဦးရေ၏ ငါးပုံ လေးပုံက ထိုနိုင်ငံများအတွင်း နေထိုင်ကြသည်။ အာရှတိုက်ဝင်ငွေ၏ ငါးပုံလေးပုံကလည်း ထိုနိုင်ငံများမှသာဖြစ်သည်။ အာရှတိုက်တစ်ခုလုံး၏ စီးပွားရေးကို သုံးသပ်လေ့လာရန် အာရှ-၁၄ နိုင်ငံများကို လေ့လာခြင်းက ခြုံငုံမိနိုင်သည်။ အနောက်အာရှဒေသတွင် လောင်စာဆီ တွင်းထွက်ဖြင့်ကြွယ်ဝသောနိုင်ငံများ ပါဝင်နေသည့်အတွက် ၎င်းဒေသမှတူရကီတစ်နိုင်ငံတည်းကိုသာ ထည့်သွင်းလေ့လာထားသည်။ ဗဟိုအာရှဒေသကိုလည်း ထည့်သွင်းလေ့လာထားခြင်းမရှိ။

စာအုပ်တွင် အခန်းကိုးခန်းပါဝင်ပြီး အခန်း(၁) တွင် ကိုလိုနီခေတ်ကို နောက်ခံပြုလျက် အာရှတိုက်၏ ကမ္ဘာ့စီးပွားရေးနယ်ပယ်တွင် ပါဝင်ခဲ့သည့် သမိုင်းအမြင်ကို ကောက်ချက်ဆွဲပြထားသည်။ လွန်ခဲ့သည့် နှစ်၂၀ ခန့်၊ ၁၈၂၀ ပြည့်နှစ်က အာရှတိုက်၏ လူဦးရေမှာ ကမ္ဘာ့လူဦးရေ၏ သုံးပုံနှစ်ပုံဖြစ်ပြီး ကမ္ဘာ့ဝင်ငွေစုစုပေါင်း၏ ငါးပုံသုံးပုံကိုပိုင်ဆိုင်ထားသည်။ တရုတ်နှင့်အိန္ဒိယ နှစ်နိုင်ငံ လူဦးရေပေါင်းက ကမ္ဘာ့လူဦးရေ၏ ထက်ဝက်ရှိခဲ့ပြီး နှစ်နိုင်ငံ၏ဝင်ငွေကလည်း ကမ္ဘာ့ဝင်ငွေ၏ ထက်ဝက်ခန့်ဖြစ်သည်။ ကိုလိုနီခေတ်တစ်လျှောက် အာရှစီးပွားရေးတောက်လျှောက်ကျဆင်းခဲ့သည်။ ၁၉၆၂ ခုနှစ် အရောက်တွင် အာရှလူဦးရေက ကမ္ဘာ့လူဦးရေ၏ ၅၀ ရာခိုင်နှုန်းမျှသာ ရှိတော့သလို အာရှဝင်ငွေကလည်း ကမ္ဘာ့ဝင်ငွေ၏ ၁၅ ရာခိုင်နှုန်းခန့်သာဖြစ်သည်။ ထိုသို့ ကွာခြားသွားရခြင်း၏ အကြောင်းတစ်ချက်က အနောက်နိုင်ငံများဆီမှ စက်မှုထုတ်ကုန်များ ထွက်ပေါ်လာချိန် အာရှတိုက်မှ အခြေခံကုန်ကြမ်းများသာ ထွက်ရှိနေခြင်းကြောင့်ဖြစ်သည်။

သည်လိုနှင့် ၁၉၆၅-၁၉၇၀ ပြည့်နှစ်ကာလများရောက်သည့်အခါ ဝင်ငွေပမာဏ၏ အဆင့်အလိုက် သတ်မှတ်ပါက အာရှတိုက်သည် ကမ္ဘာပေါ်တွင် အဆင်းရဲဆုံးတိုက်ကြီးဖြစ်သွားတော့သည်။ ကိုလိုနီစနစ်အောက်တွင် ပြားပြားဝပ်ခဲ့ရသော်လည်း အာရှနိုင်ငံများသည် သမိုင်းကြောင်းရှည်လျားသည့်နိုင်ငံများဖြစ်သည်။ ယဉ်ကျေးမှုအစဉ်အလာကြီးသည်။ ကိုလိုနီစနစ်က အာရှသမိုင်းနှင့် ယဉ်ကျေးမှုအစဉ်အလာကို အလုံးစုံပျက်စီးသွားစေရန် မတတ်နိုင်ခဲ့။

၁၉၇၀ ပြည့်နှစ်နောက်ပိုင်းတွင်မူ အာရှသည် ဖြည်းဖြည်းချင်း ပြန်လည်ရုန်းထလာသည်။ ၂၀၁၆ ခုနှစ်ရောက်သည့်အခါ ယခင်က ကမ္ဘာ့ဂျီဒီပီ၏ ၁၀ ပုံ တစ်ပုံသာရှိခဲ့သည့် အာရှတိုက်ဂျီဒီပီမှာ ၁၀ ပုံ သုံးပုံထိ ပြန်လည်တိုးတက်လာသည်။ ထိုနှစ် ၅၀ အတွင်းမှာပင် အာရှစက်မှုထွက်ကုန်များသည် ကမ္ဘာ့စက်မှုထွက်ကုန်များ၏ လေးရာခိုင်နှုန်းမှ ၄၀



ရာခိုင်နှုန်းထိ တိုးတက်လာသည်ကို တွေ့ကြရသည်။ အာရှကုန်သွယ်မှုတန်ဖိုးသည်လည်း ယခင်က ကမ္ဘာ့ကုန်သွယ်မှုတန်ဖိုး စုစုပေါင်း၏ ၁၂ ပုံ တစ်ပုံသာရှိခဲ့ရာမှ သုံးပုံတစ်ပုံထိ ရောက်ရှိလာသည်။ ထိုအကြောင်းများကို အခန်း(၂)တွင် အသေးစိတ်ဖော်ပြထားသည်။ အာရှတိုက်၏ အဆင့်ဆင့် ဖွံ့ဖြိုးတိုးတက်လာပုံ ကောက်ကြောင်းကို ပထဝီမြေမျက်နှာပြင်အလိုက် ဒေသများခွဲပြီး သုံးသပ်ပြထားခြင်းဖြစ်သည်။

အခန်း(၃)တွင် အာရှ၏ အရှိန်အဟုန်ပြင်းစွာ တိုးတက်လာခဲ့သည့် စီးပွားရေးတိုးတက်မှုကိုစနစ်တကျ ခွဲခြမ်းစိတ်ဖြာ သုတေသနအခြေပြု သုံးသပ်ပြထားသည်။ အထူးသဖြင့် အာရှ-၁၄ နိုင်ငံများ၏ မက်ခရိုစီးပွားရေးဖွံ့ဖြိုးတိုးတက်လာခဲ့ပုံများကို ခွဲခြမ်းစိတ်ဖြာပြထားခြင်းဖြစ်သည်။ အာရှ-၁၄ နိုင်ငံများကြား တရုတ်နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုက ထိပ်ဆုံးတွင်ရှိနေသည်။ ၎င်းနိုင်ငံများအားလုံး၏ မက်ခရိုစီးပွားရေးရည်မှန်းချက်မှာ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့် အလုပ်အကိုင်ဖန်တီးပေးရေးတို့ဖြစ်သည်။ မက်ခရိုစီးပွားရေးစီမံခန့်ခွဲမှု ထုံးတမ်းအစဉ်အလာများဖြစ်သည့် ရသုံးမှန်းခြေဘတ်ဂျက် ကိုက်ညီရေးနှင့် ဈေးနှုန်းတည်ငြိမ်ရေးတို့ကို ဦးစားမပေးခဲ့သည့်နိုင်ငံများ များသည်။

အခန်း(၄)တွင်မူ အာရှနိုင်ငံများ၏ စီးပွားရေးပုံသဏ္ဌာန်အဆင့်ဆင့် ပြောင်းလဲလာပုံများကို စီးပွားရေးဖွံ့ဖြိုးတိုးတက်လာမှုနှင့် ချိန်ထိုးလေ့လာပြထားသည်။ လုပ်ခလစာများ တိုးတက်များပြားလာသည့်အခါ ဝယ်လိုအားများလာသည်။ ထိုအခါ ရောင်းလိုအားဘက်မှ ထုတ်ကုန်ကို အရည်အသွေးမြှင့်ပြီး များများထုတ်လုပ်နိုင်အောင် လုပ်ငန်းတည်ဆောက်ပုံများ ပြင်ဆင်ပေးလာရသည်။ သည်လိုနှင့် လုပ်သားများ၏ လုပ်ခလစာများလာပြီး ထုတ်လုပ်မှုစွမ်းရည်လည်း တိုးတက်လာသည်။ တောင်ကိုရီးယား၊ တရုတ်(တိုင်ပေ)နှင့် စင်ကာပူ။ သူတို့နောက်မှ မလေးရှား၊ တရုတ်နှင့် အင်ဒိုနီးရှားတို့ကလိုက်လာပြီး စိုက်ပျိုးရေးလုပ်ငန်းများမှသည် စက်မှုထုတ်ကုန်လုပ်ငန်းများဆီသို့ စီးပွားရေးအဆောက်အအုံ ပုံသဏ္ဌာန်များကို ပြုပြင်လာကြရသည်။ စိုက်ပျိုးရေးမှသည် စက်မှုထုတ်ကုန် ထိုမှတစ်ဆင့် ဝန်ဆောင်မှုလုပ်ငန်းများထိ စီးပွားရေးလုပ်ငန်း ပုံသဏ္ဌာန်များ တိုးတက်ပြောင်းလဲလာသည်။ ၁၉၇၀ ပြည့်နှစ်တွင် စိုက်ပျိုးမွေးမြူရေးကဏ္ဍမှ ကြီးစိုးထားခဲ့သည့် အာရှတိုက်၏ စီးပွားရေးအဆောက်အအုံသည် ၂၀၁၆ ခုနှစ်ရောက်သည့်အခါ ဝန်ဆောင်မှုကဏ္ဍ၏ ကြီးစိုးခြင်းကို ခံလာရသည်။

အခန်း(၅)တွင် အာရှတိုက်၏ စီးပွားရေးကဏ္ဍတိုးတက်ပြောင်းလဲမှုဖြစ်စဉ်အတွင်း အဓိကကျသည့် တံခါးဖွင့်မူဝါဒနှင့်စက်မှုလုပ်ငန်းများအကြောင်းခွဲခြမ်းစိတ်ဖြာ ပြထားသည်။ ၁၉၇၀ ပြည့်နှစ်နှင့် ၂၀၀၈ ခုနှစ်ကြား အာရှတိုက်၏ကုန်သွယ်ရေးကဏ္ဍသည် ဂျီဒီပီ၏ ၁၀ ပုံ တစ်ပုံမှသည် ငါးပုံ နှစ်ပုံထိ တိုးတက်လာသည်ကို တွေ့ကြရသည်။ စက်မှုကဏ္ဍပါ ဖွံ့ဖြိုးတိုးတက်လာသည့်အတွက် အဓိကကုန်သွယ်မှုပစ္စည်းများတွင် ကုန်ကြမ်းနှင့် သဘာဝတွင်းထွက်များ မဟုတ်တော့ဘဲ အလယ်အလတ်နှင့် အဆင့်မြင့်နည်းပညာသုံးပစ္စည်းများကိုသာ ထုတ်ကုန်ရော၊ သွင်းကုန်များအဖြစ် မြင်တွေ့လာကြရသည်။ သို့သော် အာရှနိုင်ငံများ၏ စက်မှုလုပ်ငန်းဖွံ့ဖြိုးတိုးတက်မှုသည်တစ်နိုင်ငံနှင့်တစ်နိုင်ငံ အတော်လေးကွာဟနေသည်။ အာရှ-၁၄ နိုင်ငံများအတွင်းမှာပင် စက်မှုလုပ်ငန်းဖွံ့ဖြိုးတိုးတက်မှုနှုန်း မတူညီကြသည်ကို တွေ့ရသည်။

အခန်း (၆) တွင် အာရှဖွံ့ဖြိုးတိုးတက်ရေးအတွက် သက်ဆိုင်ရာအစိုးရများ၏ စီးပွားရေးနှင့်နိုင်ငံရေးဆိုင်ရာ အခန်းကဏ္ဍကို လေ့လာထားသည်။ နိုင်ငံတော်နှင့်စီးပွားရေးဈေးကွက်ဆက်သွယ်ပုံ၊ နိုင်ငံရေးလမ်းကြောင်းမှတစ်ဆင့် အစိုးရနှင့်ဈေးကွက်များမည်သို့မည်ပုံ ဆက်ဆံနေကြသည့်လမ်းကြောင်းများကို ရှာဖွေပြထားသည်။ အောင်မြင်သော အာရှနိုင်ငံများသည် အစိုးရနှင့်ဈေးကွက်ကြား ဟန်ချက်ညီပြီး မျှတသည့်ဆက်ဆံရေးကို တည်ငြိမ်အောင်ဖန်တီးထားနိုင်သည်ကို တွေ့ရသည်။ ဈေးကွက်တို့မည်သည် အမြဲပြောင်းလဲနေတတ်သောကြောင့် အစိုးရများဘက်ကလည်း ဘက်ညီနေအောင် လိုက်လံဖြေလျှော့ပြုပြင်ပေးသည်ကို တွေ့ကြရသည်။ အစိုးရများက ထိုသို့ မဆောင်ရွက်နိုင်သည့် အာရှနိုင်ငံများ၏ဖွံ့ဖြိုးတိုးတက်မှုသည်လည်း နှေးကွေးသွားသည်။

နိုင်ငံအစိုးရများကို ဖွံ့ဖြိုးတိုးတက်မှုဆီသို့ ပိုပြီးဈေးရှုတတ်လာစေရန်၊ အများပြည်သူနှင့် ပိုမိုရင်းနှီးစွာ ထိတွေ့လာတတ်စေရန် စောင့်ကြည့်၊ စစ်ဆေး၊ ထိန်းညှိပေးသည့်စနစ်များ လိုအပ်သည်။ ပါတီစုံစနစ်ကျင့်သုံးသည့် နိုင်ငံများ၊ တစ်နည်းအားဖြင့် ဒီမိုကရေစီစနစ်ကျင့်သုံးသည့်နိုင်ငံများတွင် စစ်ဆေး၊ ထိန်းညှိပေးနိုင်ရန် ပိုမိုလွယ်ကူသည်။ သို့သော် ဒီမိုကရေစီစနစ်တို့မည်သည် အချိန်ယူ၍တည်ဆောက်ယူရလေ့ရှိသည်။

အခန်း (၇) တွင် အာရှတိုက်၏ဖွံ့ဖြိုးတိုးတက်ရာလမ်းကြောင်းတစ်လျှောက် မညီမျှသည့်ရလဒ်များ၊ ခွဲထွက်လာသည့် လမ်းကြောင်းများကို ဖော်ထုတ်ပြထားပြီး နိုင်ငံများအလိုက် မတူညီသည့်စီးပွားရေးတိုးတက်မှုများ ရှိနေရခြင်းအကြောင်းရင်းများ၊ နိုင်ငံတစ်နိုင်ငံအတွင်းမှာပင် မတူညီသောလူတန်းစားများကြား ညီတူညီမျှဝေပုံကျ ခွဲဝေမှုမရနိုင်သည့်အကြောင်းရင်းများ စေ့ငုလေ့လာထားသည်ကို တွေ့ကြရသည်။

စီးပွားရေးအကျိုးအမြတ် ခွဲဝေမှုမညီမျှခြင်းသည် လျင်မြန်စွာဖွံ့ဖြိုးတိုးတက်လာသည့် နိုင်ငံများတွင် တွေ့ရသည့် ဖြစ်ရိုးဖြစ်စဉ်တစ်ခုဖြစ်သည်။

အလုပ်အကိုင်အခွင့်အလမ်းများ မတူညီနိုင်သည့်အခါ ဆင်းရဲချမ်းသာကွာဟမှုကလည်း ပိုမိုကြီးထွားလာတတ်သည့်သဘော ဖြစ်သည်။

အခန်း(၈)တွင်မူ အာရှတိုက်နှင့် ကမ္ဘာကြီးကြား စီးပွားရေးနှင့်နိုင်ငံရေးအရ ဆက်နွှယ်ခဲ့ပုံများကို အတိတ်မှသည် အနာဂတ်ထိ ချိတ်ဆက်သုံးသပ်ဖော်ပြထားသည်။ ကိုလိုနီခေတ်နောက်ပိုင်းတွင် အာရှနှင့် ကမ္ဘာကြီးကြား ကူးလူးဆက်ဆံမှုများ ပြန်များလာသည်။ သမိုင်းကြောင်းနှင့်ပထဝီမြေမျက်နှာပြင်ကို နောက်ခံပြုလျက် ပထဝီနိုင်ငံရေးသုံးသပ်ချက်များဖြင့် အာရှ၏ စီးပွားရေးနှင့်နိုင်ငံရေးကဏ္ဍများကို ထိတွေ့ပြထားသည်။ စစ်အေးတိုက်ပွဲကာလကို ဖြတ်သန်းကြရသည်။ အရှေ့အာရှနှင့် အရှေ့တောင်အာရှနိုင်ငံများသည် အရင်းရှင်နှင့် ကွန်မြူနစ်ဝါဒကြီးများ ထိပ်တိုက်တိုးခဲ့ကြသည်။

လျင်မြန်စွာ တိုးတက်ပြောင်းလဲလာသည့် အာရှစီးပွားရေးကြောင့် ကမ္ဘာပေါ်က စက်မှုနိုင်ငံကြီးများရော ဖွံ့ဖြိုးဆဲနိုင်ငံများမှာပါ အကောင်း၊ အဆိုး ရလဒ်မျိုးစုံ ကြုံတွေ့ခဲ့ကြရသည်။ ဥပမာ- စက်မှုနိုင်ငံကြီးများအတွက် စက်မှုထွက်ကုန်များ ရောင်းချမှုအားနည်းသွားနိုင်သလို တစ်ဖက်ကလည်း ပိုမိုသက်သာသည့် စက်မှုထွက်ကုန်များကို နည်းပညာအားပြုဖန်တီးထုတ်လုပ်လာနိုင်မည်ဖြစ်သည်။

အခန်း (၉) နိဂုံးတွင် နောင်လာမည့် အနာဂတ်အာရှ၏လားရာကို သုတေသနများ အမှီပြုလျက် မျှော်မှန်းထားသည်ကို ဖတ်ကြရပါမည်။ အာရှတိုက်တွင် ကိုလိုနီခေတ်ကုန်ဆုံးပြီး နှစ် ၁၀၀ ကြာမြင့်သည့် ၂၀၅၀ ပြည့်နှစ်ရောက်သည့်အခါ ကမ္ဘာ့ဝင်ငွေ၏ ထက်ဝက်ကျော်သည် အာရှတိုက်၏ဝင်ငွေဖြစ်လာမည်။ ကမ္ဘာ့လူဦးရေထက်ဝက်ကျော်ကလည်း အာရှတိုက်တွင် နေထိုင်ကြလိမ့်မည်။ အာရှနိုင်ငံများသည် ကမ္ဘာ့အင်အားကြီးနိုင်ငံများအဖြစ် ထွက်ပေါ်လာမည်ဖြစ်သော်လည်း တစ်ဦးချင်းဝင်ငွေအများဆုံးနိုင်ငံများအဖြစ်သို့ ရောက်ရှိလာဦးမည်မဟုတ်ဟု ခန့်မှန်းထားသည်။

ယခုစာအုပ်သည် ပါမောက္ခ ဒီပက်ဦးဆောင်သည့် ပညာရှင်များ စုပေါင်းရေးသားသော စီးပွားရေးပညာရပ်ဆိုင်ရာ ကျမ်းတစ်စောင်နယ်ဖြစ်သော်လည်း အများသူငါ ဖတ်ရှုနားလည်နိုင်သည့် အသုံးအနှုန်းများဖြင့် ရေးသားထားသည်။ စီးပွားရေးကဏ္ဍကို စိတ်ဝင်စားသည့် စာဖတ်သူများအတွက် ဖတ်ပျော်မည့် စာအုပ်တစ်အုပ်ဖြစ်သည်။

လွန်ခဲ့သည့်နှစ် ၅၀ အတွင်း အာရှတိုက်၏စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုများကို ခွဲခြမ်းစိတ်ဖြာသုတေသနပြုလေ့လာဖော်ပြထားသလို နောင်လာမည့် ၂၅ နှစ်အတွင်း ကြုံဆုံရနိုင်သည့် အာရှအနာဂတ်ကိုလည်း အစဆွဲထုတ်ပြထားသည်။ ယခုစာအုပ်ဖြင့် မဖြေရှင်းနိုင်သည့် အမေးပုစ္ဆာများ၊ မဖြေနိုင်သည့်မေးခွန်းများ၊ ကြိုတင်ခန့်မှန်းနိုင်ခြင်းမရှိသည့် အလားအလာများရှိလာနိုင်သည်ကိုလည်း လက်ခံနားလည်ပေးကြရန် ဖြစ်ပါသည်။

# ကျောက်တံတားမြို့နယ် The Collector Art Gallery တွင် ပန်းချီဆရာ ကိုးဦး၏ Dimension အွန်လိုင်းပန်းချီပြပွဲ ပြသသွားမည်



**ရန်ကုန် မေ ၂၈**

ရန်ကုန်တိုင်းဒေသကြီး ကျောက်တံတားမြို့နယ်ရှိ The Collector Art Gallery တွင် ပန်းချီဆရာ ကိုးဦး၏ မတူကွဲပြားသည့် ပန်းချီလက်ရာများကို စုစည်းပြသမည့် Dimension အွန်လိုင်းပန်းချီပြပွဲကို ဇွန် ၁ ရက်မှ ဇွန် ၇ ရက်ထိ ပြသသွားမည်ဖြစ်ကြောင်း အဆိုပါ ပန်းချီပြခန်းတာဝန်ခံ ဒေါ်ကေဇာဦးက ပြောပြ၍ သိရသည်။

အဆိုပါ Dimension အွန်လိုင်း ပန်းချီပြပွဲတွင် ထင်ရှားသည့်ပန်းချီဆရာများဖြစ်ကြသည့် ပန်းချီ တင်ရွှေချို၊ ပန်းချီ မောင်သီဟ၊ ပန်းချီ လှထွဏ်းအောင်၊ ပန်းချီ ဒေါက်တာကျော်ကြီး၊ ပန်းချီဆရာ ဇော်၊ ပန်းချီ လူသစ်၊ ပန်းချီ ရွှေမိုး၊ ပန်းချီ သန့်ဇော်လှိုင်၊ ပန်းချီကျော် လွမ်းမိုးတို့၏ စိတ်ကြိုက်ရေးဆွဲထားသည့် မတူကွဲပြားသည့် ပန်းချီကား ၁၅၀ ကို ပြသရောင်းချပေးသွားမည်ဖြစ်ပြီး အရောင်အသွေးစုံ ပန်းချီလက်ရာများကို ရှုမြင်ရမည်ဖြစ်ကြောင်း သိရသည်။

"ဒီပြပွဲကတော့ ကျွန်မတို့ စုစည်းထားတဲ့ ပန်းချီကားတွေထဲက မတူကွဲပြားတဲ့အမြင်တွေကို စုစည်းထားတဲ့ ပန်းချီကား ၁၅၀ လောက်ကို ပြသရောင်းချပေးမှာဖြစ်ပါတယ်။ အများစုကတော့ ကိုတင်ရွှေချို ကိုသီဟနဲ့ ကိုကျော်လွမ်းမိုးတို့ရဲ့ ပန်းချီကားတွေများပါတယ်။ ဒီနှစ်ထဲမှာရေးဆွဲထားတဲ့ အွန်လိုင်းပေါ် မတင်သေးတဲ့ ပန်းချီကား အသစ်တွေဖြစ်ပါတယ်"ဟု The Collector Art Gallery ပန်းချီပြခန်းတာဝန်ခံ ဒေါ်ကေဇာဦးက ပြောပြသည်။

အဆိုပါပန်းချီပြပွဲတွင် ပြသပေးမည့်ပန်းချီကားများ၏ အရွယ်အစားများမှာ (၃၆×၂၄) လက်မ၊ (၂၄×၂၄)လက်မ၊(၁၈×၂၄)လက်မ၊ (၁၈×၁၈)လက်မ စသည်ဖြင့်အရွယ်အစားအစုံပါဝင်ပြီး ငွေကျပ် ငါးသိန်းမှ ငွေကျပ် သိန်း ၂၀ ထိရှိကြောင်း သိရသည်။ ASH

# Fast and Furious ဇာတ်ကားများ၏ ဝင်ငွေ ကန်ဒေါ်လာ ခုနစ်ဘီလီယံကျော်ရှိလာ

**နယူးယောက် မေ ၂၈**

Fast X ဇာတ်ကား၏လက်ရှိ ဝင်ငွေပမာဏကြောင့် Fast and Furious ဇာတ်ကားများ၏စုစုပေါင်းဝင်ငွေသည် အမေရိကန်ဒေါ်လာ ခုနစ်ဘီလီယံကျော်ရှိလာပြီဖြစ်ကြောင်း Deadline သတင်းဝက်ဘ်ဆိုက်က မေ ၂၇ ရက် တွင် ရေးသားတင်ပြထားသည်။

ထို့ပြင် Fast X ဇာတ်ကား၏ ဝင်ငွေကြောင့် ယူနီဗာဆယ်ရုပ်ရှင်စတူဒီယိုသည် ၂၀၂၃ ခုနှစ်အတွင်း ပြည်တွင်းရုပ်ရှင်ဈေးကွက်၌ ဝင်ငွေ အမေရိကန်ဒေါ်လာ တစ်ဘီလီယံ အထက်ရှိလာခဲ့သည့် ပထမဆုံး ရုပ်ရှင်စတူဒီယိုဖြစ်လာခဲ့သည်။

မေ ၁၉ ရက်တွင် စတင်ရုံတင်ခဲ့သည့် Fast X ဇာတ်ကားသည် လက်ရှိတွင် ပြည်တွင်းဈေးကွက်ဝင်ငွေ အမေရိကန်ဒေါ်လာ ၈၁ ဒသမ ၉ သန်း၊ နိုင်ငံတကာဈေးကွက်ဝင်ငွေ အမေရိကန်ဒေါ်လာ ၂၈၉ ဒသမ ၈ သန်းရရှိထားရာ ၎င်းဇာတ်ကား၏ ကမ္ဘာတစ်ဝန်း ဝင်ငွေစုစုပေါင်းမှာ အမေရိကန် ဒေါ်လာ ၃၇၁ ဒသမ ၈ သန်းထိရှိလာပြီဖြစ်သည်။

အဆိုပါဇာတ်ကားကို ဒါရိုက်တာ လူးဝစ်လက်တာရီးယားက ရိုက်ကူးပေးထားပြီး မင်းသား ဗင်ဒီဆယ်၊ ဂျေဆင်စတာသမ်၊ တိုင်ရီစီဂစ်ဆင်၊ မင်းသမီး မစ်ချဲရိုဒရီဂတ်၊ ဂျော်ဒါနာဘရူးစတား စသည့် Fast and Furious ပင်တိုင်သရုပ်ဆောင်များ ပါဝင်ထားကြောင်း သိရသည်။ KKO



# မာလာမြိုင်သဘင်ပွဲတော်တွင် အောင်မြင်ထင်ရှားသည့် သဘင်အနုပညာရှင်များ၏ နှစ်ပါးခွင်အစီအစဉ်များကို M Entertainment Channel မှ ထုတ်လွှင့်မည်

**ရန်ကုန် မေ ၂၈**

မာလာမြိုင်သဘင်ပွဲတော်တွင် ပြည်နယ်နှင့် တိုင်းဒေသကြီးအသီးသီးမှ အောင်မြင်ထင်ရှားသည့် သဘင်အနုပညာရှင်များ၏ နှစ်ပါးခွင်အစီအစဉ်များကို M Entertainment Channel မှ ထုတ်လွှင့်သွားမည်ဖြစ်ကြောင်း အဆိုပါ အစီအစဉ်တွင် ပါဝင်ကပြသရုပ်ဆောင်ထားသည့် ဇာတ်မင်းသား ရွှေမင်းအိမ်က ပြောပြ၍ သိရသည်။

M Entertainment Channel မှ ထုတ်လွှင့်တင်ဆက်နေသည့် မာလာမြိုင်သဘင်ပွဲတော်ကို The Tree Entertainment မှ ရိုက်ကူးထုတ်လုပ်ခြင်းဖြစ်ပြီး ဧပြီ ၂၄ ရက်မှစ၍ အပတ်စဉ် စနေ၊ တနင်္ဂနွေနေ့တိုင်း ညစဉ် ည ၉ နာရီတွင် ထုတ်လွှင့်လျက်ရှိကြောင်း၊ လာမည့် ဇွန် ၃ ရက်တွင် ထုတ်လွှင့်မည့် မာလာမြိုင်သဘင်ပွဲတော်တွင်လည်း ပြည်နယ်နှင့် တိုင်းဒေသကြီးအသီးသီးမှ အောင်မြင်ထင်ရှားသည့် သဘင်အနုပညာရှင်များ၏ ထင်ရှားအောင်မြင်သည့် နှစ်ပါးခွင်အစီအစဉ်များကို ထည့်သွင်းကာ ထုတ်လွှင့်သွားမည်ဖြစ်ကြောင်း သိရသည်။




"ဒီတစ်ပတ် မာလာမြိုင်သဘင်ပွဲတော်မှာ ကျွန်တော်က တနင်္သာရီတိုင်းဒေသကြီးကနေ လာရောက်ဖျော်ဖြေတာဖြစ်ပါတယ်။ ကျွန်တော်နဲ့အတူ လူရွှင်တော်တွေကတော့ နေကျော်၊ တိုးတက်၊ ချက်ပေါက်၊ ဖွေးဖွေး၊ တူးနိုင်း၊ လကျော်တို့က ဖျော်ဖြေပေးမှာ ဖြစ်ပါတယ်။ တင်ဆက်မှုကိုတော့ စနေ၊ တနင်္ဂနွေနေ့ ည ၇ နာရီမှာ Marlarmyaing Group Facebook Page နဲ့ The Tree Entertainment Page တို့မှာ အားပေးကြည့်ရှုနိုင်ပြီး ည ၉ နာရီမှာတော့ M Entertainment TV Channel တွေမှာစောင့်မျှော်အားပေးကြပါအုံး"ဟု ဇာတ်မင်းသား ရွှေမင်းအိမ်က ပြောပြ၍ သိရသည်။ ASH

# Thunderbolts ဇာတ်ကား ရိုက်ကူးမှု မာဗယ်ရုပ်ရှင်စတူဒီယို ဆိုင်းငံ့ထားရ

**နယူးယောက် မေ ၂၈**

ဇာတ်ညွှန်းရေးဆရာများ သပိတ်ကြောင့် မာဗယ်ရုပ်ရှင်စတူဒီယိုသည် Thunderbolts ဇာတ်ကား ရိုက်ကူးထုတ်လုပ်မှုကို ဆိုင်းငံ့ထားရကြောင်း Screen Rant သတင်းဝက်ဘ်ဆိုက်က မေ ၂၇ ရက်တွင် ရေးသားတင်ပြထားသည်။

မာဗယ်စတူဒီယိုသည် Thunderbolts ဇာတ်ကား ရိုက်ကူးထုတ်လုပ်မှုကို လာမည့်သီတင်းပတ်အနည်းငယ်အတွင်းစတင်ရန် မူလက စီစဉ်ထားသည်။

သို့ရာတွင် ဇာတ်ညွှန်းရေးဆရာများသပိတ်ကြောင့် ဗာမယ်စတူဒီယိုသည် Thunderbolts ဇာတ်ကားရိုက်ကူးထုတ်လုပ်မှုကို ပြင်ဆင်ဆဲအဆင့်မှာပင် ဆိုင်းငံ့ထားရခြင်းဖြစ်ကြောင်း သိရသည်။

Thunderbolts ဇာတ်ကားကို ဒါရိုက်တာ ဂျိတ်ရှရိုင်ရာက တာဝန်ယူရိုက်ကူးမည်ဖြစ်ပြီး မင်းသမီး ဖလောရင့်ပက်၊ မင်းသား ဟာရီဆင်ဖို့နှင့် စတီဗင်ယွန်းတို့ပါဝင်သရုပ်ဆောင်မည်ဖြစ်သည်။

Thunderbolts ဇာတ်ကားအပြင် Blade၊ Wonder Woman စသည့်ဇာတ်ကားများ ရိုက်ကူးထုတ်လုပ်မှုအစီအစဉ်များကိုလည်း ဆိုင်းငံ့ထားရကြောင်း သိရသည်။ KKO




# John Wick-5 ဇာတ်ကား ရိုက်ကူးရေးအတွက် ပြင်ဆင်မှုများ စတင်နေပြီဖြစ်

**နယူးယောက် မေ ၂၈**

John Wick-5 ဇာတ်ကား ရိုက်ကူးထုတ်လုပ်ရေးအတွက် Lionsgate ရုပ်ရှင်ကုမ္ပဏီက ကြိုတင်ပြင်ဆင်မှုများ စတင်နေပြီဖြစ်ကြောင်း Deadline သတင်းဝက်ဘ်ဆိုက်က မေ ၂၇ ရက်တွင် ရေးသားတင်ပြထားသည်။

John Wick: Chapter-4 ဇာတ်ကားကို လက်ရှိရုံတင်ပြသနေဆဲမှာပင် Lionsgate ရုပ်ရှင်ကုမ္ပဏီက John Wick-5 ရိုက်ကူးထုတ်လုပ်ရေးလုပ်ငန်းအတွက် ပြင်ဆင်မှုများ စတင်နေခြင်းဖြစ်သည်။

ထို့ပြင် Lionsgate ရုပ်ရှင်ကုမ္ပဏီသည် John Wick ဇာတ်ကားများကို မူကွဲဇာတ်ကားများ၊ ရုပ်သံဇာတ်လမ်းတွဲများနှင့် ဗီဒီယိုဂိမ်းများအဖြစ်လည်း ဖန်တီးရန် စီစဉ်ထားကြောင်း သိရသည်။

Lionsgate ရုပ်ရှင်ကုမ္ပဏီသည် John Wick: Chapter-4 ဇာတ်ကားကို ယခုနှစ် မတ် ၂၄ ရက်က စတင်ရုံတင်ပြသခဲ့သည်။

အဆိုပါဇာတ်ကား၏ ကမ္ဘာတစ်ဝန်းဝင်ငွေကြောင့် John Wick ဇာတ်ကားများ၏ စုစုပေါင်း ကမ္ဘာတစ်ဝန်း ဝင်ငွေမှာလည်း အမေရိကန်ဒေါ်လာ တစ်ဘီလီယံကျော်ထိ စံချိန်တင်ရှိလာခဲ့သည်။

Lionsgate ရုပ်ရှင်ကုမ္ပဏီသည် John Wick မူကွဲဇာတ်ကားများဖြစ်သည့် Ballerian ဇာတ်ကားကို ၂၀၂၄ ခုနှစ် ဇွန် ၇ ရက်တွင် ရုံတင်ပြသရန် စီစဉ်ထားကြောင်း သိရသည်။ KKO

# Measures taken to prevent seawater inflow, drinking water shortages in case of natural disaster in Yangon



Photo shows a river bank in Yangon Region.

**Yangon May 28**

Measures have been taken to prevent seawater inflow and drinking water shortages if a natural disaster befalls Yangon Region, according to Yangon Region Department of Irrigation and Water Utilization Management.

Close to the sea, Yangon Region is prone to natural disasters and sea ties. It is the commercial capital of Myanmar with a dense population. Many townships of the region engage in agriculture as a major business. There are over 1 million acres of farmland.

Therefore, measures are being taken to prevent seawater inflow and drinking water shortages if the region is hit by a natural disaster.

The State has built 9 dams, 49 flood and seawater prevention dams, 160 sluice gates and 22 river-water pumping stations.

As the monsoon sets in, the department is cooperating with the Yangon City Development Committee in ensuring enough running and drinking water in the region if a disaster comes. Maritime monitoring teams have been formed for preventive and preparedness measures. Moreover, necessary emergency equipment and machinery have been stockpiled. Currently, dam maintenance tasks are being carried out despite their durability. Enough drinking water has also been stored. 336

# Over 280 cooperative societies formed and registered in April

**Nay Pyi Taw May 28**

A total of 283 cooperative societies were formed and registered in April in 2023-2024 FY, according to reports from the Cooperative Department.

The department allowed the registration of 5 associations in April, 8 associations in May, 11 associations in June, 18 associations in July, 5 associations in August, 23 associations in September, 89 associations in October, 19 associations in November, 22 associations in December, 26 associations in January, 22 associations in February, and 35 associations in March in 2023-2024 FY, totaling 283 cooperative societies.

In 2023-2024 FY, it allowed 19 associations to register in April 2023.

Therefore, as of the end of April 2023, there are 38,779 cooperative societies that have been formed and registered nationwide.

These cooperatives include 32,035 manufacturing cooperatives, 3,619 service cooperatives and 3,125 trade cooperatives. 336

# Free course for mushroom breeding and production to be opened in June

**Nay Pyi Taw May 28**

The Ministry of Agriculture, Livestock and Irrigation will conduct a training course on mushroom breeding and production for free in June, according to the reports released by the ministry on May 24.

Mushroom farming businesses do not require a lot of space to operate and can be operated with little investment capital.

It is an agricultural business that can be affected by the return of investment money in a short period of time.

Therefore, the ministry has established and opened five mushroom research and technology development farms, and is mainly involved in mushroom production, distribution and technology dissemination. In the multi-agency training schools under the ministry, various mushroom cultivation and production courses are also open and taught for free.

Although the course fee is free and the trainees will be allowed to live in the training center for free, the trainees will have to bear the costs of food, course notes, practical work, and the expenses for external mushroom farm study trips. 336



A mushroom breeding process.

# Shounter Pass avalanche kills 11 people from nomadic tribe in Pakistan

**Islamabad May 28**

At least 11 people from a nomadic tribe, including a four-year-old boy, have been killed in an avalanche in northern Pakistan.

The snow struck as the group crossed a mountainous area in the Shounter Pass with their goat herds.

A further 25 people have been injured and a rescue operation is ongoing.

Pakistan's Prime Minister Shehbaz Sharif expressed grief over the deaths, and said incidents such as avalanches were increasing due to climate change.

The avalanche happened in the early hours of Saturday in part of the pass that bridges the Astore district of the Gilgit Baltistan region to neighbouring Azad Kashmir, in Pakistan-administered Kashmir.

Four women and a four-year-old boy were among those who died, senior police officer Ziarat Ali said, as quoted by the Associated Press news agency.

Rescue teams have faced challenges in reaching the area due to its remote location and difficult terrain.

Troops have been helping local officials with the rescue operation, and two military helicopters were scrambled. According to witnesses, local residents also joined the effort to rescue people trapped under the snow.

In a tweet, Prime Minister Sharif said the disaster had "caused great grief and loss of precious lives". BBC

# US debt ceiling: Democrats and Republicans agree deal in principle, Joe Biden says

**Washington May 28**

President Joe Biden and his Republican opponents have announced they have agreed in principle to raise the US debt ceiling and avert a default.

President Joe Biden described the agreement as a "compromise", while House Speaker Kevin McCarthy said it "was worthy of the American people".

The deal, after weeks of bitter negotiations, still needs to be approved by a divided Congress.

The Treasury has warned the US will run out of money on 5 June without a deal.

The US must borrow money to fund the government because it spends more than it raises in taxes.

Republicans have been seeking spending cuts in areas such as education and other social programmes in exchange for raising the $31.4tn (£25tn) debt limit.

Details of the tentative deal have not officially been released - but CBS, the BBC's partner in the US, reported that non-defence government spending would be kept flat for two years and then rise by 1% in 2025.

It was unclear how exactly a government programme that provides food-purchasing assistance for people on low or no incomes would change. BBC



# Plan underway to drop more than 100,000 seeds from hot-air balloons in PyinOoLwin Township


A hot-air balloon seen before being released.

**PyinOoLwin May 28**

Local authorities decided to scatter more than 100,000 seeds by hot-air balloons in PyinOoLwin Township of Mandalay Region as part of growing trees in Monsoon, said Chairman U Aung Myo Paing of PyinOoLwin-based Green Challenge Association.

These seeds will comprise that of shade and flowery plants in monsoon of 2023.

"We will release three hot-air balloons this year to drop seeds. It will be the seed balls made of humus. Each hot-air balloon will carry 15,000 seed balls in addition to some 50,000 seeds in loose. Hence, three hot-air balloons will scatter some 150,000 seeds," said the chair.

Green Challenge Association set a plan to release hot-air balloons as from 2 September to September in PyinOoLwin Township. These seeds will be scattered at 19th-mile fire station corner pagoda, Mandalay-PyinOoLwin road, Paypin Village-tract, Thandaung village, Pyinsa-Yeywa road, Thasitaung, Hsinbyuin village, PanUtaung village-tract, Latmyethna pagoda precinct, three-storey refectory and Ward 10 with the use of four hot-air balloons. ASH

# Seintalone mango from plain areas get good price in China

**Mandalay May 28**

As now is time of yielding number of Seintalone mango in Mandalay Region, such kind of fruits exported to China get good price in the market, said Secretary U Kyaw Soe Naing of Myanmar Mango Market and Technical Development Association (Mandalay).

Currently, Seintalone mango from the middle area of Myanmar is exported to Chinese market. These mango fruits are gradually be lesser due to climatic conditions and impacts of strong winds. Hence, Seintalone fruit from other regions fetch good prices in Chinese market. In China, Seintalone fetches 120 to 130 yuan per 16-kilo basket,


Seintalone mangoes packed in baskets.

"Prices of mango went up again in Chinese market. On recent days, export of mango was suspended due to larger number of export vehicles. At present, farmers and merchants connect with each other in exportation process. Now, Seintalone mango from Sagaing starts harvesting, and followed by Taunggyi and other upper regions. One 16-kilo basket of Seintalone fruit fetches K45,000 to K50,000," he added.

If Seintalone mango runs out, businesspersons plan to export Meithi, Shwehintha, Padamyar Ngamauk and Yinkwe fruits to the foreign market. This season, quality mango fruits get good prices. 185

# Water purifier trucks distribute drinking water to locals in Mocha-hit areas

**Sittway May 28**

The Ministry of Cooperatives and Rural Development on 24 May stated that water purifier trucks supply drinking water to locals in Mocha-Hit areas in Rakhine State.

These trucks pump from water to be purified for local consumption. Up to 24 May, three trucks were used in Sittway, one in Minbya and two in Yathedaung.

Moreover, it was reported that 50 Life Staw water purifiers have been distributed to Sittway, Pauktaw, Yathedaung, Ponnagyun, Kyauktaw, MraukU and Minbya township.s

Moreover, 60 more Life Staw water purifiers will be sent to the Mocha-affected areas. These purifiers will be used in purifying the water from local water lakes for public consumption.

Arrangements have been made to soonest repair roads and retaining walls damaged by the storm in Sittway. The Department of Bridges under the Ministry of Construction is building a 140 feet long and 18 feet wide bailey bridge on The Creek on Sittway-Palinpyin road.

336

## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ ammunition is tantamount to protecting the lives and property of innocent people.

# Plan to hatch domestic fish species Crossochilus, folk-tailed catfish, shark-like freshwater catfish

**Mandalay May 28**

Thayetkon fish farm in Mandalay Region plans to hatch three domestic fish species namely Crossochilus, folk-tailed catfish, shark-like freshwater catfish this year, said staff officer U Tun Naung Win of the camp.

The project aims to prevent depletion of domestic fish species. Hence, the fish camp will hatch these species in order to develop freshwater fish species. Hence, the camp will hatch Crossochilus, folk-tailed catfish and shark-like freshwater catfish as from June of this year.

"Thayetkon camp breeds rare domestic fish species through research process. It aims to produce domestic fish species for local fish farmers to capture domestic fish in water sources of the country. If so, the country will have fish sufficiency and food security. Moreover, such kinds of process aim to enable local fish farmers to have job opportunities. Hence, the camp plans to hatch domestic fish species at home with least cost," said the staff officer.

Thayetkon fish camp hatches 10 species of fish including rohu, golden sturgeon, barbus, grass-eaten sturgeon, silver sturgeon, big head sturgeon, Catla, white sturgeon and tilapia. As part of conservation of fish species, the camp will hatch three rare domestic fish species. 185


Fish caught in a net.

# နိုင်ငံတကာစစ်မှုရေးရာအပြားပြား

## AUKUS မဟာမိတ်အဖွဲ့က AI စွမ်းအင်သုံး ဒရုန်းအုပ်များကို စမ်းသပ်ပြသခဲ့



AUKUS မဟာမိတ်အဖွဲ့ နိုင်ငံများဖြစ်သည့် အမေရိကန်၊ ဗြိတိန်နှင့် ဩစတြေးလျ နိုင်ငံတို့သည် AI စွမ်းအင်သုံး ဒရုန်းအုပ်များကို စမ်းသပ်ပြသခဲ့ပြီး လုံခြုံရေးသဘောတူညီချက်အရ အဖွဲ့ဝင်နိုင်ငံများကြားတွင် ပထမဆုံးအကြိမ် ပူးပေါင်းဆောင်ရွက်မှုလည်းဖြစ်ကြောင်း မေ ၂၇ ရက်တွင် တာဝန်ရှိသူများက ဖော်ပြခဲ့ကြသည်။

မဟာမိတ်များသည် ပြီးခဲ့သောလနှောင်းပိုင်းတွင် ဗြိတိန်နိုင်ငံ Wiltshire မြို့တွင် နည်းလမ်းသုံးသွယ် စွမ်းရည်များစမ်းသပ်ခြင်းကို လုပ်ဆောင်ခဲ့ပြီး အမေရိကန် စစ်ဘက်၏အဆိုအရ ကနဦးပူးပေါင်းပျံသန်းလေ့ကျင့်ခြင်းနှင့် AUKUS နိုင်ငံများကြား AI များအချင်းချင်း အပြန်အလှန် ချိတ်ဆက်ပျံသန်းလုပ်ဆောင်ခြင်းကို ပထမဆုံးအကြိမ် အောင်မြင်စွာ လုပ်ဆောင်နိုင်ခဲ့ကြသည်ဟု သိရသည်။

အဆိုပါစမ်းသပ်မှုတွင် ဩစတြေးလျ၊ ဗြိတိန်နှင့်အမေရိကန်တို့၏ AI စနစ်သုံး ဒရုန်းအများအပြား အုပ်ဖွဲ့၍ပတ်ဝန်းကျင်အခြေအနေတစ်ရပ်တွင် စစ်ဘက်ဆိုင်ရာပစ်မှတ်များကို အချိန်နှင့်တစ်ပြေးညီရှာဖွေထောက်လှမ်းရန်နှင့် ခြေရာခံထိန်းကျောင်းနိုင်ရန် ပူးပေါင်းလုပ်ဆောင်နိုင်ခဲ့သည်ကို မြင်တွေ့ခဲ့ရကြောင်း ပင်တဂွန်စစ်ဌာနချုပ်က မေ ၂၆ ရက်တွင် ထုတ်ပြန်ခဲ့သည်။

ဗြိတိန်နိုင်ငံ၏ ကာကွယ်ရေးသိပ္ပံနှင့် နည်းပညာဓာတ်ခွဲခန်းဌာနက ကြီးမှူးကျင်းပသည့် ဒရုန်းအုပ်ပျံသန်းစမ်းသပ်မှုများကို AUKUS မိတ်ဖက်အဖွဲ့၏ အပိုင်း(၂)၏ တစ်စိတ်တစ်ပိုင်းအနေဖြင့် ပြုလုပ်ခဲ့ခြင်းဖြစ်ပြီး မဟာမိတ်သုံးနိုင်ငံကြား အင်ဒို-ပစိဖိတ်ဒေသ တည်ငြိမ်ရေးနှင့် လုံခြုံရေး အဆင့်မြှင့်တင်ရန်အတွက် ပူးတွဲအဆင့်မြင့် စစ်ရေးစွမ်းရည်များကို ဖော်ဆောင်ပေးရန် ရည်ရွယ်ပြုလုပ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ဒရုန်းအုပ်ဖွဲ့ ပျံသန်းစမ်းသပ်မှုနှင့်ပတ်သက်၍ ကျယ်ကျယ်ပြန့်ပြန့် အသေးစိတ်အချက်အလက်များကို တာဝန်ရှိသူများက ထုတ်ဖော်ပြောကြားခြင်းမရှိသော်လည်း Blue Bear Ghost နှင့် Boeing၊ Insitu CT220 မောင်းသူမဲ့လေယာဉ်များကို စမ်းသပ်ခဲ့သည့် စစ်ဘက်နှင့်အရပ်ဘက် ကာကွယ်ရေးဝန်ထမ်း ၇၀ ကျော်နှင့် စက်မှုလုပ်ငန်း ကန်ထရိုက်တာကုမ္ပဏီများ ပါဝင်ခဲ့ကြောင်း ဗြိတိန်စစ်ဘက်က ပြောကြားခဲ့သည်။

ဗြိတိန်နိုင်ငံတပ်ဖွဲ့များသည် သရုပ်ပြစမ်းသပ်မှုအတွက် တင့်ကားများနှင့်သံချပ်ကာယာဉ်များစွာကို ထောက်ပံ့ပေးခဲ့ပြီး ပုဂ္ဂလိကကန်ထရိုက်တာများသည် ယခင်ဆလိုဗက်ကီးယားတွင် ထုတ်လုပ်ခဲ့သော Self-Propelled ဟောင်ဝစ်ဇာများနှင့် ဆိုဗီယက်ခေတ် BMP ကားအများအပြားကို ထောက်ပံ့ပေးခဲ့သည်။

စစ်မြေပြင်ရှိ စစ်ဘက်ဆိုင်ရာပစ်မှတ်များကို ခြေရာခံရန်ဒရုန်းများ၏ စွမ်းရည်ကို စမ်းသပ်ရန်အတွက် အဆိုပါဒရုန်းအုပ်များကို အသုံးပြုခဲ့သည်။

"ဒီစမ်းသပ်မှုဟာ AUKUS ရဲ့ စစ်ဘက်ဆိုင်ရာ အားသာချက်တွေကိုပြသလိုက်တာဖြစ်ပြီး အလားအလာရှိတဲ့ ရန်သူတွေကို အကွာအဝေးအတော်များများကနေ ဖော်ထုတ်ဖို့၊ ခြေရာခံပြီး တန်ပြန်ဖို့ မဟာမိတ်အဖွဲ့အနေနဲ့ လုပ်ဆောင်နေပါတယ်"ဟု ဗြိတိန်ကာကွယ်ရေးဝန်ကြီးဌာန အကြီးတန်းအရာရှိ ဒုတိယဗိုလ်ချုပ်ကြီး Rob Magowan က ပြောကြားသည်။

ဩစတြေးလျစစ်ဘက်က အဆိုပါစမ်းသပ်မှု၌ ဒရုန်းများပျံသန်းမှုတွင် တိုက်ရိုက်ပါဝင်လေ့ကျင့်ခြင်းအပါအဝင် ကမ္ဘာ့ပထမဆုံးပြုလုပ်နိုင်မှုများစွာကို အောင်မြင်အောင် လုပ်ဆောင်နိုင်ခဲ့သည်ဟု ဗြိတိန်ကာကွယ်ရေးဝန်ကြီးဌာန အကြီးတန်းအရာရှိ ဒုတိယဗိုလ်ချုပ်ကြီး Rob Magowan က ဆက်လက်ပြောကြားသည်။

**Anti-China bloc tests AI-powered drone swarms ကို ဘာသာပြန်ဆိုထားပါသည်။**

## ယူကရိန်းသို့ အမေရိကန်ဒေါ်လာ ၂၈၅ သန်းတန် NASAMS လေကြောင်းရန်ကာကွယ်ရေးစနစ်များရောင်းချရန် အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာနက ခွင့်ပြုလိုက်သည်ဟု ပင်တဂွန်စစ်ဌာနချုပ်ပြော

အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာနသည် ယူကရိန်းနိုင်ငံသို့ ရောင်းချရန် ဆိုင်းငံ့ထားသည့် အမေရိကန်ဒေါ်လာ ၂၈၅ သန်းတန်ဖိုးရှိ NASAMS လေကြောင်းရန်ကာကွယ်ရေးစနစ်များ ရောင်းချရန် ခွင့်ပြုပေးခဲ့ကြောင်း ပင်တဂွန်စစ်ဌာနချုပ်က မေ ၂၄ ရက်တွင် ပြောကြားခဲ့သည်။

အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာနသည် အမျိုးသား အဆင့်မြင့်မြေပြင်မှ ဝေဟင်ပစ်ဒုံးကျည်စနစ်(NASAMS)နှင့် ဆက်စပ်ပစ္စည်းများကို ခန့်မှန်းခြေ အမေရိကန်ဒေါ်လာ ၂၈၅ သန်းဖြင့် ယူကရိန်းအစိုးရထံ နိုင်ငံခြားစစ်ဘက်ရောင်းချမှုတစ်ရပ်ကို ရောင်းချပေးရန် အတည်ပြုဆုံးဖြတ်ခဲ့ကြောင်း အမေရိကန်ကာကွယ်ရေးနှင့်လုံခြုံရေးပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီက (DSCA) ၏ ထုတ်ပြန်ချက်တွင် ပြောကြားခဲ့သည်။

ပင်တဂွန်၏ အဆိုအရ ယူကရိန်းနိုင်ငံသည် AN/MPQ-64F1 Sentinel Radar အပြင် Fire Distribution Center (FDC)၊ Canister ဒုံးပစ်လောင်ချာများ၊ လုံခြုံစိတ်ချရသောဆက်သွယ်ရေးစနစ်များ၊ GPS လိုင်းဖမ်းစက်များ၊ Code Loaders များနှင့် Cable Sets များ၊ ကိရိယာတန်ဆာပလာများ၊ စမ်းသပ်ရေးကိရိယာများ၊ ပံ့ပိုးရေးပစ္စည်းကိရိယာများ၊ Prime Mover နောက်တွဲမော်တော်ယာဉ်ကြီးများ၊ မီးစက်များ၊ နည်းပညာဆိုင်ရာစာရွက်စာတမ်းများ၊ အပိုပစ္စည်းများ၊ ကန်ထရိုက်တာ၏ နည်းပညာဆိုင်ရာပံ့ပိုးကူညီမှု အစရှိသည်တို့ပါဝင်သော နောက်ထပ် NASAMS လက်နက်စနစ် တစ်စုံကိုဝယ်ယူရန် တောင်းဆိုထားသေးကြောင်း သိရသည်။

ယူကရိန်းနိုင်ငံသည် ၎င်းတို့အတွက် ကနေဒါနိုင်ငံက ဝယ်ယူပေးခဲ့သည့် NASAMS လေကြောင်းရန်ကာကွယ်ရေးလက်နက်စနစ်ကို ၂၀၂၂ ခုနှစ် နိုဝင်ဘာလထဲတွင် လက်ခံရရှိခဲ့ပြီးဖြစ်သည်။ သို့သော်လည်း NASAMS လက်နက်စနစ် တပ်ခွဲ အသစ် တစ်စုံစာကို ထုတ်လုပ်ရာတွင် ခန့်မှန်းခြေအားဖြင့် နှစ်နှစ်ခန့်အချိန်ယူရလေ့ရှိသည်။ ပင်တဂွန်စစ်ဌာနချုပ်သည် ယူကရိန်းသို့ပေးအပ်ရန် ရောင်းချပြီးသော နိုင်ငံများမှ ရယူရမည်ဖြစ်ပြီး နောက်ပိုင်း ၎င်းတို့နေရာတွင် အစားထိုးပြန်လည်ပေးအပ်သွားမည်ဟု ကတိပြုထားသောကြောင့် ယူကရိန်းသို့ အဆိုပါလေကြောင်းရန်ကာကွယ်ရေး လက်နက်စနစ်အများအပြား ထပ်မံပို့ဆောင်ပေးရန် တွန်းဆုတ်နေခဲ့သည်။

ယခုတစ်ကြိမ်တွင် ယူကရိန်းအတွက် ၎င်း၏ NASAMS လက်နက်စနစ်ကို ပေးအပ်သွားနိုင်ရေးအတွက် မည်သည့်နိုင်ငံက ကမ်းလှမ်းခဲ့သည်ကို ပင်တဂွန်စစ်ဌာနချုပ်က ပြောကြားထားခြင်းမရှိပေ။



NASAMS လေကြောင်းရန်ကာကွယ်ရေးလက်နက်စနစ်သည် AIM-9X Sidewinder နှင့် AIM-120 AMRAAM ဝေဟင်ပစ် ဒုံးကျည်များအတွက် မြေပြင်အခြေစိုက် ပစ်လွှတ်တိုက်ခိုက်နိုင်သည့် စနစ်မျိုးအဖြစ် ဒီဇိုင်းထုတ်ထားသည့် အမေရိကန် ကန်ထရိုက်တာ Raytheon နှင့်နော်ဝေနိုင်ငံမှ Kongsberg တို့ ပူးပေါင်းထုတ်လုပ်ထားသည့်လက်နက်စနစ်ဖြစ်ပြီး ဒုံးပစ်လောင်ချာစနစ်တစ်ခုစီသည် ဒုံးကျည်ခြောက်စင်းကို သယ်ဆောင်တိုက်ပွဲဝင်နိုင်သည်။

ပြီးပြည့်စုံသော NASAMS တပ်ခွဲတစ်ခွဲတွင် တိုက်ပွဲဝင် Firing Unitလေးခုထိပါဝင်ပြီး တစ်ခုစီတွင် ဒုံးပစ်လောင်ချာသုံးလက်၊ အဆင့်မြှင့်တင်ထားသော AN/MPQ-64F1 Sentinel ရေဒါတစ်ခု၊ ပစ်ခတ်မှုထိန်းချုပ်ရေးယာဉ် တစ်စီးနှင့် MS-P500 Electro-Optical Camera တပ်ဆင်ထားသောယာဉ် တစ်စီးတို့ ပါဝင်ဖွဲ့စည်းထားကြောင်း သိရသည်။

**Pentagon: State Dept Approves $285 Million Sale of NASAMS Air Defense Systems to Ukraine ကို ဘာသာပြန်ဆိုထားပါသည်။**

**မင်းမျိုး**

# တန့်ဆည်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မိုးစပါးဧက ၉၀၀၀၀ ကျော် စိုက်ပျိုးသွားမည်



ယခင်နှစ်က စပါးစိုက်ခင်းကို တွေ့ရစဉ်။

**ရေဦး မေ ၂၈**

စစ်ကိုင်းတိုင်းဒေသကြီး ရေဦးခရိုင် တန့်ဆည်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မိုးစပါးဧက ၉၀၀၀၀ ကျော်စိုက်ပျိုးသွားမည်ဖြစ်ကြောင်း ရေဦးခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဇော်မြင့်ထွန်းက ပြောပြ၍ သိရသည်။

ပြီးခဲ့သည့် မိုးသီးနှံစိုက်ပျိုးရာသီက တန့်ဆည်မြို့နယ်တွင် မိုးစပါး ၉၁၃၉၅ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ တန့်ဆည်မြို့နယ်တွင် မိုးစပါး ၉၁၃၅၉ ဧက စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီမှာ တန့်ဆည်မြို့နယ်အတွင်း မိုးစပါးဧက ၉၀၀၀၀ ကျော်စိုက်ပျိုးဖို့ လျာထားပါတယ်။ မနှစ်ကတော့ မိုးစပါးဧက ၉၀၇၀၀ ကျော် လျာထားစိုက်ပျိုးခဲ့တာ မိုးစပါးဧက ၉၁၀၀၀ ကျော် စိုက်ပျိုးနိုင်ခဲ့တယ်။ လျာထားဧကထက် ကျော်လွန်အောင်စိုက်ပျိုးနိုင်ခဲ့ပါတယ်။ ဒီနှစ်မှာလဲ မိုးစပါး လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်နေပါတယ်။ မိုးစပါးစိုက်ပျိုးရာသီမှာ အချိန်မီစိုက်ပျိုးကြဖို့၊ အထွက်နှုန်းကောင်းမွန်တဲ့ မျိုးကောင်းမျိုးသန့်တွေ စိုက်ပျိုးကြဖို့၊ စီးပွားမျိုးတွေစိုက်ပျိုးကြဖို့ ဆောင်ရွက်နေပါတယ်"ဟု ရေဦးခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဇော်မြင့်ထွန်းက ပြောပြသည်။

တန့်ဆည်မြို့နယ်တွင် ယခုနှစ် မိုးစပါး စိုက်ပျိုးတောင်သူများအတွက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးနိုင်ရန်၊ မိုးသီးနှံများအချိန်မီစိုက်ပျိုးရန်၊ သဘာဝမြေဩဇာများ ပြုလုပ်သုံးစွဲနိုင်ရန်၊ စီးပွားမျိုးများ စိုက်ပျိုးကြရန် နည်းပညာပေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း ရေဦးခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ထို့ပြင် ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီ၌ တန့်ဆည်မြို့နယ်တွင် နွေစပါးဧက ၃၃၀၀၀ စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် ဖေဖော်ဝါရီလမှ ဧပြီလထိ စိုက်ပျိုးခဲ့ရာ နွေစပါးဧက ၇၄၈၀ စိုက်ပျိုးနိုင်ခဲ့ကြောင်း ရေဦးခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဇော်မြင့်ထွန်းက ပြောပြ၍ သိရသည်။

(၂၀၆)

# သနပ်ပင်မြို့နယ် ကျိုက်မဲကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းပြီးစီးမှု စစ်ဆေး

**သနပ်ပင် မေ ၂၈**

ပဲခူးတိုင်းဒေသကြီး ပဲခူးခရိုင် သနပ်ပင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ကျိုက်မဲကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းအတိုးရငွေများဖြင့် ကျေးရွာအနောက်မြောက်ပိုင်းလမ်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် သနပ်ပင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်သန္တာဦးရွှေနှင့် တာဝန်ခံအင်ဂျင်နီယာဝန်ထမ်းများက ကျိုက်မဲကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းအတိုးရငွေကျပ် ၁၀ သန်းဖြင့် ကျေးရွာအနောက်မြောက်ပိုင်းလမ်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူး ဒေါ်သန္တာဦးရွှေက ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များနှင့် တွေ့ဆုံကာ လုပ်ငန်းများ ရေရှည်တည်တံ့ခိုင်မြဲအောင် ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်ကြရန် ဆွေးနွေးမှာကြားသည်။



ကျိုက်မဲကျေးရွာ၌ လမ်းအရှည် ပေ ၄၀၀၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မရှိ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို မြစိမ်းရောင်ကျေးရွာစီမံကိန်းအတိုးရငွေကျပ် ၁၀ သန်းဖြင့် ကျေးရွာပြည်သူများက လုပ်အားထည့်ဝင်၍ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက နည်းပညာပံ့ပိုးကာ ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ယခုနှစ် မတ်လ ပထမပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါ ကွန်ကရစ်လမ်းခင်းခြင်း လုပ်ငန်းဆောင်ရွက်နိုင်မှုကြောင့် ကျေးလက်နေပြည်သူများ ယခင်ကထက် လမ်းပန်းဆက်သွယ်ရေး ပိုမိုကောင်းမွန်လာပြီး လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း သိရသည်။ **သန္တာ**

# သိန်းနီမြို့နယ် ပိန်းဟုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**သိန်းနီ မေ ၂၈**

ရှမ်းပြည်နယ် (မြောက်ပိုင်း) သိန်းနီမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ပိန်းဟုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေ ၁၇ ကြိမ်မြောက် ထုတ်ချေးခြင်းကို မေ ၂၇ ရက်က အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ သိန်းနီမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးရာဇာအောင်က မြစိမ်းရောင်ကျေးရွာစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြင့် ကျေးလက်နေပြည်သူများ အလုပ်အကိုင် အခွင့်အလမ်းများ ရရှိစေပြီး မိသားစုဝင်ငွေတိုးပွားလာကာ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန် အကျိုးပြုစေမည်ဖြစ်ကြောင်း၊ ရရှိလာသော မြစိမ်းရောင်ကျေးရွာစီမံကိန်းအတိုးရငွေဖြင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ သိန်းနီမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ မြစိမ်းရောင်စီမံကိန်း တာဝန်ခံနှင့် ဝန်ထမ်းများက ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့်စည်းကမ်းချက်များ၊ အတိုးနှုန်းသတ်မှတ်ချက်များ၊ ပြန်ဆပ်ရမည့်ကာလများနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၅၉ ဒသမ ၁၅ သန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက ပိန်းဟုန်းကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၉၅ ဦး၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ သုံးဦး၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းလုပ်ကိုင်သူ တစ်ဦး စုစုပေါင်းအသင်းသား၊ အသင်းသူ ၉၉ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၅၉ ဒသမ ၁၅ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**ကျော်စောဦး(မောရှမ်းမြေ)**




## မန္တလေးမြို့ ကုန်စည်ဈေးနှုန်းများ

**၂၈-၅-၂၀၂၃**

**ရွှေ**

| | | |
|---|---|---|
| ၁၆ပဲရည် (တစ်ကျပ်သား) | ကျပ် | ၂၈၉၀၀၀၀ |
| ၁၅ပဲရည် (တစ်ကျပ်သား) | ကျပ် | ၂၈၂၈၀၀၀ |

**(ဓွဲထက်ရွှေဆိုင်၏ ဈေးနှုန်းများသာဖြစ်ပါသည်။)**

**ဆန်**

| | | |
|---|---|---|
| ရွှေဘိုဧည့်ကျား (ပေါ်ဆန်း) (တစ်အိတ်) | ကျပ် | ၈၈၀၀၀/၉၅၀၀၀ |
| ပုသိမ်(ပေါ်ဆန်းမွှေး)(တစ်အိတ်) | ကျပ် | ၇၂၀၀၀/၈၆၀၀၀ |
| ဖျာပုံ(ပေါ်ဆန်းမွှေး) (တစ်အိတ်) | ကျပ် | ၇၄၀၀၀/၇၉၀၀၀ |
| မဂျမ်းတော(အသစ်) (တစ်အိတ်) | ကျပ် | ၈၅၀၀၀/၉၅၀၀၀ |
| မနောသုခ(အသစ်)(ပုသိမ်)(တစ်အိတ်) | ကျပ် | ၆၀၀၀၀/၆၅၀၀၀ |
| ဧည့်ဗီယာ(အသစ်) (တစ်အိတ်) | ကျပ် | ၅၅၀၀၀/၅၇၀၀၀ |
| မနောသုခ(အသစ်)(မတ္တရာ)(တစ်အိတ်) | ကျပ် | ၅၆၀၀၀/၅၈၀၀၀ |

**စားဆီ**

| | | |
|---|---|---|
| ပဲဆီ (တစ်ပိဿာ) | ကျပ် | ၁၂၅၀၀/၁၃၅၀၀ |
| နှမ်းဆီ (တစ်ပိဿာ) | ကျပ် | ၁၀၀၀၀/၁၁၀၀၀ |
| နေကြာဆီ (တစ်ပိဿာ) | ကျပ် | ၁၂၀၀၀/၁၃၀၀၀ |
| စားအုန်းဆီ (တစ်ပိဿာ) | ကျပ် | ၆၀၀၀/၆၅၀၀ |

**စက်သုံးဆီ**

| | | |
|---|---|---|
| ဒီဇယ်(ရိုးရိုး) (တစ်လီတာ) | ကျပ် | ၁၉၄၀ |
| ဒီဇယ်(ပရီမီယံ) (တစ်လီတာ) | ကျပ် | ၂၀၂၀ |
| ခာတ်ဆီ(တစ်လီတာ) | ကျပ် | ၁၉၀၅ |
| အောက်တိန်း(၉၂) (တစ်လီတာ) | ကျပ် | ၂၀၂၅ |
| အောက်တိန်း(၉၅) (တစ်လီတာ) | ကျပ် | ၂၁၃၀ |

**(သာ စက်သုံးဆီဆိုင်၏ ဈေးနှုန်းများသာဖြစ်ပါသည်။)**

**အိမ်ဆောက်ပစ္စည်းဈေးနှုန်းများ**

**ဘိလပ်မြေ**

| | | |
|---|---|---|
| အယ်ဖာအမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၂၀ |
| AAA အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၀၀ |
| Apache အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| Crown အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၂၀၀ |
| ကြံ့နှစ်ကောင်အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |

**သံချောင်း**

| | | |
|---|---|---|
| တစ်မတ်လုံး (တစ်တန်) | ကျပ် | ၁၇၀၀၀၀၀ |
| ငါးမူးလုံး (တစ်တန်) | ကျပ် | ၁၄၀၀၀၀၀ |
| သုံးမူးလုံး(တစ်တန်) | ကျပ် | ၁၃၁၀၀၀၀ |
| ခြောက်မူးလုံး (တစ်တန်) | ကျပ် | ၁၂၉၀၆၀၀ |
| ကျပ်လုံး (တစ်တန်) | ကျပ် | ၉၉၈၀၀၀ |

**အိမ်မိုးသွပ်**

| | | |
|---|---|---|
| (၆၊၇၊၈)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၁၀၀ |
| (၉၊၁၀)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၂၅၀ |
| (၁၁၊၁၂)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၄၀၀ |

(၁၈၅)

# ရခိုင်ပြည်နယ်အတွင်း ဆိုင်ကလုန်းမုန်တိုင်း(မိုခါ)တိုက်ခတ်မှုကြောင့် ပျက်စီးမှုများဖြစ်ပေါ်ခဲ့သည့်ဒေသများ၌ ဒေသအလိုက်ခန့်အပ်တာဝန်ပေးသူများက သက်ဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ကူညီဆောင်ရွက်လျက်ရှိ



ဗိုလ်မှူးချုပ်ခင်ဇော် ကျောင်းဖွင့်ချိန်အမီ ကျောင်းများဖွင့်လှစ်နိုင်ရေးအတွက် ပျက်စီးမှုများဖြစ်ပေါ်ခဲ့သည့်ကျောင်းများမှ ဆရာ၊ ဆရာမများနှင့် ကျောင်းအုပ်ကြီးများ၊ ဆောက်လုပ်ရေးအဖွဲ့များကို တွေ့ဆုံစဉ်။



ဗိုလ်မှူးချုပ်ကျော်ကျော်စိုး ကူညီကယ်ဆယ်ရေးပစ္စည်းများကို လေဘေးသင့်ပြည်သူများထံသို့ အမြန်ရောက်ရှိရေးအတွက် မြို့နယ်သဘာဝဘေးပြန်လည်ထူထောင်ရေး ကော်မတီဝင်များနှင့် ညှိနှိုင်းဆွေးနွေးစဉ်။

**နေပြည်တော် မေ ၂၈**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် ဆိုင်ကလုန်းမုန်တိုင်း(မိုခါ)တိုက်ခတ်မှုကြောင့် ထိခိုက်ပျက်စီးခဲ့သည့်ဒေသများကို သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု ဥပဒေပုဒ်မ ၁၁ အရ သဘာဝဘေးအန္တရာယ်ကျရောက်သောဒေသများအဖြစ် ကြေညာချက်များထုတ်ပြန်၍ ယင်းကြေညာချက်များပါ ဒေသများတွင် ပြန်လည်ထူထောင်ရေးလုပ်ငန်းများဆောင်ရွက်နိုင်ရန် ဒေသအလိုက် တပ်မတော်အရာရှိကြီးများကို ခန့်အပ်တာဝန်ပေးထားပြီးဖြစ်သည်။

ထိုသို့ပြန်လည်ထူထောင်ရေးလုပ်ငန်းများဆောင်ရွက်ရန်အတွက် ခန့်အပ်တာဝန်ပေးအပ်ထားရှိရာ မေ ၂၇ ရက်တွင် မြောက်ဦးခရိုင် မင်းပြားမြို့နယ်သို့ရောက်ရှိနေသော ဗိုလ်မှူးချုပ်ခင်ဇော်သည် တာဝန်ရှိသူများနှင့်အတူ မြို့နယ်ပညာရေးမှူးရုံးခန်းမ၌ ကျောင်းဖွင့်ချိန်အမီ ကျောင်းများဖွင့်လှစ်နိုင်ရေးအတွက် ပျက်စီးမှုများဖြစ်ပေါ်ခဲ့သည့် ကျောင်းများမှ ဆရာ၊ ဆရာမများနှင့် ကျောင်းအုပ်ကြီးများ၊ ဆောက်လုပ်ရေးအဖွဲ့များကိုတွေ့ဆုံ၍ ကျောင်းအဆောက်အအုံများ ဆောက်လုပ်ပြီးစီးနိုင်ရေးအတွက် ညှိနှိုင်းဆောင်ရွက်ပေးသည်။ ထို့နောက် မင်းပြားမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးခန်းမ၌ မုန်တိုင်းသင့်ရပ်ကွက်၊ ကျေးရွာများမှဒေသခံပြည်သူများအား ဆန်နှင့် စားသောက်ဖွယ်ရာများကို လက်ဝယ်အရောက်ထောက်ပံ့ပေးအပ်ပြီး ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက် အားပေးစကားပြောကြားသည်။

အလားတူ မြေပုံမြို့သို့ ရောက်ရှိနေသော ဗိုလ်မှူးချုပ်ကျော်ကျော်စိုးသည် တာဝန်ရှိသူများနှင့်အတူ ယနေ့တွင် လေဘေးသင့်ပြည်သူများအတွက် ရခိုင်ပြည်နယ်အစိုးရအဖွဲ့၏ သဘာဝဘေးပြန်လည်ထူထောင်ရေးကော်မတီနှင့် အလှူရှင်များက ထောက်ပံ့လှူဒါန်းသော တပ်မတော်ကမ်းထိုးရေယာဉ်ဖြင့် တင်ဆောင်ရောက်ရှိလာသည့်ပစ္စည်း ၁၃ မျိုးကို လေဘေးသင့်ပြည်သူများထံသို့ အမြန်ရောက်ရှိရေးတို့အတွက် မြို့နယ်သဘာဝဘေးပြန်လည်ထူထောင်ရေးကော်မတီဝင်များနှင့် ညှိနှိုင်းဆွေးနွေးဆောင်ရွက်ခဲ့သည်။

အလားတူ စစ်တွေမြို့သို့ ရောက်ရှိနေသော ဗိုလ်မှူးချုပ်အောင်ကျော်မိုးသည် စစ်တွေခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ပြုလုပ်သည့် စစ်တွေမြို့အတွင်း စုပေါင်းသန့်ရှင်းရေးဆောင်ရွက်နိုင်ရန်အတွက် ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ လူမှုရေးအသင်းအဖွဲ့များမှတာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေးပွဲသို့တက်ရောက်ခဲ့ပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

# ဆိုင်ကလုန်းမုန်တိုင်း မိုခါ(MOCHA) ပြင်းထန်းတိုက်ခတ်မှုကြောင့် ထိခိုက်ပျက်စီးဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့သော ရခိုင်ပြည်နယ်အတွင်းရှိ မုန်တိုင်းဒဏ်သင့်ပြည်သူများအတွက် ထောက်ပံ့ရေးနှင့် ကူညီကယ်ဆယ်ရေးပစ္စည်းများကို တပ်မတော်(ရေ)မှ စစ်ရေယာဉ်နှင့် MCL ကုမ္ပဏီပိုင်ရေယာဉ်တို့ဖြင့် ပို့ဆောင်

**နေပြည်တော် မေ ၂၈**

ဆိုင်ကလုန်းမုန်တိုင်း မိုခါ(MOCHA) ပြင်းထန်းတိုက်ခတ်မှုကြောင့် ထိခိုက်ပျက်စီးဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့သော ရခိုင်ပြည်နယ် စစ်တွေမြို့ရှိ မုန်တိုင်းဒဏ်သင့်ပြည်သူများကို လိုအပ်သောပစ္စည်းများကူညီထောက်ပံ့မှုများ ဆောင်ရွက်ပေးနိုင်ရန် တပ်မတော်(ရေ)မှ ၂၉ မီတာ ကမ်းထိုးရေယာဉ် ပထမအစီးသည် ရေတံကင်အလုံး ၇၀၊ ကျောင်းစိမ်းဝတ်စုံအထုပ်ကြီး ၁၃ ထုပ်၊ ထောက်ပံ့ပစ္စည်းစုံ ၃၆ ထုပ်၊ ရေသန့်ဆေးပြား ၁၉၈ ဖာ၊ ၅၂ ဂါလန် (ဒီဇယ်)ပီပါအလုံး ၇၀၊ ကယ်ဆယ်ရေးကော်ပုံးကြီး ၂၄ ပုံး၊ မိုးကာစ ၂၄ ထုပ်၊ မိုးကာတဲငုတ်များ၊ အခြေခံလူသုံးကုန်ပစ္စည်းများ စုစုပေါင်းကုန်တန်ချိန် ၂၄ တန်တို့ကို ရေချမ်းပြင်ကမ်းထိုးရပ်၌ တင်ဆောင်၍ ရသေ့တောင်နှင့် ဘူးသီးတောင် ကမ်းထိုးရပ်များသို့လည်းကောင်း၊ ၂၉ မီတာ ကမ်းထိုးရေယာဉ် ဒုတိယအစီးသည် MV. Sunshine ရေယာဉ်မှ သွားတိုက်တံအချောင်း ၂၃၀၀၊ သွားတိုက်ဆေး ၂၅ ဂရမ်ဘူး ၆၀၀၀၊ သွားတိုက်ဆေး ၇၅ ဂရမ်ဘူး ၆၀၀၀၊ လီတာ ၂၀ ရေသန့်ဘူးခွံအလုံး ၅၀၊ MV. Forture ရေယာဉ်မှ သွပ်ချပ် ၅၀၀၀၊ သွပ်သံ ၂၁၆ ဖာ၊ မိုးကာတဲအခု ၂၀၊ ဆန်အိတ် ၁၅၀၊ ဆီ ၂၂၅ ပိဿာ၊ ဆား ၄၅ ပိဿာ၊ ပဲပိဿာ ၄၅၀ ၊ ခေါက်ဆွဲခြောက်ဖာ ၆၀၀၊ ရေသန့်ကတ် ၆၅၀၊ အဝတ်အထည်အထုပ်ကြီး ၁၀ ထုပ်နှင့် အိန္ဒိယနိုင်ငံက ထောက်ပံ့သည့် တာပေါ်လင် ၅၂ လိတ် စုစုပေါင်းကုန်တန်ချိန် ၅၇ တန်တို့ကိုတင်ဆောင်၍ စစ်တွေမှ ပုဏ္ဏားကျွန်း ကမ်းထိုးရပ်သို့လည်းကောင်း ယနေ့နံနက်ပိုင်းတွင် ပို့ဆောင်ပေးသည်။

အလားတူ ယနေ့မွန်းလွဲပိုင်းတွင် ၂၉ မီတာ ကမ်းထိုးရေယာဉ် တတိယအစီးသည် တာပေါ်လင်အလိပ် ၁၀၀၊ သွားတိုက်တံအချောင်း ၂၃၀၀၊ သွားတိုက်ဆေး ၂၅ ဂရမ်ဘူး ၂၁၆၀၊ သွားတိုက်ဆေး ၇၅ ဂရမ်ဘူး ၂၁၀၀၊ အဝတ်အထည်အထုပ်ကြီး ၁၂ ထုပ် စုစုပေါင်းကုန်တန်ချိန် ၁၀ တန်တို့ကို စစ်တွေမြို့ ESSAR တံတား၌ တင်ဆောင်၍ ရေချမ်းပြင်ကမ်းထိုးရပ်သို့လည်းကောင်း၊ ၂၉ မီတာ ကမ်းထိုးရေယာဉ် စတုတ္ထအစီးသည် သစ် ၁၀ ဒသမ ၅ တန်၊ ရေပုံး ၆၈ ပုံး၊ LED မီးလုံး ၄၇၃ လုံး၊ ဆန်အိတ် ၂၀၀၊ ဆီပိဿာ ၃၀၀၊ ဆားပိဿာ ၆၀၊ ပဲပိဿာ ၉၀၀၊ ရေသန့် ၈၇၅ ကတ် စုစုပေါင်းကုန်တန်ချိန် ၂၉ ဒသမ ၅ တန်တို့ကိုလည်းကောင်း၊ ၂၉ မီတာ ကမ်းထိုးရေယာဉ် ပဉ္စမအစီးသည် သွားတိုက်ဆေး ၂၅ ဂရမ်ဘူး ၆၀၀၀၊ သွားတိုက်ဆေး ၇၅ ဂရမ်ဘူး ၆၀၀၀၊ သွားတိုက်တံအချောင်း ၂၃၀၀၊ လီတာ ၂၀ ရေသန့်ဘူးခွံအလုံး ၅၀၊ သွပ်သံ ၂၁၆ ထုပ်၊ မိုးကာတဲအထုပ် ၂၀၊ တာပေါ်လင်လိပ် ၅၀၊ သွပ်ချပ် ၅၀၀၀၊ ခေါက်ဆွဲ



ရခိုင်ပြည်နယ်အတွင်းရှိ မုန်တိုင်းဒဏ်သင့်ပြည်သူများအတွက် ထောက်ပံ့ရေးနှင့် ကူညီကယ်ဆယ်ရေးပစ္စည်းများကို တပ်မတော်(ရေ)မှစစ်ရေယာဉ်နှင့် MCL ကုမ္ပဏီပိုင် ရေယာဉ်တို့ဖြင့် ပို့ဆောင်ပေးစဉ်။

ခြောက်ထုပ် ၁၇၆ ဖာ၊ Shelter repair kit ၃၇ ထုပ်၊ ကြက်ဥအလုံး ၅၆၀၀၊ အဝတ်အထည်အထုပ်ကြီး ၂၅ ထုပ်၊ ရေတံကင်အစုံ ၂၀၊ အိန္ဒိယနိုင်ငံက ထောက်ပံ့သည့် တာပေါ်လင် ၅၂ လိပ် စုစုပေါင်းကုန်တန်ချိန် ၅၇ တန်တို့ကိုလည်းကောင်း စစ်တွေမြို့ Essar တံတား၌တင်ဆောင်၍ ကျောက်တော် ကမ်းထိုးရပ်သို့ ပို့ဆောင်ပေးသည်။

ထို့အတူ ရန်ကုန်တိုင်းဒေသကြီး ဗိုလ်တထောင်ခရိုင် ဗိုလ်တထောင်မြို့နယ် ဗိုလ်အောင်ကျော်ဆိပ်ကမ်းတွင် ဆိုက်ကပ်ထားသော MCL ကုမ္ပဏီပိုင် အလျားပေ ၂၄၀၊ အနံပေ ၆၀၊ ရေစူး ၁၃ ပေ စုစုပေါင်းမက်ထရစ်တန် ၃၂၀၀ တင်ဆောင်နိုင်သည့် MCL 3 ရေယာဉ်သည် ရခိုင်ဒေသ လေဘေးသင့်ပြည်သူများအတွက် ထောက်ပံ့ရေးပစ္စည်းမျိုးစုံဖြစ်သည့် လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေးလုပ်ငန်း ပစ္စည်းစီမံရေးဌာန (ရန်ကုန်)မှ 220 KV Tower members တစ်စုံ တန် ၆၀၊ ၁၅ မီတာ ကွန်ကရစ်တိုင် ၁၀၆ တိုင် ၁၉၂ တန်၊ ၁၈ မီတာကွန်ကရစ်တိုင် ၅၀ တန် ၁၁၀၊ ကျန်းမာရေးဝန်ကြီးဌာနမှ သွပ်သံဖာ ၄၀၊ အိမ်ရိုက်သံ ၆၈ ဖာ၊ သွပ်ချပ် ၆၀၀၀၊ ခေါင်အုပ်အချပ် ၈၀၀၊ နှစ်လက်မသွပ်သံဖာ ၂၀၊ မြန်မာ့သစ်လုပ်ငန်းမှ သစ်ခွဲသားဆိုဒ်စုံ ၃၃၅ တန်၊ မြန်မာ့ဆက်သွယ်ရေးမှ တာဝါ မီတာ ၆၀ တစ်စုံ ၁၄ တန်၊ ကွန်ကရစ်တိုင်အလုံး ၃၀၀၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ ဆန်အိတ် ၆၂၆၀၊ ရေသန့်ကတ် ၆၀၀၊ ခေါက်ဆွဲခြောက်ဖာ ၄၀၀၊ ရွက်ဖျင်တဲအခု ၂၀၊ ဆေးပေါင်းစုံဘူး ၁၄၉၀၊ ဘီစကွတ် ၁၆၁ ဘူး၊ ကယ်ဆယ်ရေးအရေးပေါ်အိတ် ၅၀၊ တာပေါ်လင်အထုပ် ၂၈၀၊ မီးဖိုချောင်သုံးပစ္စည်း ၅၂ ဖာ၊ လက်သမားအိတ် ၂၁၀၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနမှ ထွန်စက်နှင့် ဆက်စပ်ပစ္စည်း ၃၃ လုံး၊ ချောဆီ သုံးပီပါ၊ ရွှေသံလွင်ကုမ္ပဏီမှ ဆီ ၁၀ ပိဿာပုံး ၆၀၊ မြေပဲ နှစ်အိတ်၊ ထမင်းချက်အိုးအလုံး ၅၀၊ အိမ်ရိုက်သံဖာ ၃၀ စုစုပေါင်း ၁၄၅၃ ဒသမ ၅၆ မက်ထရစ်တန် တင်ဆောင်၍ စစ်တွေမြို့သို့ ထွက်ခွာသွားကြောင်း သိရသည်။

အဆိုပါ စစ်ရေယာဉ်များနှင့် MCL ကုမ္ပဏီပိုင် MV- MCL 3 ရေယာဉ်တို့ဖြင့် သယ်ဆောင်လာသည့် စားသောက်ကုန်ပစ္စည်းများ၊ ဆောက်လုပ်ရေးလုပ်ငန်းသုံးယာဉ်များနှင့် ကူညီကယ်ဆယ်ရေးပစ္စည်းများကို တာဝန်ရှိသူများထံသို့ စနစ်တကျလွှဲပြောင်း ပေးအပ်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

☆ **ကျောဖုံးမှအဆက်**

(ယ) ၇၈ လမ်းမှ ချမ်းမြသာစည်လေဆိပ်ဟောင်း

၃။ ဝန်းမော်ဆရာတော်ဘုရားကြီး၏ အန္တိမအဂ္ဂိဈာပနပူဇာသဘင်အတွက် ရဟန်းရှင်လူပြည်သူများက နဝကမ္မဝတ္ထုငွေနှင့် လှူဖွယ်ပစ္စည်းများကို ကိုယ်တိုင်ကိုယ်ကျ လှူဒါန်းလိုပါက ဝန်းမော်ကျောင်းတိုက်ရှိ အလှူခံမဏ္ဍပ်တွင် လာရောက်လှူဒါန်းနိုင်ကြောင်းနှင့် အောက်ပါပုဂ္ဂိုလ်များထံသို့လည်း ဆက်သွယ်လှူဒါန်းနိုင်ကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်ပန်ကြားအပ်ပါသည်-

(က) ဒေါ်မော်လီစန်း ဖုန်းနံပါတ်- ၀၉-၄၄၁၀၀၉၂၃၈

(ခ) ဦးစိုးမိုးသိမ်း ဖုန်းနံပါတ်- ၀၉-၉၇၀၈၂၃၆၈၈

**အန္တိမအဂ္ဂိဈာပနပူဇာသဘင်အခမ်းအနားကျင်းပရေးဦးစီးကော်မတီ**

# လေဘေးသင့်ပြည်သူများကို ထောက်ပံ့ပစ္စည်းများနှင့် ထောက်ပံ့ငွေများ ပေးအပ်



မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်း လေဘေးသင့်ပြည်သူများကို ထောက်ပံ့ပစ္စည်းများနှင့် ထောက်ပံ့ငွေများ ပေးအပ်စဉ်။

**နေပြည်တော် မေ ၂၈**

မွန်ပြည်နယ် သံဖြူဇရပ်မြို့နယ် စက်စဲကျေးရွာအုပ်စု ရသေ့တောင်ကျေးရွာဝန်းကျင်တစ်ဝိုက်တွင် မေ ၂၄ ရက် နံနက် ၃ နာရီ ၄၅ မိနစ်မှ နံနက် ၄ နာရီအထိ တစ်နာရီလျှင် ပျမ်းမျှလေတိုက်နှုန်းမိုင် ၃၀ ခန့်ဖြင့် လေပြင်းတိုက်ခတ်မှုကြောင့် ဘုန်းကြီးကျောင်း တစ်ကျောင်း၊ လူနေအိမ် ၂၁ လုံး အမိုးလန်ခြင်း၊ ပြိုကျပျက်စီးခြင်းများ ဖြစ်ပေါ်ခဲ့သည်။

အဆိုပါ လေဘေးသင့်ပြည်သူများအတွက် ထောက်ပံ့ပစ္စည်းများနှင့်ထောက်ပံ့ငွေများ ပေးအပ်ပွဲကို ယနေ့နံနက်ပိုင်းတွင် မွန်ပြည်နယ် သံဖြူဇရပ်မြို့နယ် စက်စဲကျေးရွာအုပ်စု ရသေ့တောင်ကျေးရွာ ရသေ့တောင်ကျောင်းသစ်မွာရှဲ၌ပြုလုပ်ရာ မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်း၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်စိုးမင်း၊ ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဒေသခံပြည်သူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားသည်။ ထို့နောက် မြို့နယ်သဘာဝဘေးတုံ့ပြန်ရေးနှင့် စီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌက သဘာဝဘေးဖြစ်ပွားမှုနှင့် ဆောင်ရွက်ထားရှိမှုအခြေအနေများကို ရှင်းလင်းပြောကြားသည်။ ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက လေဘေးသင့်ပြည်သူများကို ထောက်ပံ့ပစ္စည်းများနှင့် ထောက်ပံ့ငွေများ ပေးအပ်ရာ ဒေသခံပြည်သူတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက လေဘေးသင့်ခဲ့သည့်နေရာများကိုသွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။



အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်စိုးမင်း လေဘေးသင့်ပြည်သူများကို ထောက်ပံ့ပစ္စည်းများနှင့် ထောက်ပံ့ငွေများ ပေးအပ်စဉ်။

# သဘာဝဘေးအန္တရာယ် ကျရောက်သောဒေသများတွင် တပ်မတော်မှ ကူညီကယ်ဆယ်ရေးအဖွဲ့များက ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ပူးပေါင်းပါဝင်ဆောင်ရွက်ပေးလျက်ရှိ

**နေပြည်တော် မေ ၂၈**

သဘာဝဘေးအန္တရာယ် ကျရောက်ခဲ့ရသည့် ဒေသများတွင် လိုအပ်သည့်ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ကူညီဆောင်ရွက်ပေးနိုင်ရေးအတွက် တပ်မတော်မှကြိုတင်စုဖွဲ့စေလွှတ်ထားသည့် ကူညီကယ်ဆယ်ရေးအဖွဲ့များသည် နယ်မြေခံလုံခြုံရေးတပ်ဖွဲ့ဝင်များ၊ လူမှုကယ်ဆယ်ရေးအဖွဲ့များနှင့် ပူးပေါင်း၍ သက်ဆိုင်ရာဒေသများတွင် အင်တိုက်အားတိုက် ကူညီဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ပုဏ္ဏားကျွန်းမြို့၌ ရောက်ရှိအခြေပြုလျက်ရှိသည့် ကူညီကယ်ဆယ်ရေးအဖွဲ့များသည် အဆိုပါမြို့ရှိ လမ်းမကြီးတစ်လျှောက်တွင် လမ်းဘေးဝဲယာမှ လဲကျနေသော သစ်ကိုင်းများကို ခုတ်ထွင်ရှင်းလင်းခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။



ကူညီကယ်ဆယ်ရေးအဖွဲ့များက ဘူးသီးတောင်မြို့ရှိ ဒေသခံပြည်သူများကို သောက်သုံးရေများ ဖြန့်ဝေပေးစဉ်။



ကူညီကယ်ဆယ်ရေးအဖွဲ့များက မောင်တောမြို့ရှိ ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။

အလားတူ ဘူးသီးတောင်မြို့သို့ ရောက်ရှိနေသော ကူညီကယ်ဆယ်ရေးအဖွဲ့များသည် အဆိုပါမြို့ရှိလမ်းများကို သန့်ရှင်းရေးဆောင်ရွက်ခြင်းနှင့် သောက်သုံးရေများ ဖြန့်ဝေပေးခြင်းများကို ဆောင်ရွက်ပေးလျက်ရှိသည်။

အလားတူ မောင်တောမြို့သို့ရောက်ရှိနေသည့် ကူညီကယ်ဆယ်ရေးအဖွဲ့များသည် မြို့ဦးကျေးရွာရှိ ဒေသခံပြည်သူများကို လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးခြင်းနှင့် သောက်သုံးရေများ ဖြန့်ဝေပေးခြင်းများကို ဆောင်ရွက်ပေးလျက်ရှိသည်။

ထို့ပြင် တပ်မတော်အကြီးအကဲ၏ လမ်းညွှန်မှုများအရ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) ဆေးဝန်ထမ်းတပ်ဖွဲ့ညွှန်ကြားရေးမှူးရုံးကွပ်ကဲမှုအောက်မှ ဆေးတပ်ဖွဲ့ဝင်များဖြင့်ဖွဲ့စည်းထားသည့် အထူးဆေးကုသရေးအဖွဲ့သည် စစ်တွေမြို့ ဆတ်ရိုးကျရပ်ကွက်၌ယာယီဆေးရုံဖွင့်လှစ်၍ နယ်မြေခံကျန်းမာရေးအဖွဲ့များနှင့် ပူးပေါင်းကာ ဒေသခံပြည်သူများကို လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။

# စစ်တွေမြို့ရှိ မုန်တိုင်းဒဏ်သင့်ပြည်သူများကို ဆန်၊ ဆီ၊ ဆား၊ ကြက်ဥ၊ ဟင်းသီးဟင်းရွက်များနှင့် စားသောက်ကုန်ပစ္စည်းများကို ဈေးနှုန်းသက်သာစွာဖြင့်ရောင်းချ



အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများနှင့် တာဝန်ရှိသူများက မုန်တိုင်းဒဏ်သင့်ပြည်သူများ စားသောက်ရေးအဆင်ပြေစေရန် ဆန်၊ ဆီ၊ ဆား၊ ကြက်ဥ၊ စားသောက်ကုန်ပစ္စည်းများကို သက်သာသောဈေးနှုန်းများဖြင့် ရောင်းချပေးစဉ်။

**နေပြည်တော် မေ ၂၈**

ဆိုင်ကလုန်းမုန်တိုင်း(မိုခါ)တိုက်ခိုက်မှုကြောင့် ပျက်စီးဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့သည့် စစ်တွေမြို့ရှိ မုန်တိုင်းဒဏ်သင့် ဒေသခံပြည်သူများနှင့် ဌာနဆိုင်ရာဝန်ထမ်းများ၏ စားသောက်ရေးအဆင်ပြေစေရန်နှင့် မိမိတို့အလိုရှိရာ စားသောက်ကုန်ပစ္စည်းများကို ဈေးနှုန်းသက်သာစွာဖြင့် ဝယ်ယူစားသောက်နိုင်ရေးအတွက် အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေခံတပ်မတော်သားများနှင့် တာဝန်ရှိသူများက ယနေ့တွင် စစ်တွေမြို့ ဦးဥတ္တမပန်းခြံ၌ ဟင်းသီးဟင်းရွက်များ၊ ဆန်၊ ဆီ၊ ဆား၊ အသား၊ ငါး၊ ကြက်ဥ၊ ဘဲဥ၊ နို့ထွက်ပစ္စည်းများ၊ ကြက်သွန်နီ၊ ကြက်သွန်ဖြူနှင့် တပ်မတော်စက်ရုံများမှထုတ်လုပ်သည့် ခေါက်ဆွဲခြောက်၊ ဘီစကွတ်နှင့်စည်သွတ်ဘူးများဖြစ်သည့် အမဲသားဘူး၊ မှျစ်စားတော်ပဲဘူး၊ ကြက်သားအာလူးဘူး၊ ငါးတန်အချိုပေါင်းဘူး၊ ငါးသလောက်ဘူး၊ ငါးပိကြော်ဘူး၊ ပဲထောပတ်ဘူး၊ ပဲခရမ်းဘူး၊ သရက်သီးသနပ်ဘူး စသည့် စားသောက်ကုန်ပစ္စည်းများကို ပြင်ပပေါက်ဈေးထက် သက်သာဈေးနှုန်းများဖြင့် ရောင်းချပေးခဲ့ရာ ဒေသခံပြည်သူများနှင့် ဌာနဆိုင်ရာဝန်ထမ်းမိသားစုများက တစ်ခဲနက်ဝယ်ယူခဲ့ကြကြောင်းနှင့် ယခုကဲ့သို့ စားရေးအခက်အခဲဖြစ်ပေါ်နေချိန်တွင် သက်သာသောဈေးနှုန်းများဖြင့် ရောင်းချပေးမှုအပေါ် တာဝန်ရှိသူများကို အထူးပင်ကျေးဇူးတင်ရှိကြောင်း သတင်းရရှိသည်။

### ❖ မြန်မာနေရှင်နယ်လိဂ်မှ

ထို့နောက် ဒုတိယပိုင်းပြန်လည်စတင်ချိန်တွင် ချေပဂိုးနှင့် အနိုင်ဂိုးများလိုအပ်နေသည့် ရခိုင်ယူနိုက်တက်အသင်းက ပိုမိုဖိအားပေးကစားနိုင်ခဲ့ပြီး ဂိုးသွင်းခွင့်များရရှိခဲ့ကာ ပွဲချိန် ၅၅ မိနစ်တွင် သူရက ချေပဂိုးသွင်းယူနိုင်ခဲ့သည်။

လက်ကျန်ပွဲချိန်များတွင် နှစ်သင်းစလုံး ဦးဆောင်ဂိုးများရရှိရန် အခွင့်အရေးများရရှိခဲ့ကြသော်လည်း တိုက်စစ်ကစားသမားများ အဆုံးသတ်ပိုင်း အားနည်းမှုများကြောင့် ဦးဆောင်ဂိုးများ သွင်းယူနိုင်ခြင်းမရှိခဲ့ဘဲ ပွဲပြီးဆုံးချိန်တွင် တစ်ဂိုးစီသရေရလဒ်ထွက်ပေါ်ခဲ့ခြင်းဖြစ်သည်။

မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲ ပွဲစဉ်(၆) ပွဲစဉ်များပြီးဆုံးချိန်တွင် ရှမ်းယူနိုက်တက်အသင်းက ရမှတ် ၁၆ မှတ်ဖြင့် ထိပ်ဆုံးတွင် ရပ်တည်လျက်ရှိနေပြီး ရန်ကုန်ယူနိုက်တက်အသင်းက ရမှတ် ၁၅ မှတ်ဖြင့် အဆင့်(၂)မှ ဆက်လက်ဖိအားပေးလျက်ရှိကြောင်း သိရသည်။

STA

# ကျောက်တော်မြို့ရှိ မုန်တိုင်းကြောင့် အမိုးလန်ပျက်စီးခဲ့သည့် အဆောက်အအုံများ ပြန်လည်ပြုပြင်မှု ကြည့်ရှုစစ်ဆေး၊ ကျောင်းသား၊ ကျောင်းသူများနှင့် တပ်မိသားစုဝင်များကို စားသောက်ကုန်ပစ္စည်းများနှင့် ကျောင်းသုံးပစ္စည်းများ ထောက်ပံ့ပေးအပ်



ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး ဖုန်းမြတ် ၂၀၂၃-၂၀၂၄ ပညာသင်နှစ်အတွက် ကျောင်းအပ်လက်ခံနေမှုကို ကြည့်ရှုအားပေးပြီး ကျောင်းသုံးကျောပိုးအိတ်များ ပေးအပ်စဉ်။

**နေပြည်တော် မေ ၂၈**

ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးဖုန်းမြတ်နှင့် ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမိုးဇော်ထွန်းတို့သည် တာဝန်ရှိသူများလိုက်ပါလျက် ယနေ့ နံနက်ပိုင်းတွင် ရခိုင်ပြည်နယ် ကျောက်တော်မြို့ရှိ အခြေခံပညာကျောင်းများသို့သွားရောက်၍ မုန်တိုင်းတိုက်ခတ်မှုကြောင့် အမိုးလန်ပျက်စီးမှုများဖြစ်ပေါ်ခဲ့သည့် စာသင်ဆောင်များ၊ ရုံးခန်းများနှင့် ဆရာ၊ဆရာမများ နားနေဆောင်များ ပြန်လည်ပြုပြင်တည်ဆောက်ရေး လုပ်ငန်းများ ဆောင်ရွက်နေမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများနှင့် တွေ့ဆုံ၍ ကျောင်းသား၊ကျောင်းသူများ အဆင်ပြေချောမွေ့စွာ ပညာသင်ကြားနိုင်ရေးအတွက် လုပ်ငန်းများ ကျောင်းဖွင့်ချိန်တွင် အချိန်မီဆောင်ရွက်ပြီးစီးနိုင်ရေး လိုအပ်သည်များ ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် ၂၀၂၃-၂၀၂၄ ပညာသင်နှစ်အတွက် ကျောင်းအပ်လက်ခံနေမှုများကို ကြည့်ရှုအားပေးပြီး ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် မိဘအုပ်ထိန်းသူများကို ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်ကာ ကျောင်းသုံးကျောပိုးအိတ်များ ထောက်ပံ့ပေးအပ်ပြီး ကျောက်တော်မြို့ရှိ စိုက်ပျိုးရေးသိပ္ပံကျောင်းသို့ သွားရောက်၍ အဆောက်အအုံများ အမိုးလန်ပျက်စီးမှု အခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး အမြန်ဆုံးပြန်လည်ပြုပြင် တည်ဆောက်နိုင်ရေးအတွက် လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။ ထို့မှတစ်ဆင့် အဖွဲ့ဝင်များသည် အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် ပုဏ္ဏားကျွန်းတပ်နယ်သို့ သွားရောက်၍ နယ်မြေခံတပ်ရင်းရှိ မုန်တိုင်းကြောင့် အမိုးလန်ပျက်စီးမှုများဖြစ်ပေါ်ခဲ့သော နေအိမ်လိုင်းခန်းများနှင့် အဆောက်အအုံများ ပြန်လည်ပြုပြင် တည်ဆောက်နေမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးကာ တပ်နယ်အတွင်း တာဝန်ရှိသူများက သောက်သုံးရေလုံလောက်စွာရရှိရေးအတွက် အဝီစိတွင်းများ တူးဖော်ဆောင်ရွက်နေမှုအခြေအနေများကို သွားရောက်ကြည့်ရှုကြသည်။

ယင်းနောက် နယ်မြေခံတပ်မတော်သားများနှင့် မိသားစုဝင်များကို ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက် အားပေးစကားပြောကြားပြီး လူသုံးကုန်ပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ စာရေးကိရိယာများနှင့် ကျောင်းသုံးပစ္စည်းများ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

# မြန်မာ (နေပြည်တော်)-တရုတ်(လင်ချန်း) စီးပွားရေးကုန်စည်ပြပွဲ ကျင်းပပြီးစီး



**နေပြည်တော် မေ ၂၈**

မြန်မာ (နေပြည်တော်)-တရုတ် (လင်ချန်း) စီးပွားရေးကုန်စည်ပြပွဲကို မေ ၂၅ ရက်မှ ၂၈ ရက်ထိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန(၂)တွင် လေးရက်ကြာ ပြခန်းများကို ဆက်လက်ခင်းကျင်းပြသခဲ့ရာ ယနေ့တွင် ကုန်စည်ပြပွဲ ကျင်းပပြီးစီးခဲ့ကြောင်း သိရသည်။

အဆိုပါကုန်စည်ပြပွဲ၌ လာရောက်ပြသကြသည့် နှစ်နိုင်ငံမှ ကုန်သည်လုပ်ငန်းရှင်များ၊ ကုမ္ပဏီများအကြား ကဏ္ဍအလိုက် ပူးပေါင်းဆောင်ရွက်မှုနှင့် ကုန်သွယ်မှုဆိုင်ရာဆွေးနွေးပွဲများ ကျင်းပခြင်း၊ နားလည်မှုစာချွန်လွှာနှင့် ကုန်သွယ်မှုသဘောတူညီချက်များ လက်မှတ်ရေးထိုးခြင်းတို့ကိုလည်း နေ့စဉ်ဆောင်ရွက်လျက်ရှိသည်။

ယနေ့ မွန်းလွဲပိုင်းတွင် AJ Myanmar Co., Ltd နှင့် Shenyang Tianfeng Bio-Pharm Co., Ltd တို့အကြား ကုန်သွယ်မှုဆိုင်ရာ နားလည်မှုစာချွန်လွှာကိုလည်းကောင်း၊ Yoma Bank Limited၊ Fully Light Group of Companies နှင့် Kokang Ethnic Entrepreneurs Association Incorporated (KKEEA) တို့အကြား ဘဏ္ဍာငွေပေးချေမှု ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ နားလည်မှုစာချွန်လွှာတို့ကိုလည်းကောင်း လက်မှတ်ရေးထိုးခဲ့ကြသည်။

ကုန်စည်ပြပွဲသို့ နေပြည်တော်ရှိ ဝန်ကြီးဌာနများမှ အဆင့်မြင့်အရာရှိကြီးများ၊ ဝန်ထမ်းများနှင့် အများပြည်သူများ စိတ်ဝင်တစား လာရောက်ကြည့်ရှုခဲ့ကြရာ စည်ကားလျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**


## အထူးဝမ်းနည်းကြေကွဲခြင်း

**ဒေါက်တာ ဘဒ္ဒန္တကုမာရာဘိဝံသ**

**နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌဆရာတော်**

**အဘိဓဇအဂ္ဂမဟာမင်္ဂလမဇ္ဈိမဇောတိက**

**ဗုဒ္ဓဘာသာကလျာဏယုဝအသင်း YMBA ဗဟို ဩဝါဒါစရိယ**

မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေမြို့နယ်တွင် သီတင်းသုံးနေထိုင်တော်မူသော နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ဗုဒ္ဓဘာသာကလျာဏယုဝအသင်း YMBA ဗဟို ဩဝါဒါစရိယ အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက အဘိဓဇအဂ္ဂမဟာမင်္ဂလမဇ္ဈိမဇောတိက ဒေါက်တာ ဘဒ္ဒန္တကုမာရာဘိဝံသ သက်တော် ၉၄ နှစ် သိက္ခာတော် ၇၄ ဝါသည် မေ ၂၅ ရက် ည ၁၁ နာရီ ၁၁ မိနစ်တွင် ဘဝနတ်ထံပျံလွန်တော်မူကြောင်း သိရှိရပါသဖြင့် သာသနာတော်နှင့် နိုင်ငံတော်အတွက်လည်းကောင်း၊ ဗုဒ္ဓဘာသာကလျာဏယုဝအသင်း YMBA အတွက်လည်းကောင်း၊ ကြီးမားသောဆုံးရှုံးမှုဖြစ်ရပါကြောင်းနှင့် များစွာဝမ်းနည်းကြေကွဲရပါကြောင်း။

**ဥက္ကဋ္ဌနှင့် အလုပ်အမှုဆောင်အဖွဲ့**

**ဗုဒ္ဓဘာသာကလျာဏယုဝအသင်း YMBA (ဗဟို)**


# ၂၀၂၃-၂၀၂၄ ပညာသင်နှစ် အခြေခံပညာ ကျောင်းများ၌ ကျောင်းအပ်နှံမှုများ ဆက်လက်လက်ခံ



၂၀၂၃-၂၀၂၄ ပညာသင်နှစ် အခြေခံပညာကျောင်းများ၌ ကျောင်းအပ်နှံနေမှုကို တွေ့ရစဉ်။

**နေပြည်တော် မေ ၂၈**

၂၀၂၃-၂၀၂၄ ပညာသင်နှစ်အတွက် အခြေခံပညာဦးစီးဌာနအောက်ရှိ အထက်တန်းအဆင့်၊ အလယ်တန်းအဆင့်နှင့် မူလတန်းအဆင့်ကျောင်းများကို ဇွန် ၁ ရက်တွင် စတင်ဖွင့်လှစ်မည်ဖြစ်ပြီး ကျောင်းအပ်နှံမှုသီတင်းပတ်အဖြစ် မေ ၂၃ ရက်မှ မေ ၃၁ ရက်ထိသတ်မှတ်၍ ကျောင်းသား၊ ကျောင်းသူများကို ကျောင်းအပ်နှံမှုလက်ခံခြင်းများကို ဆောင်ရွက်လျက်ရှိသည်။ မြန်မာနိုင်ငံတစ်ဝန်းရှိ အခြေခံပညာကျောင်းအသီးသီး၌ ကျောင်းအပ်လက်ခံခြင်းများကို မေ ၂၃ ရက်နံနက်ပိုင်းမှ စတင်ဆောင်ရွက်လျက်ရှိပြီး ယနေ့တွင်လည်း တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ အခြေခံပညာကျောင်းများအလိုက် ကျောင်းအုပ်ကြီးများ၊ ကျောင်းအုပ်ချုပ်မှုတာဝန်ခံများနှင့် ဆရာ၊ ဆရာမများက ကျောင်းလာရောက်အပ်နှံသူ မိဘအုပ်ထိန်းသူများနှင့် ကျောင်းသား၊ ကျောင်းသူများ အဆင်ပြေချောမွေ့စွာ ကျောင်းအပ်နှံနိုင်ရေး ဆောင်ရွက်ပေးကြပြီး ကျောင်းသား၊ ကျောင်းသူများအတွက် ပညာရေးဝန်ကြီးဌာနက အခမဲ့ထောက်ပံ့ပေးအပ်သည့် စာရေးကိရိယာများနှင့် ကျောင်းသုံးစာအုပ်များကိုလည်း တစ်ပါတည်း ထောက်ပံ့ပေးအပ်ကြသည်။

ကျောင်းအပ်နှံရေး သီတင်းပတ်၏ ပဉ္စမရက်ဖြစ်သည့် ယနေ့တွင် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ အခြေခံပညာကျောင်းများ၊ ကိုယ်ပိုင်ကျောင်းများနှင့် ဘုန်းတော်ကြီးသင် ပညာရေးကျောင်းများ၌ ကျောင်းအပ်နှံသူ ၅၄၇၄၃၇၀ ဦးရှိပြီး ကျောင်းများ၏လုံခြုံရေးနှင့် ကျောင်းအပ်နှံမှုလက်ခံဆောင်ရွက်သည့် ဆရာ၊ ဆရာမများ၊ လာရောက်ကျောင်းအပ်နှံကြသည့် ကျောင်းသား၊ ကျောင်းသူများနှင့် မိဘများ၏လုံခြုံရေးအတွက် သက်ဆိုင်ရာလုံခြုံရေးတာဝန်ရှိသူများနှင့် တာဝန်သိပြည်သူများက ပူးပေါင်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ တာဝန်ရှိသူများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးကြပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

# မုံရွာမြို့နယ် ခံတောကျေးရွာနှင့် ခင်္ဂီးမြို့နယ် လောင်းပကျေးရွာတို့ရှိ ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်

**နေပြည်တော် မေ ၂၈**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ရှိ ခံတောကျေးရွာနှင့် ခင်္ဂီးမြို့နယ် လောင်းပကျေးရွာတို့ရှိ ဒေသခံပြည်သူများကို ယနေ့တွင် အနောက်မြောက်တိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့များက အဆိုပါကျေးရွာတို့ရှိ အခြေခံပညာမူလတန်းကျောင်းနှင့် ကျေးရွာခန်းမတို့၌ ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာတွင် သွေးတိုးရောဂါ၊ ချောင်းဆိုးရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ၊ နှလုံးရောဂါ၊ အရိုးအကြောရောဂါ၊ အစာအိမ်နှင့်အူလမ်းကြောင်းဆိုင်ရာရောဂါ၊ အသည်းရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ မျက်စိရောဂါ၊ ဝမ်းပျက်ဝမ်းလျှောရောဂါ၊ အရေပြားရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ ဒေသခံပြည်သူ ၂၃၁ ဦးတို့ကို လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။ ထိုသို့ ဆောင်ရွက်ပေးနေမှုများကို သက်ဆိုင်ရာ တပ်နယ်များမှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။



**အနောက်မြောက်တိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က မုံရွာမြို့နယ် ခံတောကျေးရွာရှိ ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။**

## မေ ၂၈ ရက် ထုတ်ပြန်ချက်တွင် ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၁၀၄ ဦးတွေ့ရှိ

**နေပြည်တော် မေ ၂၈**

မေ ၂၇ ရက် ည ၈ နာရီမှ ယနေ့ ည ၈ နာရီအတွင်း ဓာတ်ခွဲနမူနာ စုစုပေါင်း ၆၁၂၅ ခုကို စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၁၀၄ ဦးတွေ့ရှိခဲ့ကြောင်း ကျန်းမာရေးဝန်ကြီးဌာနမှ သတင်းရရှိသည်။

(သတင်းစဉ်)

### ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားမှုအခြေအနေ

| | |
|---|---|
| ရောဂါပိုးတွေ့ရှိသူ စုစုပေါင်း | ၆၃၈၆၆၈ ဦး |
| သေဆုံးသူ | ၁၉၄၉၄ ဦး |
| ဆေးရုံဆင်းခွင့်ရရှိသူ | ၆၁၇၆၂၀ ဦး |

## ပြည်သူများကျန်းမာစေဖို့ ဆီစားသုံးမှုလျှော့ချစို့

ဆီကို စားသုံးသင့်သည့်ပမာဏထက် ကျော်လွန်စားသုံးခြင်းနှင့် အရည်အသွေးမပြည့်မီသည့် ဆီများစားသုံးခြင်းတို့ကြောင့်-

- နှလုံးရောဂါ၊ နှလုံးသွေးကြောပိတ်ရောဂါ၊ ဆီးချိုရောဂါ၊ သွေးတိုးရောဂါ၊ အဝလွန်ခြင်း၊ အသည်းအဆီဖုံးခြင်း၊ လေဖြတ်ခြင်း စသည့်ကျန်းမာရေး ဆိုင်ရာဆိုးကျိုးများခံစားရစေပါသည်။
- ထိုသို့ ဆိုးကျိုးများခံစားလာရသည်နှင့်အမျှ စီးပွားရေး၊ လူမှုရေးဆိုင်ရာ ထိခိုက်မှုများကိုပါ တွေ့ကြုံစေနိုင်သောကြောင့် ဆီစားသုံးမှုကို လျှော့ချ စားသုံးသင့်ပါသည်။

## ဆိုင်ကလုန်းမုန်တိုင်း မိုခါကြောင့် ဘေးသင့်ပြည်သူများအတွက် ပြည်တွင်းပြည်ပ စေတနာရှင်ပြည်သူများက အလှူငွေများလှူဒါန်းနိုင်ရေး အသိပေးကြေညာ

၁။ မြန်မာနိုင်ငံတွင် မေ ၁၄ ရက်တွင်ဖြစ်ပွားခဲ့သည့် အလွန်အလွန်အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်းမိုခါကြောင့် ဘေးသင့်ပြည်သူများအတွက် ပါဝင်လှူဒါန်းလိုသော စေတနာရှင်ပြည်သူများအနေဖြင့် မြန်မာကျပ်ငွေစာရင်းအမှတ် OA-011834 နှင့် နိုင်ငံခြားငွေစာရင်းအမှတ် 1DA-0300086 သို့ ထည့်ဝင်လှူဒါန်းနိုင်ကြောင်း ကြေညာခဲ့ပါသည်။

၂။ ထိုသို့ ကြေညာရာတွင် အခြားသော အီလက်ထရောနစ်ငွေပေးချေမှုစနစ်နှင့် မိုဘိုင်းငွေပေးချေမှုစနစ်များဖြင့် လှူဒါန်းနိုင်ရန် ဆက်လက်ဆောင်ရွက်လျက်ရှိပြီး ထပ်မံအသိပေးကြေညာသွားမည်ဟု ပါရှိပါသည်။

၃။ လှူဒါန်းရာတွင် ယခင်ကြေညာထားသည့် ဖုန်းနံပါတ်နှင့် ဖွင့်လှစ်ထားသည့် အကောင့်သို့ လှူဒါန်းမှုပြုနိုင်ရေးကြေညာထားပြီး ဖုန်းနံပါတ်ဖြင့် လှူဒါန်းမှုပြုလုပ်ခြင်းမှာ ရောထွေးနိုင်သဖြင့် ဖုန်းနံပါတ်အစား QR ဖြင့် လှူဒါန်းနိုင်ရေး ဆောင်ရွက်ထားပြီးဖြစ်ပါသည်။

၄။ KBZ Pay ၊ Wave Money တို့ဖြင့် လှူဒါန်းနိုင်ပြီး လှူဒါန်းလိုပါက KBZ Pay၊ Wave Money တို့၏ QR ကို Scan ဖတ်ခြင်း၊ QR တွင် ပါဝင်သော ကုတ်နံပါတ်အား ရိုက်ထည့်၍ လှူဒါန်းခြင်းများ ဆောင်ရွက်နိုင်ပါသည်။

၅။ ယခုအခါ ပြည်သူများ လှူဒါန်းမှုပြုလုပ်ရာတွင် ပိုမိုအဆင်ပြေစေရေး ပြည်သူများ အသုံးပြုမှုများပြားသည့် CB Pay၊ AYA Pay နှင့် OK $ တို့ဖြင့်လည်း လှူဒါန်းနိုင်ရေးဆောင်ရွက်ထားပြီးဖြစ်သဖြင့် QR ကို Scan ဖတ်ခြင်း၊ QR တွင်ပါဝင်သော ကုတ်နံပါတ်ကို ရိုက်ထည့်၍ လှူဒါန်းခြင်းများ ဆောင်ရွက်နိုင်ပါသည်။

၆။ လှူဒါန်းလိုသူများအနေဖြင့် အောက်ပါပုဂ္ဂိုလ်များသို့ ဆက်သွယ်မေးမြန်းလှူဒါန်းနိုင်ပါသည်-

| နေပြည်တော် | ရန်ကုန်မြို့ | မန္တလေးမြို့ |
|---|---|---|
| ဒေါ်လှဲ့လှဲ့အေး<br>ညွှန်ကြားရေးမှူးချုပ်<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>၀၆၇-၃၄၀၄၀၅၀<br>၀၉-၂၀၂၁၄၉၁ | ဦးသန်းစိုး<br>ညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု<br>ဦးစီးဌာန<br>ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံး<br>၀၉-၂၅၀၁၂၃၈၈၅ | ဦးအေးမင်းသူ<br>ညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု<br>ဦးစီးဌာန<br>မန္တလေးတိုင်းဒေသကြီးဦးစီးမှူးရုံး<br>၀၉-၄၂၀၇၀၈၈၂၇ |
| ဦးဝင်းရွှေ<br>ဒုတိယညွှန်ကြားရေးမှူးချုပ်<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>၀၆၇-၃၄၀၄၀၄၈<br>၀၉-၂၅၄၁၇၀၀၁၁ | ဒေါ်သန်းသန်းဝင်း<br>ဒုတိယညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု<br>ဦးစီးဌာန<br>ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံး<br>၀၉-၄၂၀၇၄၀၁၆၀ | |
| ဒေါ်ဖြူဖြူဝင်း<br>ညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>၀၆၇-၃၄၀၄၃၁၆<br>၀၉-၄၃၀၅၄၈၄၄ | | |

**အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ**

## စျေးကွက်ပေါက်စျေးများ ၂၈-၅-၂၀၂၃

| ရွှေ | | |
|---|---|---|
| အကယ်ဒမီမီးလင်းရွှေစျေး | တစ်ကျပ်သား ကျပ် | ၂၂၉၂၆၀၀ |
| ကမ္ဘာ့ရွှေစျေး | တစ်အောင်စ အမေရိကန်ဒေါ်လာ | ၁၉၄၆ |

### နိုင်ငံတကာ ငွေကြေးများ

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၂၁၀၆ |
| ဥရောပ | တစ်ယူရို | ကျပ် | ၂၂၅၉ |
| ရုရှား | တစ်ရူဘယ် | ကျပ် | ၂၆ |
| တရုတ် | တစ်ယွမ် | ကျပ် | ၂၉၇ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၂၅ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၁၅၅၇ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၆၀ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၄၅၅ |

**မှတ်ချက်။ ။အထက်ပါစျေးနှုန်းများသည် အချိန်နှင့်အမျှပြောင်းလဲနိုင်ပါသည်။**

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး၊ ပြည်နယ်မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၂၉-၅-၂၀၂၃

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၁၉၇၅ | ၂၀၂၅ | ၂၀၂၀ | ၁၉၈၅ | ၂၀၂၀ | ၂၀၄၅ | ၂၀၃၀ | ၂၀၀၀ | ၂၁၀၅ | ၂၁၂၀ | ၂၀၁၅ | ၂၀၂၅ | ၂၀၆၀ | ၂၀၆၀ | ၂၀၆၅ | ၂၂၈၅ | ၂၇၀၀ |
| 95 Ron | ၂၀၈၀ | ၂၁၃၀ | ၂၁၃၀ | ၂၀၉၀ | ၂၁၃၀ | ၂၁၅၀ | ၂၁၃၅ | ၂၁၁၅ | ၂၂၁၅ | ၂၂၃၀ | ၂၁၂၀ | ၂၁၄၀ | ၂၁၆၅ | ၂၁၆၅ | ၂၁၇၀ | ၂၄၀၀ | ၂၈၀၅ |
| HSD (500 ppm) | ၁၈၉၅ | ၁၉၄၀ | ၁၉၄၀ | ၁၉၀၀ | ၁၉၄၀ | ၁၉၆၅ | ၁၉၆၀ | ၁၉၂၅ | ၂၀၄၅ | ၂၀၄၀ | ၁၉၃၅ | ၁၉၄၅ | ၁၉၈၀ | ၁၉၈၀ | ၁၉၈၀ | ၂၂၁၀ | ၂၈၀၅ |
| HSD (50 ppm) | ၁၉၇၅ | ၂၀၂၀ | ၂၀၂၀ | ၁၉၈၀ | ၂၀၂၀ | ၂၀၄၅ | ၂၀၄၀ | ၂၀၀၅ | ၂၁၂၅ | ၂၁၂၀ | ၂၀၁၅ | ၂၀၂၅ | ၂၀၆၀ | ၂၀၆၀ | ၂၀၆၀ | ၂၂၉၀ | ၂၈၆၅ |
| HSD (10 ppm) | ၁၉၇၅ | ၂၀၂၀ | ၂၀၂၀ | ၁၉၈၀ | ၂၀၂၀ | ၂၀၄၅ | ၂၀၄၀ | ၂၀၀၅ | ၂၁၂၅ | ၂၁၂၀ | ၂၀၁၅ | ၂၀၂၅ | ၂၀၆၀ | ၂၀၆၀ | ၂၀၆၀ | ၂၂၉၀ | ၂၈၆၅ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၁၈၇၁ | ၁၉၄၂ |
| 95 Ron | ၁၉၇၄ | ၂၀၄၇ |
| HSD (500 ppm) | ၁၇၉၆ | ၁၈၆၁ |
| HSD (50 ppm) | ၁၈၆၉ | ၁၉၃၆ |
| HSD (10 ppm) | ၁၈၆၉ | ၁၉၃၆ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

ဝ၆၇- ၄၁၀၉၈၈၁၊ ဝ၉-၆၉၉၆၁၁၁၆

ဝ၆၇- ၄၁၁၁၂၉၊ ဝ၉-၄၄၀၄၃၃၅၃၃

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် မေ ၂၈**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့်ပြည်သူလူထုကို အကြောက်တရားများဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက်လှုံ့ဆော်ခြင်း၊ဝါဒဖြန့်ခြင်းခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့်ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့်ပြုလုပ်မှုများပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်မျှဝေခြင်း၊ အားပေးကူညီခြင်းများပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၅၂(က)၊ရာဇသတ်ကြီးပုဒ်မ ၁၂၄-က နှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ် ဆက်သွယ်ရေးဥပဒေ ပုဒ်မ ၃၃(က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ဖြစ်မှုနှင့်သက်ဆိုင်သည့်ရွှေ့ပြောင်းနိုင်သောပစ္စည်း၊မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ဖြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် အမှတ်(၄၈)ရပ်ကွက်နေ မင်းအုပ်မြန်မာ(ခ) ဗျူဟာသည်၎င်းအသုံးပြုသည့်"Byuhar A" Facebook အကောင့်ဖြင့် အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ်လျက်လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ် အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊NUG နှင့် ယင်းတို့၏လက်အောက်ခံအဖွဲ့အစည်းများ၊ယင်းတို့နှင့် ဆက်နွှယ်နေသောအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကိုပျက်ပြားစေရန်နှင့် အစိုးရယန္တရားများပျက်ပြားစေရန် ရည်ရွယ်လျက်လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများကို ဥပဒေနှင့်အညီထိရောက်စွာအရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ဝါဒဖြန့်သူများကိုဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများသိရှိနိုင်ရေးအသိပေးသတင်း ထုတ်ပြန်အပ်ပါသည်။

# KKO(ခွဲထွက်)အဖွဲ့နှင့် PDF အမည်ခံအကြမ်းဖက်သမားများက ကော့ကရိတ်မြို့အတွင်း လက်နက်ကြီးများဖြင့် အကြောင်းမဲ့ပစ်ခတ်တိုက်ခိုက်မှုကြောင့် အပြစ်မဲ့ပြည်သူ အမျိုးသား တစ်ဦးနှင့် အမျိုးသမီးတစ်ဦးတို့ သေဆုံး

**နေပြည်တော် မေ ၂၈**

ကရင်ပြည်နယ် ကော့ကရိတ်မြို့နယ်အတွင်း KKO(ခွဲထွက်)အဖွဲ့နှင့် PDF အမည်ခံအကြမ်းဖက်သမားများက လက်နက်ကြီးများဖြင့် အကြောင်းမဲ့ပစ်ခတ်ခဲ့မှုကြောင့် အပြစ်မဲ့အမျိုးသား တစ်ဦးနှင့် အမျိုးသမီးတစ်ဦးတို့ သေဆုံးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ကော့ကရိတ်မြို့ အမှတ်(၇)ရပ်ကွက် ကွက်သစ်(၃)လမ်းတွင် နေထိုင်သူ ဦးဖိုးကျား(ဘ)ဦးမောင်နိုင်နှင့် ၎င်း၏ဇနီးဖြစ်သူ ဒေါ်ခင်မြတ်ထွေး(ဘ)ဦးမြင့်ဦးတို့သည် မော်တော်ဆိုင်ကယ်ဖြင့် မြို့တွင်းသို့သွားရောက်ရန် ပြင်ဆင်နေစဉ် ယနေ့မွန်းတည့် ၁၂ နာရီခန့်တွင် KKO(ခွဲထွက်)အဖွဲ့နှင့်PDF အမည်ခံအကြမ်းဖက်သမားများက တောင်ကြားကျေးရွာဘက်မှ ကော့ကရိတ်မြို့အတွင်းသို့ လက်နက်ကြီးများဖြင့်အကြောင်းမဲ့ပစ်ခတ်ခဲ့ရာ ၎င်းတို့၏ နေအိမ်ရှေ့သို့ လက်နက်ကြီးကျည်ကျရောက်ပေါက်ကွဲခဲ့မှုကြောင့် လက်နက်ကြီးအစ ထိမှန်ဒဏ်ရာများဖြင့် သေဆုံးခဲ့ကြောင်း သိရသည်။

အဆိုပါ သေဆုံးသူရုပ်အလောင်းများကို လုံခြုံရေးတပ်ဖွဲ့ဝင်များက ကော့ကရိတ်ပြည်သူ့ဆေးရုံသို့ပို့ဆောင်ပေးခဲ့ကြောင်းနှင့် လုံခြုံရေးလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

# တောင်ကြီးမြို့နှင့် နမ့်ခမ်းမြို့တို့တွင် စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

**နေပြည်တော် မေ ၂၈**

တောင်ကြီးမြို့နှင့် နမ့်ခမ်းမြို့တို့တွင် စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

ရှမ်းပြည်နယ်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သောပူးပေါင်းအဖွဲ့သည် မေ ၂၆ ရက် ညနေ ၃ နာရီခွဲတွင် တောင်ကြီးမြို့ ကျောင်းကြီးစုရပ်ကွက် စိန်ပန်းလမ်းရှိ စံဂျစ်၏နေအိမ်သို့ သွားရောက်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၆၀၀၀ ကိုလည်းကောင်း၊အလားတူ မေ ၂၇ ရက် နံနက် ၈ နာရီတွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သောပူးပေါင်းအဖွဲ့သည် နမ့်ခမ်းမြို့ အမှတ်(၁၃)ရပ်ကွက်ရှိ အိုက်ညမ်း(ခ)အိုက်ညီ၏ နေအိမ်သို့ သွားရောက်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀၀ ကိုလည်းကောင်းသိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့ကို မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကို သတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကိုလျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

# အစ္စရေးနိုင်ငံတွင် တောမီးများလောင်ကျွမ်းလျက်ရှိပြီး အပူလှိုင်းနှင့် လေပြင်းတိုက်ခတ်မှုကြောင့် မီးငြိမ်းသတ်ရေးလုပ်ငန်းများ အခက်အခဲကြုံတွေ့နေ



**ဂျေရုဆလင် မေ ၂၈**

အစ္စရေးနိုင်ငံ နေရာအနှံ့အပြားတွင် မေ ၂၇ ရက်က တောမီးလောင်ကျွမ်းမှုပေါင်း ၁၀၀ ကျော်ဖြစ်ပွားခဲ့ပြီး အပူလှိုင်းနှင့် လေပြင်းတိုက်ခတ်မှုကြောင့် မီးငြိမ်းသတ်ရေးလုပ်ငန်းများ အခက်အခဲကြုံတွေ့နေရကြောင်း အစ္စရေးမီးသတ်တပ်ဖွဲ့က ထုတ်ပြန်ကာ သတင်းများကို ကိုးကား၍ The Algemeiner သတင်းဌာနက မေ ၂၇ ရက်တွင် ရေးသားဖော်ပြထားသည်။

ဂါဇာကမ်းမြောင်ဒေသအနီးရှိ Karmia သဘာဝဘေးမဲ့တောတွင် လောင်ကျွမ်းသော တောမီးသည် အဓိကနှင့် ပမာဏအများဆုံးဖြစ်ခဲ့ကြောင်း၊ နိုင်ငံမြောက်ပိုင်းရှိ Acre မြို့အနီး လောင်ကျွမ်းသောတောမီးကြောင့် မီးခိုးများ ထူထပ်စွာထွက်ပေါ်ခဲ့ပြီး ယာဉ်ကြောပိတ်ဆို့မှုများအပြား ဖြစ်ပေါ်ခဲ့ကြောင်း၊ တတိယအများဆုံးနေရာမှာ နိုင်ငံမြောက်ပိုင်းရှိ Galilee တောင်တန်းဒေသ Har Turan တောင်ပေါ်တွင် လောင်ကျွမ်းခဲ့ပြီး ထိုနေ့မွန်းလွဲပိုင်းအချိန်ထိ နိုင်ငံအနှံ့အပြား၌ တောမီးလောင်ကျွမ်းမှုပေါင်း ၁၂၁ ကြိမ်ဖြစ်ပွားခဲ့ကြောင်း သိရသည်။

တောမီးလောင်ကျွမ်းမှုဖြစ်ပွားချိန်သည် အစ္စရေးနိုင်ငံ၏ရက်ရှည်အားလပ်ရက် ဖြစ်သောကြောင့် Karmia သဘာဝဘေးမဲ့တောတွင် အပန်းဖြေလာရောက်နေသူများနှင့် Har Turan တောင်ပေါ်ရှိ တောင်တက်သမားများကို ဘေးလွတ်ရာသို့ ရွှေ့ပြောင်းပေးခဲ့ရကြောင်း၊ အပူချိန်မှာလည်း ၉၅ ဒီဂရီဖာရင်ဟိုက်မှ ၁၀၄ ဒီဂရီဖာရင်ဟိုက်ထိရှိနေပြီး ဖုန်မှုန့်များနှင့် မြူမှုန်များကြောင့် မြင်ကွင်းကန့်သတ်ချက်များ ဖြစ်ပေါ်ခဲ့ရာ မီးသတ်သမားများအတွက် အခက်အခဲများ ဖြစ်ပေါ်စေခဲ့ကြောင်း သိရသည်။

ဆိုးရွားသော ရာသီဥတုအခြေအနေများကြောင့် သစ်တော၊ ပန်းခြံနှင့် သဘာဝထိန်းသိမ်းရေးနယ်မြေများတွင် မီးလောင်ကျွမ်းမှုအန္တရာယ်ကို လျှော့ချရန်အတွက် ပြင်ပတွင်မီးရှို့ရသည့် လုပ်ငန်းအားလုံးကို မီးသတ်နှင့် ကယ်ဆယ်ရေးကော်မရှင်နာမင်းကြီးရုံးက နိုင်ငံအနှံ့အပြား ၂၄ နာရီ တားမြစ်ခဲ့ကြောင်း သိရသည်။ AZH

# အီရန်နိုင်ငံ၌ သဲမုန်တိုင်းတိုက်ခတ်သဖြင့် လေကြောင်းခရီးစဉ်များ နှောင့်နှေးခဲ့

**တီဟီရန် မေ ၂၈**

အီရန်နိုင်ငံ၌ အနောက်ဘက်အိမ်နီးချင်းနိုင်ငံများမှ လေပြင်းများ ဝင်ရောက်တိုက်ခတ်လာခြင်းကြောင့် မေ ၂၇ ရက်က သဲမုန်တိုင်းတိုက်ခတ်သဖြင့် လေကြောင်းခရီးစဉ်များ နှောင့်နှေးခဲ့ရကြောင်း အီရန်မိုးလေဝသအဖွဲ့က ထုတ်ပြန်သောသတင်းများကို ကိုးကား၍ Financial Tribune သတင်းဌာနက ယနေ့တွင် ရေးသားဖော်ပြထားသည်။

အိမ်နီးချင်းနိုင်ငံများမှ ဝင်ရောက်လာသော လေပြင်းများကြောင့် အီရန်နိုင်ငံ အနောက်ပိုင်း West Azerbaijan၊ တောင်ပိုင်းရှိ Khuzestan၊ Ilam နှင့် Kurdistan ပြည်နယ်တို့တွင် သဲမုန်တိုင်းအဓိက တိုက်ခတ်လျက်ရှိကြောင်း အီရန်မိုးလေဝသအဖွဲ့က ထုတ်ပြန်ခဲ့သည်။

ဖုန်မှုန့်များနှင့် လေပြင်းတိုက်ခတ်မှုကြောင့် အဆိုပါပြည်နယ်များတွင် မြင်ကွင်းကန့်သတ်ချက်များ ဖြစ်ပေါ်ခဲ့ပြီး အခိုင်အမာမဟုတ်သောအဆောက်အအုံများ ထိခိုက်ပျက်စီးခဲ့ကာ လေယာဉ်ပျံသန်းမှုများနှင့် အခြားသယ်ယူပို့ဆောင်ရေးစနစ်များကို အနှောင့်အယှက်ဖြစ်စေခဲ့ကြောင်း ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

ဖုန်မှုန့်များသည် မိုးခေါင်ရေရှားမှုဖြစ်ပွားလျက်ရှိသော အီရတ်နိုင်ငံနှင့် ဆီးရီးယားနိုင်ငံတို့ဘက်မှ အဓိက ဝင်ရောက်လာခြင်းဖြစ်ကြောင်း၊ ပြီးခဲ့သည့်နှစ်ကလည်း မကြုံစဖူးတိုက်ခတ်ခဲ့သော သဲမုန်တိုင်းကြောင့် နိုင်ငံတစ်ဝန်းပြည်နယ်အများအပြားတွင် ထိခိုက်မှုများစွာဖြစ်ပေါ်ခဲ့ပြီး အမှုန်အမွှားများကြောင့် နိုင်ငံအနှံ့အပြားတွင် အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါပြဿနာများ ကုသရန်အတွက် လူထောင်ပေါင်းများစွာ ကျန်းမာရေးဌာနများသို့ သွားရောက်ခဲ့ရကြောင်း သိရသည်။

ယခင်နှစ်က သဲမုန်တိုင်းတိုက်ခတ်ပြီးနောက် အီရန်နိုင်ငံအနေဖြင့် ဒေသတွင်း နိုင်ငံ ၁၁ နိုင်ငံမှ သဘာဝပတ်ဝန်းကျင်ဝန်ကြီးများကို ဖိတ်ကြား၍ အဆိုပါပြဿနာကို ကိုင်တွယ်ဖြေရှင်းရန်ကြိုးစားခဲ့ရာ ကုလသမဂ္ဂ၏ထောက်ခံမှုကို ရရှိခဲ့ပြီး လာမည့်စက်တင်ဘာလတွင် သဲမုန်တိုင်းများနှင့် ပတ်သက်သော နိုင်ငံတကာ ညီလာခံတစ်ရပ်ကို အီရန်နိုင်ငံက လက်ခံကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ AZH

# ပါကစ္စတန်နိုင်ငံမြောက်ဘက်ပိုင်းတွင် ရေခဲတောင်ပြိုကျမှုကြောင့် လူ ၁၁ ဦးထက်မနည်းသေဆုံး

**အစ္စလာမ်မာဘာဒ် မေ ၂၈**

ပါကစ္စတန်နိုင်ငံ မြောက်ဘက်ပိုင်း ဂီလ်ဂစ်ဘယ်တီစတန်နယ်မြေတွင် မေ ၂၇ ရက်က ရေခဲတောင်ပြိုကျမှုကြောင့် လူ ၁၁ ဦးထက်မနည်းသေဆုံးကာ ၁၃ ဦးခန့် ထိခိုက်ဒဏ်ရာ ရရှိခဲ့ကြောင်း ပါကစ္စတန်သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲရေးအေဂျင်စီက ထုတ်ပြန်ခဲ့သည်ဟု Gulf News သတင်းဌာနက ယနေ့တွင် ရေးသားဖော်ပြခဲ့သည်။

ရေခဲတောင်သည် အမြင့် ၁၄၅၀၀ ပေမှ ပြိုကျမှုဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး ထိခိုက်ဒဏ်ရာရရှိသူများကိုလည်း လူနာတင်ယာဉ်ဖြင့် ခေါ်ဆောင်ကာ နီးစပ်ရာဆေးရုံသို့ ပို့ဆောင်၍ ဆေးကုသမှုပြုလုပ်ပေးလျက်ရှိကြောင်း၊ သေဆုံးသူများ၏ ရုပ်အလောင်းများကိုလည်း ရှာဖွေကာ သက်ဆိုင်ရာသို့ အပ်နှံလိုက်ပြီဖြစ်ကြောင်း ပါကစ္စတန်သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲရေးအေဂျင်စီက ထုတ်ပြန်ခဲ့သည်။

"ပါကစ္စတန်နိုင်ငံမှာ ရာသီဥတုဖောက်ပြန်မှုကြောင့် အခုလိုကြီးမားတဲ့ဆုံးရှုံးမှုတွေနဲ့ မကြာခဏရင်ဆိုင်နေရတယ်။ ရာသီဥတုဖောက်ပြန်မှုရဲ့ရိုက်ခတ်မှုကို ပါကစ္စတန်နိုင်ငံက နှစ်စဉ်နှစ်တိုင်း ရင်ဆိုင်နေရတယ်။ ရာသီဥတုဖောက်ပြန်မှုထိန်းချုပ်ရေးလုပ်ငန်းတွေကို အရှိန်မြှင့်တင်ဆောင်ရွက်သွားကြဖို့ သက်ဆိုင်ရာကိုလဲ တွန်းအားပေးသွားမယ်"ဟု ပါကစ္စတန်ဝန်ကြီးချုပ် ရှီဘတ်ရှာရစ်ဖ်က ပြောကြားခဲ့သည်။

ထိခိုက်ဒဏ်ရာရရှိကာ ဆေးရုံတွင် ဆေးကုသမှုခံယူနေရသူများမှာ အရေးပေါ်အခြေအနေဖြင့် ဆေးကုသမှုခံယူနေရပြီး ဒဏ်ရာအခြေအနေမှာ စိုးရိမ်ရကြောင်းလည်း ပါကစ္စတန်အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်။

ပါကစ္စတန်နိုင်ငံတွင် ရာသီဥတုဖောက်ပြန်မှုကြောင့် သဘာဝဘေးအန္တရာယ်များ မကြာခဏဖြစ်ပေါ်နေပြီး ကြီးမားသည့်ပျက်စီးဆုံးရှုံးမှုများဖြင့်လည်း ရင်ဆိုင်နေရကြောင်း သိရသည်။ **နိုင်းဆက်**



# ဖိလစ်ပိုင်နိုင်ငံတွင် ဘက်တီဟုအမည်ပေးထားသော တိုင်ဖွန်းမုန်တိုင်း ဝင်ရောက်လာဖွယ်ရှိ

**မနီလာ မေ ၂၈**

ဖိလစ်ပိုင်နိုင်ငံတွင် လာမည့်ရက်ပိုင်းအတွင်း ဘက်တီဟုအမည်ပေးထားသော တိုင်ဖွန်းမုန်တိုင်း ဝင်ရောက်လာဖွယ်ရှိနေကြောင်း ဖိလစ်ပိုင် လေထု၊ ဘူမိရူပနှင့် နက္ခတ္တဗေဒစီမံခန့်ခွဲမှုညွှန်ကြားရေးဦးစီးဌာန (PAGASA) က ထုတ်ပြန်ခဲ့သည်ဟု Rappler သတင်းဌာနက မေ ၂၇ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

ဘက်တီတိုင်ဖွန်းမုန်တိုင်းသည် မဝါးတိုင်ဖွန်းမုန်တိုင်းမှ အသွင်ပြောင်းလာသည့် မုန်တိုင်းဖြစ်ကြောင်း၊ ဘက်တီတိုင်ဖွန်းမုန်တိုင်းသည် မေ ၂၇ ရက်တွင် လူဇွန်ကျွန်းအလယ်ပိုင်းနှင့် ၁၃၂၀ ကီလိုမီတာကွာဝေးသည့်နေရာသို့ရောက်ရှိနေပြီး တစ်နာရီ ၂၅ ကီလိုမီတာ တိုက်ခတ်လာကြောင်း PAGASA က ထုတ်ပြန်ခဲ့သည်။

"ဘက်တီတိုင်ဖွန်းမုန်တိုင်းဟာ လာမဲ့ ၃၆ နာရီ ဒါမှမဟုတ် ၄၈ နာရီအတွင်း ဝင်ရောက်လာဖွယ်ရှိနေပါတယ်။ မုန်တိုင်းအားကောင်းချိန်က သိပ်တော့မကြာလောက်ပါဘူး။ မုန်တိုင်းအားကောင်းတဲ့ကာလအတွင်း အပျက်အစီးများနိုင်သလို မိုးသည်းထန်စွာရွာသွန်းနိုင်တဲ့အတွက် မုန်တိုင်းဝင်ရောက်ရာလမ်းကြောင်းတစ်လျှောက် ရေကြီးရေလျှံမှုတွေ ဖြစ်ပေါ်လာနိုင်ပါတယ်။ ဘက်တီတိုင်ဖွန်းမုန်တိုင်းဟာ ၂၀၂၃ ခုနှစ်အတွင်း ဒုတိယမြောက်ဝင်ရောက်တဲ့ မုန်တိုင်းဖြစ်ပါတယ်"ဟု PAGASA မှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

ဘက်တီတိုင်ဖွန်းမုန်တိုင်းသည် ၂၀၂၃ ခုနှစ်အတွင်း ဖိလစ်ပိုင်နိုင်ငံသို့ဝင်ရောက်မည့် ပထမဦးဆုံးသော တိုင်ဖွန်းမုန်တိုင်းအမျိုးအစားဖြစ်ပြီး ၂၀၂၃ ခုနှစ်အတွင်း တိုက်ခတ်ခဲ့သောမုန်တိုင်းမှာ အပူပိုင်းမုန်တိုင်း အမျိုးအစားဖြစ်ကြောင်း၊ ဘက်တီတိုင်ဖွန်းမုန်တိုင်းသည် ဖိလစ်ပိုင်နိုင်ငံသို့ ဝင်ရောက်ပြီးပါက မေ ၂၉ ရက် နောက်ပိုင်းအတွင်း အားပျော့သွားဖွယ်ရှိနေပြီး အခြေအနေပြန်လည်တည်ငြိမ်သွားဖွယ်ရှိနေကြောင်း၊ မုန်တိုင်းအားကောင်းနိုင်သည့်အတွက် ပျက်စီးဆုံးရှုံးမှုပမာဏမြင့်မားလာနိုင်ပြီး လူဇွန်ကျွန်းမြောက်ဘက်ပိုင်းတွင် ရေကြီးရေလျှံမှုဖြင့် ရင်ဆိုင်ရဖွယ်လည်းရှိနေကြောင်း သိရသည်။ **နိုင်းဆက်**

# ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့အစည်းက COP30 ညီလာခံကျင်းပရန် ဘရာဇီးနိုင်ငံကိုအိမ်ရှင်အဖြစ်ခွင့်ပြု

**ဘရာစီးလီးယား မေ ၂၈**

အမေရိကန်နိုင်ငံအခြေစိုက် ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့အစည်းသည် ကမ္ဘာ့ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ညီလာခံ (COP30) ကျင်းပရန် ဘရာဇီးနိုင်ငံကို အိမ်ရှင်အဖြစ် လက်ခံကျင်းပခွင့်ပြုလိုက်ပြီဖြစ်ကြောင်း ဘရာဇီးအာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်ဟု ABC News သတင်းဌာနက မေ ၂၇ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

ကမ္ဘာ့ရာသီဥတုပြောင်းလဲမှုဆိုင်ရာညီလာခံ (COP30) ကို ၂၀၂၅ ခုနှစ် နိုဝင်ဘာလတွင် ကျင်းပသွားမည်ဖြစ်ပြီး ဘရာဇီးနိုင်ငံက ညီလာခံကို အမေဇုန်သစ်တောဒေသဖြင့် ထိစပ်နေသော ဘယ်လမ်မြို့၌ ကျင်းပသွားမည်ဖြစ်ကြောင်း ဘရာဇီးအာဏာပိုင်အဖွဲ့အစည်းက အတည်ပြုခဲ့သည်။


"COP30 ညီလာခံကို ဘရာဇီးနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပခွင့်ရခဲ့ပြီဖြစ်ပါတယ်။ ဒီညီလာခံဟာ ဘရာဇီးနိုင်ငံအတွက် ကြီးကျယ်ခမ်းနားတဲ့ ညီလာခံဖြစ်လာလိမ့်မယ်လို့ ယုံကြည်ပါတယ်။ အီဂျစ်နိုင်ငံ၊ ပြင်သစ်နိုင်ငံနဲ့ဒိန်းမတ်နိုင်ငံတွေမှာကျင်းပခဲ့တဲ့ COPs ညီလာခံတွေကို ကျွန်တော်ကိုယ်တိုင် တက်ရောက်ခွင့်ရခဲ့ဖူးတယ်။ ဒီညီလာခံမှာ အားလုံးပြောဆိုကြတာကတော့ အမေဇုန်သစ်တောအကြောင်းပါပဲ။ အဲဒါကြောင့်ပဲ ဒီညီလာခံကို ဘာကြောင့်အမေဇုန်သစ်တောရှိတဲ့နေရာမှာ မလုပ်တာလဲလို့ ကျွန်တော်မေးခွန်းထုတ်ခဲ့ဖူးတယ်။ အမေဇုန်သစ်တောဟာ ကမ္ဘာကြီးအတွက် ဘယ်လောက်အရေးကြီးသလဲဆိုတာကို အားလုံးကသိကြပါတယ်။ ဘရာဇီးပြည်သူတွေကလဲ ဝမ်းသာဂုဏ်ယူနေကြမယ်လို့ ကျွန်တော်ယုံကြည်ပါတယ်"ဟု သမ္မတ လူလာဒါဆေးဗားက ပြောကြားခဲ့သည်။

ဘရာဇီးသမ္မတ လူလာဒါဆေးဗားက COP30 ညီလာခံကို အိမ်ရှင်အဖြစ် လက်ခံကျင်းပခွင့်ရခဲ့ကြောင်းကို မေ ၂၆ ရက်က နိုင်ငံခြားရေးဝန်ကြီးနှင့်အတူ ဘရာဇီးပြည်သူများသိရှိစေနိုင်ရေးအတွက် နိုင်ငံပိုင်ရုပ်သံလိုင်းမှ တရားဝင်ထုတ်ပြန်ခဲ့သည်။ **နိုင်းဆက်**

0w Kv W @

# ဆယ်နေထက်ကဲ

စံဖျာနီထွန်း




(၁)

ပူပြင်းလှတဲ့နွေကို အန်တုလို့ အရိပ်မရှိတဲ့လမ်းဘေးကနေ ကပ်လျှောက်ရင်း ဒေါ်ငွေးရဲ့ အတွေးတွေက ဟိုရောက်ဒီရောက်။ လက်ထဲမှာပလတ်စတစ်နဲ့ ထုပ်ထားတဲ့ ဆံပင်ကျွတ်တွေက ဆယ်ထုပ်လောက်။

မနန်းတို့အိမ်ကို ထင်းစည်းသွားရောင်းရင်း ဆံပင်ကျွတ်ဝယ်တဲ့ ဒိုင်ဆီသွင်းရအောင် ယူလာတာပါ။ ငွေလေးမဖြစ်စလောက်ရလဲ ဒေါ်ငွေးတို့လင်မယားနှစ်ယောက်အတွက် အသုံးဖြစ်ပါတယ်။ ခေါင်းပေါ်မှာ မနန်းတို့အိမ်ပေးဖို့ ထင်းစည်းခြောက်စည်းရွက်ထားပေမဲ့ ဇောတွေကြောင့် ပြင်ပအပူကိုမမှုသလို။

"ငါ့မြေးဖိုးထောင်အတွက် အလုပ်ရှာပေးရမယ်"

မနန်းတို့အိမ်ရောက်တော့-

"မနန်း ထင်းစည်းတစ်စည်း ငွေ ၅၀၀ ပဲပေး။ ဈေးကတော့ တက်နေပြီ။ နောက်ဆို ငွေ ၅၀၀ မရတော့ဘူးနော်"

"အင်းပါ ဒေါ်ငွေးရဲ့။ ရေခရေလေးသောက်လိုက်အုံး"

"အေးနေတာပဲ။ သောက်လို့ ကောင်းလိုက်တာ သာဓုပါတော် သာဓုပါ"

"ဒါနဲ့ မနန်းတို့ ဆန်စက်မှာ လူလိုရင်ပြောပါ။ မြေးလေးအလုပ်မရှိတော့ သွင်းချင်လို့ပါ"

"ဖိုးထောင် ရေခဲစက်မှာ အဆင်ပြေနေတယ်ဆို ဘာဖြစ်လို့လဲ"

"အဆင်ပြေတာတော့ ပြေတာပေါ့မနန်းရယ်။ ပြေပေမဲ့ မြေးက သွက်သွက်လက်လက်၊ ဆက်ဆံရေးကောင်း၊ မှန်မှန်ကန်ကန်စေတနာထားလုပ်နေတာကို အမြင်မကြည်တဲ့သူတွေက အလုပ်ရှင်ကိုကတုန်းကတိုက်လုပ်ပြီး မဟုတ်တာတွေလုပ်ကြံတိုင် အလုပ်ရှင်ကလဲ သေချာမစူးစမ်းဘဲ ဖြုတ်လိုက်တာ ရင်နာပါတယ်အေ"

"ဒေါ်ငွေးမြေးအတွက်မပူနဲ့။ နေရာလွတ်တာနဲ့ ထည့်ပေးမယ်"

"ကျေးဇူးကြီးပါပေ့ကွယ်။ နို့မို့ဆို မလွယ်ဘူး။ ငါ့မြေးလေးဖိုးထောင် သနားစရာပါမနန်းရယ်"

"ကြားတော့ကြားမိတယ် ဒေါ်ငွေးချွေးမအကြောင်း။ နောက်ယောကျ်ားနဲ့ရတဲ့ ကလေးတွေက အများကြီးဆို။ ယောကျ်ားသေတော့ ဒေါ်ငွေးမြေး ဖိုးထောင်ကပဲ အမေနဲ့ မအေတူဖအေကွဲကလေးတွေကို ရှာကျွေးနေရတယ်ဆို"

"ဟုတ်ပါတယ်အေ သိလဲသိတတ်တယ်။ သိတတ်လွန်းတဲ့မြေးမို့ ငါသနားနေရတာ"

"ဟုတ်မှာ ဖိုးထောင်လေးတော်ရှာပါပေတယ်"

(၂)

"ဖိုးထောင်ငါ့မြေး"

"ဗျာ"

"အဘွားငါ့မြေးအတွက် မနန်းတို့ ဆန်စက်မှာ အလုပ်ပြောခဲ့တယ်။ နေရာလွတ်တာနဲ့ထည့်ပေးမယ်တဲ့"

"ဟုတ်ကဲ့အဘွား။ အဘွား သားသွားတော့မယ်။ အဘွားနဲ့အဘိုးအတွက် ငါးပြေမနှစ်ကောင်နဲ့ ငါးရံ့တစ်ကောင် မီးဖိုချောင်က အိုးထဲထည့်ထားပေးခဲ့တယ်"

"ငါ့မြေးရယ် အဘွားတို့အတွက်မလိုဘူး။ မယူလာနဲ့လို့ပြောထားလျက်နဲ့။ ထမင်းကောစားပြီးသွားပြီလား"

"ကိုထွန်းထွန်းတို့ အိမ်မှာစားလိုက်ပြီအဘွား။ သားသွားပြီနော်"

"ဩော်. . . ဖိုးထောင် ဖိုးထောင် အလုပ်မရှိတော့ ငါးပက်ပြီးဟင်းစားရှာရပြီ။ ဒီကလေးဒုက္ခ မသေးပါလားနော်။ သူ့အဖေသာရှိသေးရင် ဘာများပြောမှာပါလိမ့်"

ဒေါ်ငွေးအမောဖြေ ချွေးသုတ်အဝတ်လဲပြီး မြေးဖိုးထောင်ထားခဲ့တဲ့ ငါးပြေမနဲ့ ငါးရံ့ကိုကိုင် ဆား၊ နနွင်း၊ အချိုမှုန့်နယ်ထားခဲ့ပြီးမှ အိမ်ရှေ့ကရေနွေးကြမ်းအိုးထဲက ရေနွေးကို ခွက်ထဲငှဲ့မော့သောက်လိုက်တယ်။ အဲဒီတော့မှ အတိတ်ပုံရိပ်တချို့ကို ဒေါ်ငွေး မြင်ကွင်းထဲ စီရရီပေါ်လာပါတော့တယ်။

ဒေါ်ငွေးရဲ့သားအရွယ်လဲရောက် အလုပ်ကလေးရတာနဲ့တစ်ပြိုင်နက် မိဘတွေကိုမပြောဘဲ အိမ်ပေါ်ကိုလက်ဆွဲခေါ်ချလာမှ "ဩော်. . . ငါ့သားမိန်းမယူလိုက်တာပဲ"လို့ အသိပေးတဲ့ ဒေါ်ငွေးနဲ့ ဦးလွန်းတို့ရဲ့ တစ်ဦးတည်းသောသား ဖိုးတာ။

ဖအေလုပ်သူ ဦးလွန်းကတော့ ချိုသည် ခါးသည် မပြော "မင်းယူတဲ့မိန်းမ မင်းရှာကျွေးနိုင်ရင်ပြီးတာပဲ" တဲ့ တစ်ခွန်းတည်းပဲပြောပြီး သူ့အလုပ်သူလုပ်နေတာ။ ဒေါ်ငွေးမှာသာ ဖိုးတာယူလာတဲ့ မိန်းကလေး အသက်မပြည့်သေးတဲ့သူမို့လို့ ပူပူပန်ပန်။ ဖိုးတာကတော့ပြောပါတယ်။ "အမေ မပူနဲ့။ သူ့ဦးလေးတွေက ကျွန်တော်နဲ့ သဘောတူလို့ထည့်ပေးလိုက်တာ မိဘတွေမရှိတော့ဘူး"ဆိုပဲ။

တစ်ကောင်ကြွက်တစ်မျက်နှာ မိန်းကလေးရဲ့ အသက်က ၁၆ နှစ်။ ဒေါ်ငွေး အမြင်မတော်လို့ ချွေးမကိုပြောလဲ ဘာမှပြန်မပြောတတ်သူ။ ဒီချွေးမကို ကြာတော့ ဒေါ်ငွေးမပြောတော့။ ကိုယ်တစ်ယောက်တည်း ပြောရင်း ဆိုရင်း အရူးဖြစ်မဲ့ကိန်းပေမို့။ တစ်ခုခုဆို သားကိုပဲပြောရတော့တာ။ သားပြောရင်တော့ ငြိမ်နားထောင်ပြီး ခေါင်းတညိတ်ညိတ်။

ဖိုးထောင်လေးမွေးပြီး ငါးနှစ်သားမှာတော့ သားဖိုးတာနဲ့ အဖေလုပ်သူဦးလွန်း တောထဲဝင် ထင်းသွားခုတ်ပြီး ပြန်ထွက်လာတော့ ဖိုးတာမြွေကိုက်ခံရလို့ ဆေးရုံပို့ရင်းလမ်းမှာပဲ ဆုံးသွားရရှာတာ။ အဲဒီကတည်းက ချွေးမလုပ်သူမိဆူး ကလေးလက်ဆွဲပြီး ထွက်သွားတာ ဘယ်သူမှတားမရ။ ဒေါ်ငွေးမှာသာ သားအပူ၊ မြေးအပူနဲ့ ဒီအချိန်ထိရောက်လာရတာ။ ဒေါ်ငွေးတို့နား ချွေးမဟောင်း မိဆူးပြန်ရောက်လာတော့ မြေးလေး ၁၅ နှစ်၊ မိဆူး ယူတဲ့ယောကျ်ားက သုံးယောက်ပြည့်ပြီဆိုပဲ။ ကလေးက ယောကျ်ား တစ်ယောက်ကို ကလေးတစ်ယောက်နှုန်းနဲ့ စုစုပေါင်း သုံးယောက်၊ မိန်းကလေးတွေချည်း။ မြေးဖိုးထောင်နဲ့ဆို လေးယောက်။ ယူနိုင်လိုက်တဲ့ ယောကျ်ား။ မွေးနိုင်လွန်းတဲ့ကလေး။ ဒေါ်ငွေးကြည့်ပြီး သက်ပြင်းမောချရှာသာ။

(၃)

မြေးဖိုးထောင် ဆယ်တန်းရောက်တော့ ကျောင်းဆက်မတက်ဘဲ အမေနဲ့ ညီမလေးတွေအတွက် ကယ်ရီထွက်ဆွဲပြီး ရှာကျွေးသတဲ့။ စိတ်ကူးပေါက်ရင် ဒေါ်ငွေးတို့အိမ်ကို ရောက်ချလာတယ်။ ကယ်ရီဆွဲတာ အဆင်မပြေတော့ ဒေါ်ငွေးတို့ရပ်ကွက်ထဲ အိမ်သာကျင်းလေးတူး ဇာဟီရလေးတွေလိုက်လုပ်ရှာတယ်။ အလုပ်ဟူသမျှ မညည်းမညူ။ သူ့အဘိုးလုပ်နေတဲ့ လက်သမားအလုပ်လဲ နေ့စားနဲ့ လိုက်လုပ်တတ်သေးတာ။ လူလေးက လူဖလံလေး။ ရသမျှပိုက်ဆံ အမေ့လက်ထဲအကုန်ထည့်သတဲ့။ ဒေါ်ငွေးမှာ မြေးကိုကြည့်ပြီး သနားလိုက်တာ။ ဒီလိုကလေးမျိုး နှစ်ယောက်မှ ရှိပါ့မလား တွေးမိသေးတယ်။ အဟုတ်။ အိမ်မှာ ထမင်းကျွေးပြီး ငှက်ပျောသီးလေး ချကျွေးကြည့် ပလုတ်ပလောင်းစားရင်းနဲ့-

"အဘွား ငှက်ပျောသီးကျန်သေးလားဟင်"

"ရှိပါတယ်ငါ့မြေးရယ်။ ငါ့မြေးမဝလို့လား"

"မဟုတ်ပါဘူး။ အိမ်ကညီမလေးတွေကျွေးချင်လို့ပါအဘွားရယ်။ သားကို တစ်လုံးလောက်ပေးပါလား"

ဒီအဘွားရင်ထဲမချို။

"ကဲပါ စားသာစားစမ်းပါ ထည့်ပေးလိုက်မယ်။ ဟုတ်ပြီလား"

ပြုံးသွားတဲ့ ဖိုးထောင်ကိုကြည့်ပြီး ဒေါ်ငွေး သူ့အမေကိုပဲ အပြစ်တင်ရမလား။ ချီးကျူးရမလား။ မဝေခွဲနိုင်တော့ပါ။ ဒီလိုငယ်ရွယ်တဲ့ကလေး ဒီလောက်အသိရှိနေတာ ဘာကြောင့်များပါလဲ။ အဘွား ဖိုးထောင်ကိုချစ်ရတာ ဒီလို ရှားရှားပါးပါးဖြူစင်တဲ့မေတ္တာနဲ့ သိတတ်နားလည်မှုတွေကြောင့်။

"ငါ့မြေးလေး ချမ်းသာလိုက်စမ်းပါတော်"

ဒေါ်ငွေး ရင်ထဲကဆုတောင်း။ ဖိုးထောင်ရေခဲစက်မှာ အလုပ်ကလေးရပြီး အခြေလေးကျနေတော့ ပျော်နေရတဲ့ ဒီအဘွားဒေါ်ငွေးရယ်ပါ။ အလုပ်ပြုတ်တော့ ငါ့မြေးကိုမှ လုပ်ရက်လိုက်ကြတာဆိုပြီး မကျေမချမ်း ကိုယ်တိုင်အလုပ်ရှာပေးရတာ။ အဘိုးလုပ်သူဦးလွန်းကတော့

"ဒီကောင်ဝဋ်ကြွေးကြီးတာပါကွာ"တဲ့။

"အို မြေးလေးကို အဲဒီလိုကြီးမပြောပါနဲ့လား"ဆိုပြီး ဒေါ်ငွေးနဲ့ရန်ဖြစ်ရသေးတယ်။ မနက်ဖြန်ဆို ဖိုးထောင် ဆန်စက်မှာအလုပ်ရတော့မှာပဲ။

"ဟို မိဆူးလဲ ဈေးမှာတွေ့ရင် ငါပြောစရာစကားတွေအများကြီးရှိတယ်။ ပြောကိုပြောရအုံးမယ်"

(၄)

မနက်ခြောက်နာရီသာသာ

"ဟဲ့မိဆူး မိဆူး"

"ဟုတ်"

"ငါပြောစရာစကားရှိလို့ လာအေ ဒီညောင်ပင်အောက်ခဏလောက်။ ဒီမယ်မိဆူး ဖိုးထောင်က ငါ့သားကမွေးတဲ့ငါ့မြေး ငါ့အိမ်မှာခေါ်ထားပြီး ငါ့ယောကျ်ား အလုပ်ထဲသွင်းပေးချင်တာ ငွေရတာနည်းလို့ ညည်းသားကမလုပ်ချင်ဘူးတဲ့။ အဲဒါနဲ့ ဆန်စက်မှာလုပ်ဖို့ ငါအလုပ်သွင်းထားပြီ။ မနက် ၈ နာရီဆို အလုပ်စသွားရပြီ။ ငါပြောချင်တာက ညည်းသားကိုညည်းသနားပါ။ သူ့ခမျာ ညည်းနောက်ယောကျ်ားတွေနဲ့မွေးထားသမျှ သူပဲရှာကျွေးနေရရှာတာ။ ညည်းအသက် ၃၀ ကျော်ပဲရှိသေးပေမဲ့ နောက်ထပ်ယောကျ်ားတွေ မယူတော့နဲ့။ အားတိုင်းယူ၊ အားတိုင်းမွေးတော်ရောပေါ့။ ကလေးခမျာ သိတတ်လွန်းအားကြီးတော့ ကလေးနဲ့တောင်မတူတော့ဘူး။ ညည်းကိုယ်ညည်းသာမသိတာ ပတ်ဝန်းကျင်ကကဲ့ရဲ့လှပြီ။ ညည်းယောကျ်ားယူချင်ရင် ဖိုးထောင်ကိုပြန်ကြည့်၊ ပြန်သနားအုံး။ ကလေးဆီက လက်ချည်းဖြန့်မနေနဲ့။ အလုပ်လေးလုပ်ဖို့လဲ စဉ်းစားအုံး။ ဖိုးထောင်ကိုချည်း အညွန့်ချိုးဖို့မစဉ်းစားနဲ့။ သူ့လမ်းလေးလဲ ဖွင့်ပေးဖို့ စဉ်းစားရမှာ။ ညည်းက အမေ သဘောပေါက်တယ်မလား။ ငါက သူ့အဘွား အနေနဲ့ မနေနိုင်လွန်းလို့ဝင်ပြောတာ ငါသွားပြီ။ နင်နဖူးပေါ်လက်တင် သေချာစဉ်းစား အားကိုးရှာဖို့ ယောကျ်ားထပ်မယူနဲ့။ ကိုယ့်အားကိုယ်ကိုးတော့။ ဒါပဲ ငါပြောသင့်တာပြောပြီးပြီနော် မိဆူး။ နင်သေချာစဉ်းစား သေချာတွေးတော့"

မျက်လုံးပြူးကြီးနဲ့ ပြန်ကြည့်နေတဲ့မိဆူး။

"ဟဲ့မိဆူး နားထဲဝင်ရဲ့လားငါ့စကားတွေ"ဆိုမှ

"ဟုတ်"တစ်လုံးတည်း။

ယောက္ခမဟောင်းဆီကနေ မထင်မှတ်ထားတဲ့ စကားတွေကြားရလို့ ကြောင်တိကြောင်တောင်အံ့အားသင့်နေတဲ့မိဆူး။

တစ်ပတ်လောက်နေတော့ ဦးလွန်းက

"မိငွေး ငါ့မြေးပေါ်မလာပါလားကွ။ အလုပ်အဆင်ပြေနေတယ်ထင်ပါရဲ့"

"ပြေမှာပါတော်။ ကျုပ်တို့ဆီမလာလဲ ဖိုးထောင်လေးအဆင်ပြေတယ်ဆို ဝမ်းသာနေရတာပါရှင်"

(၅)

"ဒေါ်ငွေး ဒေါ်ငွေး အရေးကြီးလို့ ထစမ်းပါအုံး"

"ဟင် ဘာဖြစ်လို့လဲ"

"ရှင့်မြေး ဖိုးထောင်မားထိုးခံရလို့ မြို့ဆေးရုံပို့မလို့ လိုက်ခဲ့ အမြန်"

"ဘာ"

"အမယ်လေးတော် ငါ့မြေးလေး ဘာဖြစ်ကြတာတဲ့တုံး။ ဘယ်သူကလုပ်သွားတာလဲ ငါ့မြေးကို။ ဟီး ဟီး ဟီး ငါ့မြေးလေး"

ဖြစ်ကြောင်းကုန်စင်မှာ ဖိုးထောင် နေမကောင်း

စာမျက်နှာ ၂၅သို့ ➤

# ပုသိမ်မြို့နယ်မှ ရန်ကုန်မြို့သို့ တစ်ရက်လျှင် ထောပတ်ပဲအိတ်ရေ ၂၀၀၀ ထိ တင်ပို့နေရ



**ပုသိမ် မေ ၂၈**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ပုသိမ်မြို့နယ်မှ ရန်ကုန်မြို့သို့ တစ်ရက်လျှင် ထောပတ်ပဲ သုံးတင်းဝင်အိတ်ရေ ၂၀၀၀ ထိ တင်ပို့ရောင်းချနေရကြောင်း ပုသိမ်မြို့မှ လယ်ယာထွက်ကုန်ရောင်းဝယ်ရေးပွဲရုံလုပ်ငန်းရှင် ဒေါ်သင်းသင်းလှိုင်က ပြောပြ၍ သိရသည်။

ပုသိမ်မြို့နယ်တွင် ပြီးခဲ့သည့် မတ်လနှင့် ဧပြီလက တစ်ရက်လျှင် ထောပတ်ပဲ သုံးတင်းဝင်အိတ်ရေ ၁၂၀၀ ထိသာ တင်ပို့ရောင်းချခဲ့ရပြီး မေ ၁ ရက်မှ ယနေ့ထိ ထောပတ်ပဲ သုံးတင်းဝင်အိတ်ရေ ၂၀၀၀ ထိ တင်ပို့ရောင်းချနေရကြောင်း၊ အဆိုပါထောပတ်ပဲများ တင်ပို့ရောင်းအားရရှိနေခြင်းသည် အခြားဒေသများက ရန်ကုန်မြို့သို့ ပဲလက်ကျန်များ အဝင်နည်းနေခြင်းကြောင့်ဖြစ်ကြောင်း သိရသည်။

"ပြည်တွင်း၊ ပြည်ပဈေးကွက်မှာ ထောပတ်ပဲတွေ ဝယ်လိုအားကောင်းနေတယ်။ ပြည်ပဈေးကွက်ကို ပြန်တင်ပို့နေရလို့ ဝယ်လိုအားကောင်းလာတာပါ။ သိသိသာသာ ဝယ်လိုအား ကောင်းလာတာပါ။ လက်ကျန်ပဲတောင် သိပ်မရှိတော့ဘူး။ ဒီလမှာတော့ ဝယ်လိုအား ကောင်းလာတဲ့အပြင် ဈေးပါ ကောင်းလာပါတယ်။ လက်ရှိမှာ ထောပတ်ပဲကို စိုက်ပျိုးသိုလှောင်ထားတဲ့ကုန်သည်တွေ ဈေးကောင်းရရှိနေပါတယ်။ ကျွန်တော်တို့ ကုန်သည်တွေနဲ့ ပွဲရုံလုပ်ငန်းရှင်တွေရဲ့ ခန့်မှန်းချက်အရဆို ပဲဈေးက ကျသွားဖို့မရှိပါဘူး။ ဝယ်လိုအားကလဲ အခုထက်ပိုကောင်းလာဖို့သာ ရှိပါတယ်"ဟု ပုသိမ်မြို့မှ လယ်ယာထွက်ကုန်ရောင်းဝယ်ရေးပွဲရုံလုပ်ငန်းရှင် ဒေါ်သင်းသင်းလှိုင်က ပြောပြသည်။

ပုသိမ်မြို့မှ ပဲမျိုးစုံရောင်းဝယ်ရေးပွဲရုံလုပ်ငန်းရှင်များသည် ဒေသထွက်ပဲများကိုဝယ်ယူပြီး ရန်ကုန်မြို့သို့ တင်ပို့ရောင်းချနေရာ ရန်ကုန်မြို့မှတစ်ဆင့် အိန္ဒိယနိုင်ငံ၊ တရုတ်နိုင်ငံနှင့် ထိုင်းနိုင်ငံသို့တင်ပို့ရောင်းချလျက်ရှိကြောင်း၊ ဧရာဝတီတိုင်းဒေသကြီးတွင် ထောပတ်ပဲများကို ပုသိမ်မြို့နယ်၊ ရေကြည်မြို့နယ်၊ ဟင်္သာတမြို့နယ်၊ မအူပင်မြို့နယ်၊ ကျိုက်လတ်မြို့နယ်၊ ဝါးခယ်မမြို့နယ်တို့တွင် စိုက်ပျိုးကြကြောင်း သိရသည်။

**ကျော်ကျော်လင်း**

# ပြည်မြို့နယ် ကျေးရွာနှစ်ရွာ၌ မြေနီလမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှု စစ်ဆေး

**ပြည် မေ ၂၈**

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ပြည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ၏ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးနှင့် စီးပွားရေးကိစ္စရပ်များအတွက် သွားလာမှုလွယ်ကူစေရန်ရည်ရွယ်၍ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ကြို့ကုန်းကျေးရွာနှင့် ရှမ်းကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းအတိုးရငွေဖြင့် မြေနီလမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ပြည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးငွေဇော်နှင့် အင်ဂျင်နီယာဝန်ထမ်းများက သက်ဆိုင်ရာကျေးရွာတွင်းလမ်းဖြစ်မြောက်ရေးကော်မတီဝင်များနှင့်အတူ ကြို့ကုန်းကျေးရွာနှင့် ရှမ်းကုန်းကျေးရွာ၌ မြေနီလမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက ရပ်မိရပ်ဖများ၊ ကျေးရွာတာဝန်ရှိသူများနှင့်တွေ့ဆုံကာ သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ အချိန်မီပြီးစီးရေး အလေးထားဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

ပြည်မြို့နယ် ကြို့ကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းအတိုးရငွေကျပ် ၇ ဒသမ ၈၅ သိန်းအသုံးပြုပြီး အရှည်ပေ ၂၅၀၀၊ အကျယ် ၁၂ ပေ၊ အမြင့် ကိုးလက်မရှိ မြေနီလမ်းခင်းခြင်းလုပ်ငန်းနှင့် ရှမ်းကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းအတိုးရငွေကျပ် ၅ ဒသမ ၁ သိန်းအသုံးပြုပြီး အရှည်ပေ ၁၇၀၀၊ အကျယ် ၁၂ ပေ၊ အမြင့် ကိုးလက်မရှိ မြေနီလမ်းခင်းခြင်းလုပ်ငန်းများကို မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အင်ဂျင်နီယာဝန်ထမ်းများ၏ နည်းပညာကူညီမှုဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ယခုနှစ် မေ ၂၀ ရက်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၇၅ ရာခိုင်နှုန်းပြီးစီးပြီဖြစ်ကြောင်း ပြည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးငွေဇော်က ပြောပြ၍ သိရသည်။

**ကိုညီ**

➤ စာမျက်နှာ ၂၄မှအဆက်

သလိုဖြစ်နေတာမို့ ဆန်စက်ကနေခွင့်ယူပြီးပြန်အလာ အိမ်မှာအိပ်နေတုန်းရှိသေး-

"ကိုကြီး ထပါအုံး။ အမေပြန်မလာသေးလို့ အမေ့ကို သွားခေါ်ပေးပါ"

ဖိုးထောင်ရဲ့ မအေတူဖအေကွဲညီမလေးက နှိုးနေတာနဲ့ ထပြီး အမေ့ကိုရှာ။ ရွာအနောက်ပိုင်းက ဘိုးစုကြီးတဲမှာ ဖဲဝင်ရိုက်နေတာဆိုတာနဲ့ ဖိုးထောင်လိုက်အသွား။

"ဟေ့နင်တို့အုပ်စု ဖဲလိမ်ရိုက်တာငါသိတယ်။ မောင်ကြီးတဲ့ တစ်ကြီးတည်းရှိတယ်။ ကိုယ့်ရွာမှာလဲ ကြက်ဖ၊ သူများရွာမှာလဲ ကြက်ဖပဲ။ နင်တို့တွေအကုန်လုံးကို မကြောက်လို့ ရွာကျော်ပြီး ဖဲဝင်ရိုက်လာတဲ့ကောင်။ လာစမ်း ဒါမျိုးအကဲစမ်းလို့ မရဘူးကွ"

"အား"

"ဟေ့ မလုပ်နဲ့ လွှန်မယ်"

"ဟေ့လူ"

မြင်ရတဲ့မြင်ကွင်းကိုကြည့်ပြီး ဖိုးထောင်ပြေးဝင်သွားတဲ့အခိုက်။ ဖိုးထောင်အမေနဲ့ ဘေးကယောက်ျားတစ်ယောက်ကို ဖဲသမား မောင်ကြီးက ဓားနဲ့လိုက်ခုတ်နေတာကို ဝင်တားလိုက်ရာက မဆီမဆိုင် ဓားထိုးခံလိုက်ရသူ ဖိုးထောင်။ သွေးအိုင်ထဲမှာ အသက်ကလေးက မြော့မြော့လေး။ ခုတ်သူကလူထွားကြီး ဗလကနည်းတဲ့ဗလမဟုတ်။ ဖိုးထောင်က လူဖလံအကောင်သေးသေးလေး။ ဓားနဲ့ လူနှစ်ယောက်ကို ခုတ်သတ်ပြီး မောင်ကြီးထွက်ပြေးသွားပြီးနောက် ဓားထိုးခံရသူ ဖိုးထောင်နဲ့ အခြားတစ်ယောက်ကို မြို့ဆေးရုံပို့ဖို့ အားချင်းစီစဉ်။

ဆန်စက်ပိုင်ရှင် မနန်းတို့အိမ်မှာ ကားရှိတော့မနန်းတို့ကားနဲ့။ အသည်းထိသွားတဲ့ဒဏ်ရာ၊ သွေးထွက်လွန်တာများတာရယ်နဲ့ ဖိုးထောင်လမ်းတစ်ဝက်မှာပင် ဆုံးသွားရှာပါတော့တယ်။

"အမယ်လေး. . . ငါ့မြေးရဲ့။ သူတော်ကောင်းမို့လို့ နတ်ကောင်းမပြီး ဝင်ချွတ်ပေးလိုက်တာလား ဟီးဟီး။ အမိုက်မတွေကျ သက်ဆိုးရှည်လိုက်ကြတာနော်။ အမယ်လေး. . . လူလေးဖိုးထောင် ငါ့အသက်နဲ့သာလဲလို့ရရင် လဲလိုက်ချင်ပါရဲ့ ဟီး ဟီး ဟီး"

"ဟိုကောင်မ အမိုက်မ။ ငါပြောတဲ့ငွေရှာဆိုတာ ကောင်းရောင်းကောင်းဝယ်လုပ်ဖို့။ အခုတော့ဖဲရိုက်ငွေရှာသတဲ့။ ကောင်မ အမိုက်မနင့်သားကို နင်ပြန်သတ်တာ ဟီး ဟီး ဟီး"

ဦးလွှန်းခမျာ တောက်တစ်ခေါက်ခေါက်နဲ့ "တောက် လောကကြီးမတရားဘူးကွာ။ ငါ့လို အိုကြီးအိုမကျမသေဘဲ လိမ္မာလှတဲ့ငါ့ ငါ့မြေးကျမှကွာ"

သားဖိုးထောင်အလောင်းဘေးဝယ် အသံမထွက် မျက်ရည်တွေကျပြီး ကိုယ့်ပါးကိုယ်ပြန်ရိုက်၊ ကိုယ့်ကိုယ်ကိုယ်ထုနှက်ပြီး မောရင်မြေကြီးနဲ့ခေါင်းဆောင့်နေတဲ့ မိဆူးကို သွေးတွေပေကျံလျက် မြင်ရပါတော့တယ်။

နွေအပူထက် ရင်တွင်းအပူကဆယ်နေထက်ကဲလျက် ဗလောင်ဆူလောင်မြိုက်နေကြရတာ ပရိဒေဝသောကမီးပါ။ ရွာပြင်ဘက်မှာ အလောင်းစင်နှစ်ခုက ယှဉ်လျက်သား။ တိုက်နေတဲ့လေပူပူတွေက ရင်တွင်းမီးကို ပိုလို့ဆူစေပြီး ငြိမ်းအေးနိုင်စွမ်းမရှိတော့ပြီ။

## ရွာပါမိုးဆွေ ပန်းပွင့်စေ

- ဂျိုးဂျိမ့်သံပေး မုတ်သုံတေးနှင့်
လှရေးတစ်ဖြာ စိမ်းမြသာအောင်
ဖျန်းပါမိုးရေ ဝသန်ဆွေ။

- ပုလဲမိုးပန်း ယုယနမ်းမှ
ညိုးနွမ်းမှုကင်း ပန်းလှခင်းတွင်
ပျံ့သင်းဝေဆာ ဖူးငုံအာ၍
များစွာပန်းတွေ ပွင့်ပါစေ။

- ပုလဲမိုးပန်း ရွာစွေဖျန်းမှ
လုပ်ငန်းဝင်လျက် မြေထွန်ယက်၍
ပြည့်တွက်ရည်ဆောင် ကောက်နှံအောင်ဖို့
ကိုတောင်သူဆွေ စိုက်ပါစေ။

- ဩော်. . .
ဝန်းကျင်စိမ်းမြ သည်ကာလတွင်
နွေကခိုနား ရင်သွေးများသည်
ကြိုးစားပညာ သင်ယူပါအောင်
ဝေဆာပန်းသွင် ကျောင်းတစ်ခွင်သို့
ကြည်ရွှင်လန်းဆန်း မိုးဦးပန်းနှယ်
လျှောက်လှမ်းအတူ စိမ်းအဖြူနှင့်
သင်ယူပညာ အခွင့်သာအောင်
ရွာကာသွန်း၍ အားအင်ပြည့်သော်
ပွင့်မည့်ပန်းများ ဝေဆာပွားမည်
ကြွားကြွားဝင့်ဝင့် ညာတံဆင့်၊
ငွားငွားစွင့်စွင့် ပန်သင့်။ ။

**ညွန့်ဝင်း(နတ်တလင်း)**

# မိုင်းပန်မြို့နယ် ဆုတ်ဟွေကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**မိုင်းပန် မေ ၂၈**

ရှမ်းပြည်နယ် (တောင်ပိုင်း) လင်းခေးခရိုင် မိုင်းပန်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဆုတ်ဟွေနှင့် ကန်မောက်လျှံကျေးရွာအတွက် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ဆဋ္ဌမအကြိမ်ထုတ်ချေးခြင်းကို ယနေ့နံနက်ပိုင်းက ဆုတ်ဟွေကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မိုင်းပန်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမိုင်းမြင့်နိုင်ထွန်းက ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းရရှိပြီး မိသားစုဝင်ငွေတိုးစီးပွားရေးလုပ်ငန်းများ လုပ်ကိုင်နိုင်ရန်အတွက် မြစိမ်းရောင်ကျေးရွာစီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရွက်ရခြင်းဖြစ်ကြောင်း၊ အဆိုပါ စီမံကိန်းရန်ပုံငွေများ လေလွင့်ဆုံးရှုံးမှုမရှိစေရေး အသင်းသား၊ အသင်းသူများ၊ ကျေးရွာကော်မတီဝင်များအနေဖြင့် အလေးထားဆောက်ရွက်ကြစေလိုကြောင်း မှာကြားသည်။

ဆက်လက်၍ မြို့နယ်ဦးစီးမှူး ဦးမိုင်းမြင့်နိုင်ထွန်းနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်းကော်မတီဝင်များထံ ရန်ပုံငွေကျပ် ၄၁ သိန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း ကော်မတီဝင်များက အဆိုပါကျေးရွာနှစ်ရွာ၌ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၃၈ ဦး၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူနှစ်ဦးနှင့် အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူနှစ်ဦး စုစုပေါင်းအသင်းသား၊ အသင်းသူ ၄၂ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၄၁ သိန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**မင်းမြင့်မိုရ်**

ခရီးသွားဆောင်းပါး

# ရွှေသိမ်တော်အနီးက ရွှေတောင်ထီးတောင်

သက်နိုင်(ပြင်ဦးလွင်)

ဒီတစ်ခေါက်ထွက်လာခဲ့တဲ့ခရီးစဉ်မှာ ကျောက်ဆည်မြို့ ရွှေသာလျောင်းတောင်ကနေ မြင်စိုင်းမြို့ဟောင်း နန်းဦးစေတီတော်ကြီးရှိရာကို ရောက်ရှိနေကြပါပြီ။ မြင်စိုင်းမြို့ဟောင်းက ကျောက်ဆည်မြို့နဲ့ အလှမ်းမဝေးဘဲ မြို့ရှောင်လမ်းမကြီးအတိုင်း ၁၀ မိနစ်ကျော်၊ ၁၅ မိနစ်လောက်သာ မောင်းလာခဲ့ရတယ်။ မြင်စိုင်းမြို့ဟောင်းဆိုပေမဲ့ ကောနေပြီဖြစ်တဲ့ ကျုံးဟောင်း၊ သစ်ပင်ချုံနွယ်အထပ်ထပ်နဲ့ ပျက်စီးယိုယွင်းနေပြီဖြစ်တဲ့ မြို့ရိုးဟောင်းနဲ့ ပြုပြင်မွမ်းမံထားပြီးဖြစ်တဲ့ နန်းဦးစေတီတော်ကြီးသာ ကျန်ရစ်နေပါတော့တယ်။ စေတီတော်ကြီးရဲ့ ရှေ့မှာတော့ မြို့တည်ကျောက်စာချပ်ဟောင်းတစ်ခုရှိနေတယ်။

စေတီတော်ကြီးကလဲ အုတ်ပုံသာသာလောက်အဖြစ်နဲ့ နှစ်ပေါင်းများစွာပျက်စီးနေခဲ့ရပြီး နောက်ပိုင်းကာလတွေရောက်မှ ပြုပြင်မွမ်းမံထားခြင်းဖြစ်ကြောင်း မှတ်ပုံမှတ်တမ်းတွေအရ သိရှိလိုက်ရတယ်။ စေတီတော်ကြီးရဲ့ပုံစံအနေအထားနဲ့ ဉာဏ်တော်အမြင့်တွေက တံတားဦးမြို့ ပင်းယမြို့ဟောင်းမှာရှိနေတဲ့ ရွှေစည်းခုံစေတီတော်ကြီးနဲ့ ခပ်ဆင်ဆင်တူနေတယ်။ မြင်စိုင်း၊ ပင်းယ၊ စစ်ကိုင်းမြို့တွေက တစ်ခေတ်တစ်ချိန်တည်းနီးပါးဖြစ်နေလို့ ဗိသုကာလက်ရာတွေ တူနေနိုင်တာ အဆန်းတော့မဟုတ်ပါဘူး။ ဒါပေမဲ့ ပင်းယခေတ်တုန်းက ငါးစီးရှင်ကျော်စွာရေးဖွဲ့ထားတဲ့ "မြင်စိုင်းရွှေပြည်"ကာချင်းကဗျာထဲကလို မြင်စိုင်းဟူသည်၊ ရွှေပြည်ရွှေပြည်ဆိုတာမဟုတ်တော့သလို ရာသီအလိုက်ပွင့်နေကြတဲ့ သင်းခွေပန်း၊ ကင်ပုန်းပန်းနဲ့ ခွာညိုပန်းတွေလဲ ပျောက်ကွယ်နေကြပါပြီ။ တောင်ထွတ်ဖျားဆီ ရွှေစာတီဆိုတဲ့ တောင်ထွတ်တောင်ဖျားပေါ်က ရွှေစေတီတွေ၊ လိုစိုးကျက်မြေကျယ်၊ ကျက်မြေကျယ်ဆိုတဲ့ ထွန်ယက်စိုက်ပျိုးရိတ်သိမ်းပြီးယာမြေတွေ၊ လုံ့ချွန်းတွန်းတက်ပယ်၊ တွန်းတက်ပယ်ဆိုတဲ့ ကာရေးပြခဲ့တဲ့နေရာတွေ၊ နန်းခွင်ရှုတင့်တယ်၊ ရှုတင့်တယ်ဆိုတဲ့ ခမ်းနားထည်ဝါတဲ့ နန်းတော်ကြီးတွေကိုလဲ မတွေ့မမြင်ရတော့ပါဘူး။ နှစ်တွေ ခေတ်တွေ ကြာညောင်းခဲ့ပြီး အစစအရာရာ ပြောင်းလဲကုန်ကြပါပြီ။

ရောက်တုန်းရောက်ခိုက် စေတီတော်ကြီးပေါ်ကို တက်ရောက်ကြည့်ရှုလေ့လာကြတယ်။ အတက်၊ အဆင်းလှေကားတွေက ကျဉ်းမြောင်းမတ်စောက်တာကြောင့် အထူးသတိထားပြီး တက်ကြရတယ်။ စေတီတော်ပေါ်ကို ရောက်ရှိလာတာနဲ့ ပတ်ဝန်းကျင်တစ်ခွင်က ရှုခင်းတွေကို ကြည့်ရှုခွင့်ရကြတယ်။ အပေါ်မှာ စေတီတော်ပတ်လမ်းရှိနေလို့လဲ အရပ်ရှစ်မျက်နှာတစ်ခွင်ကို မြင်တွေ့နေရတယ်။ စစ်ကိုင်းတောင်၊ ရှင်ဖြူရှင်လှစေတီကြီးပေါ် ရောက်ခဲ့ကြစဉ်တုန်းက ဒီလိုရှုခင်းမျိုးတွေကို ကြည့်ရှုခဲ့ချင်ပေမဲ့ အကြောင်းမညီညွတ်တာကြောင့် ကြည့်ရှုခွင့်မရခဲ့ကြပါဘူး။ အခု မြင်စိုင်းနန်းဦးစေတီတော်ကြီးပေါ်ကနေ လှပကောင်းမွန်တဲ့ ကျောက်ဆည်မြို့ရှောင်လမ်းမကြီး၊ အဝေးတစ်နေရာမှာရှိနေတဲ့ စက်မှုဇုန်မြင်ကွင်း၊ ဘိလပ်မြေစက်ရုံကြီးတွေ၊ ကျောက်ထုတ်လုပ်ရာ တောင်ကြီးတွေနဲ့အတူ ဒီနေရာက ပင်းယခေတ်တုန်းက နန်းတော်ရာနေရာဖြစ်နိုင်တယ်။ ဒီနေရာတွေကတော့ ကာရေးပြရာကွင်းနေရာတွေ ဖြစ်နိုင်တယ်။ ဟိုနေရာတွေက စိုက်ပျိုးမြေနေရာတွေ ဖြစ်နိုင်တယ်ဆိုပြီး တွေးတောခန့်မှန်းကြည့်ရှုနေကြရတယ်။ စေတီပေါ်ကဆင်းလာပြီးမှ ကျောက်စာချပ်ရှိတဲ့နေရာကို သွားရောက်လေ့လာကြရတယ်။ ပင်းယခေတ်ကရေးထိုးထားတဲ့ ရှေးဟောင်းကျောက်စာချပ်ကို မဖတ်တတ်ကြပေမဲ့ ယနေ့ခေတ်သတ်ပုံသတ်ညွှန်း ရေးဖွဲ့နည်းအတိုင်း ဘာသာပြန်ဆိုပေးထားတဲ့ ဗီနိုင်းချပ်တစ်ခုရှိနေလို့ ကျောက်စာပါမူလအဓိပ္ပာယ် အကြောင်းအရာ၊ အချက်အလက်တွေကို ရှင်းရှင်းလင်းလင်းသိခွင့်ရခဲ့ကြတယ်။

မြင်စိုင်းမြို့ဟောင်းမှာလေ့လာပြီးတာနဲ့ ခရီးအစီအစဉ်အရ ရွှေသိမ်တော်ဘုရားရှိရာကို ဆက်လက်ထွက်ခွာလာခဲ့ကြတယ်။ အပြန်ခရီးမှာ ကျောက်ဆည်မြို့တွင်းကနေ ဖြတ်သန်းမောင်းနှင်ခြင်းမပြုတော့ဘဲ မြို့ရှောင်လမ်းမကြီးအတိုင်း ရွှေသာလျောင်းတောင်ခြေကနေ မောင်းနှင်လာခဲ့တာကြောင့် ကားရှေ့ခန်းမှာ လိုက်ပါစီးနင်းလာတဲ့ ဆရာတော်က အလာတုန်းက ဒီလမ်းကနေမောင်းရင် ရတာပဲနော်လို့ မြွက်ကြားပါတယ်။ ဆရာတော်မြွက်ကြားတဲ့အတိုင်း ရွှေသာလျောင်းတောင်ပေါ်ကို ကျောက်ဆည်မြို့တွင်းကနေမသွားဘဲ မြို့ရှောင်လမ်းကသွားလို့ရနေပါပြီ။ တောင်ခြေ မြို့ရှောင်လမ်းအတိုင်း ရွှေသာလျောင်းတောင်ကြီးကို အနီးကပ်ကြည့်ရှုကြရင်း တဖြည်းဖြည်းနဲ့ ရန်ကုန်-မန္တလေးလမ်းဟောင်းကို ရောက်လာခဲ့ကြတယ်။ ကျောက်ဆည်မြို့က နောက်မှာ လက်ပြနှုတ်ဆက်ကျန်နေရစ်ခဲ့ပါပြီ။



ရွှေတောင်ထီးတောင်ပေါ်တစ်နေရာကို တွေ့ရစဉ်။

ရွှေသိမ်တော်ဘုရားရှိရာကို မိနစ်အနည်းငယ်လောက်သာ ထပ်မံမောင်းနှင်ရတော့မှာပါ။ ဒါပေမဲ့ အချိန်က ညနေ ၄ နာရီကျော်နေပြီဖြစ်လို့ တောင်ပေါ်ကို တက်ရောက်ကြဖို့အတွက် အချိန်မီ၊ မမီ စိုးရိမ်ပူပင်နေရတယ်။ ရန်ကင်းတောင်၊ မန္တလေးတောင်၊ စစ်ကိုင်းတောင်နဲ့ ရွှေသာလျောင်းတောင်တွေကို တောင်တက်ကားလမ်းအတိုင်း အချိန်တိုတိုနဲ့ တက်ရောက်နိုင်ခဲ့ကြပေမဲ့ အခုနောက်ဆုံး တက်ရောက်ကြရမဲ့ ရွှေသိမ်တော်တောင်ကို ဘယ်လိုတက်ရောက်ကြရမယ်ဆိုတာ မသိကြရသေးပါဘူး။ တောင်ခြေမှာရှိတဲ့ ရွှေသိမ်တော်ဘုရားကိုရောက်တိုင်း စောင်းတန်းလှေကားထစ်တွေကိုသာတွေ့မြင်နေရတာကြောင့် တောင်တက်ကားလမ်းမရှိဘဲ လှေကားထစ်တွေကနေ ခြေကျင်တက်ရောက်ကြရတော့မယ်ဆိုပြီး တွေးထင်ထားလိုက်ရတယ်။ ဒီလိုခြေကျင်ခရီးနဲ့ စောင်းတန်းကနေ တက်ရောက်ကြရရင် အချိန်ကြာမြင့်မှာဖြစ်တဲ့အပြင် ဆရာတော်နဲ့တကွ အသက်အရွယ်ကြီးတဲ့ ခရီးဖော်တွေအတွက် အဆင်ပြေမှာမဟုတ်တော့ပါဘူး။

ဒါကြောင့်လဲ ရွှေသိမ်တော်ဘုရားဝင်းထဲကို ဝင်ရောက်လာတာနဲ့ လုံခြုံရေးလမ်းပြတွေ လမ်းညွှန်အချက်ပြနေတဲ့ ကားရပ်နားစခန်းရှိရာကို မသွားသေးဘဲ ကားကိုခဏရပ်လိုက်ပြီး တောင်ပေါ်ကိုတက်ရောက်ကြမှာဖြစ်ကြောင်း၊ တောင်ခြေနဲ့အနီးဆုံးနေရာမှာ ကားရပ်နားထားလိုကြောင်း ပြောပြတဲ့အခါ တာဝန်ကျလုံခြုံရေးတွေက တောင်ပေါ်ထိ ကားမောင်းတက်ရောက်နိုင်ကြောင်း ပြောပြကြလို့ အတိုင်းမသိဝမ်းသာသွားခဲ့ရတယ်။ ဒါ့ပြင် တောင်ပေါ်တက်တဲ့လမ်းကိုလဲ ညွှန်ပြပေးကြတယ်။ တောင်တက်ကားလမ်းက ရွှေသိမ်တော်ဘုရားကိုကျော်လွန်သွားရပြီး ဘုရားအနီးမှာရှိတဲ့ သင်တောင်းရွာအစွန်မှာရှိနေတယ်။ ဒါကြောင့် ရွှေသိမ်တော်ဘုရားကိုလဲဖြတ်၊ သင်တောင်းရွာကိုလဲ ဖြတ်သန်းမောင်းနှင်လာခဲ့ရပြီး ရွာအစွန်ကိုရောက်လာခဲ့ကြတယ်။

သင်တောင်းရွာအစွန်ကနေတစ်ဆင့် မြားပြထားတဲ့ လမ်းညွှန်ဆိုင်းဘုတ်လေးတွေအတိုင်း ဆက်လက်လာခဲ့တာ မကြာခင်မှာ တောင်တက်ကားလမ်းအစမုခ်ဦးကြီးတစ်ခုကို တွေ့မြင်လိုက်ရတယ်။ ကားကိုခဏရပ်ပြီး မှတ်တမ်းဓာတ်ပုံတွေရိုက်ကြရင်းနဲ့ အခု မိမိတို့တက်ရောက်ကြမဲ့ တောင်ဆိုတာ ရွှေသိမ်တော်တောင်မဟုတ်ဘဲ သက္ကရာဇ် ၆၉၄ ခုနှစ်က ဥဇနာမင်းတည်ခဲ့တဲ့ မဟာရွှေတောင်ထီးတောင်၊ ရွှေတောင်ထီးမြတ်စွာဘုရားဆိုတာ သိလိုက်ရတော့တယ်။ ရွှေတောင်ထီးတောင်က အလွန်မြင့်မားခြင်းမရှိတဲ့အပြင် တောင်တက်ကားလမ်းကလဲ အကွေ့အကောက်တွေနည်းပါးတာကြောင့် တောင်ပေါ်ကိုတစ်ခဏနဲ့ ရောက်လာခဲ့ကြတယ်။ တောင်တက်စောင်းတန်းတွေအတိုင်း ခြေကျင်တက်ရောက်ကြမယ်ဆိုရင် မသက်သာတဲ့အပြင် အချိန်မီမှာ မဟုတ်ပါဘူး။

တောင်ထိပ်ပေါ်မှာ စေတီငယ်လေးတွေနဲ့အတူ အာရုံခံတန်ဆောင်းတွေ၊ ဗုဒ္ဓရုပ်ပွားတော်တွေရှိနေပြီး ကြီးမားလှတဲ့စေတီတော်ကြီးတစ်ဆူကို စတင်တည်ဆောက်နေတဲ့မြင်ကွင်းတွေကို တွေ့မြင်နေရတယ်။ စေတီတော်ကြီးက စတင်တည်ဆောက်ခါစ အနေအထားဖြစ်တာမို့ ဖြစ်ပေါ်လာမဲ့ပုံသဏ္ဌာန်ကို မသိရသေးပါဘူး။ အာရုံခံတန်ဆောင်းမှာရှိနေတဲ့ ရုပ်ပွားတော်တွေကို ဖူးမြော်ကန်တော့ပြီးတာနဲ့ တောင်ပေါ်၊ တောင်အောက် ပတ်ဝန်းကျင်တွေကို လေ့လာကြည့်ရှုကြရတယ်။ တောင်ထိပ်က ကျယ်ဝန်းမှုမရှိဘဲ အနည်းငယ် ကျဉ်းမြောင်းပါတယ်။ တောင်တက်ကားလမ်းဖောက်လုပ်ထားပေမဲ့ တောင်ပေါ်မှာ ကားရပ်နားစရာနေရာ သိပ်မရှိပါဘူး။ မိမိတို့ရဲ့ ခွေးဘီလူးကားလေးတစ်စီးတောင် အာရုံခံတန်ဆောင်းရှေ့မှာ ဖြစ်သလိုရပ်နားထားခဲ့ရပြီး အပြန်အဆင်းခရီးမှာ ရှေ့တိုးနောက်ဆုတ်နဲ့ ပြန်ထွက်ယူရမှာပါ။ နောက်ထပ်သုံးလေးစီးလောက် တက်လာမယ်ဆိုရင် ကားရပ်နားစရာနေရာအတွက် အခက်အခဲဖြစ်တော့မှာ သေချာပါတယ်။

တောင်ပေါ်ကနေ တောင်အောက်ကိုကြည့်ရတဲ့ ရှုခင်းတွေက အလွန်သာယာလှပပါတယ်။ အဝေးတစ်နေရာက လယ်ကွင်းလယ်ကွက်စိုက်ခင်းတွေ၊ ကားကြီးကားငယ်တွေ ဥဒဟိုသွားလာနေတဲ့ ရန်ကုန်-မန္တလေးလမ်းဟောင်းကြီး၊ သင်တောင်းရွာနဲ့အတူ ရွှေသိမ်တော်ဘုရားပါ။ သင်တောင်းရွာနဲ့ ရွှေသိမ်တော်ဘုရားကိုတော့ အပေါ်စီးကနေ အနီးကပ်မြင်တွေ့ခွင့်ရနေတယ်။ စောစောက တောင်တက်ခရီးမှာ ဖြတ်သန်းမောင်းနှင်လာခဲ့တဲ့ သင်တောင်းရွာကိုအပေါ်စီးကနေ တွေ့မြင်ရတော့မှ ရွာကြီးတစ်ရွာဖြစ်တယ်ဆိုတာကို သိရှိရတော့တယ်။

ဒါ့ပြင် ဘုရားသမိုင်းအထောက်အထားတွေအရ သင်တောင်းရွာမဟုတ်ဘဲ သင်တောင်းကြီးရွာဖြစ်ကြောင်း၊ ပုဂံခေတ်က အနော်ရထာမင်းကြီး တည်ထောင်သွားခဲ့တဲ့ လယ်တွင်းတစ်ဆယ့်တစ်ခရိုင်ထဲက တစ်ခရိုင်ဖြစ်ကြောင်း၊ ကျောက်ဆည်မြို့နယ်အတွင်းမှာ အခု သင်တောင်းကြီးရွာရှိနေသလို စဉ့်ကိုင်မြို့နယ်အတွင်းမှာ သင်တောင်းငယ်ရွာရှိနေသေးကြောင်း၊ သင်တောင်းကြီးမှာ သင်တောင်းအင်းအတွင်းရှိနေသောကြောင့် အင်းကိုအစွဲပြုပြီး ခေါ်ဆိုခဲ့ကြခြင်းဖြစ်ကြောင်း စတာတွေကို ထပ်မံသိရှိခဲ့ရတယ်။

တောင်အောက်မှာ နီးနီးကပ်ကပ် ထင်ထင်ရှားရှားတွေ့မြင်နေရတဲ့ ရွှေသိမ်တော်ဘုရားကို ပုဂံခေတ်အခါကတည်းက အနော်ရထာမင်းကြီး တည်ထားကိုးကွယ်ခဲ့တယ်လို့ ဆိုပါတယ်။ ရွှေသိမ်တော်ဘုရားကို အပေါ်စီးကနေ တွေ့မြင်ရတော့မှ အလွန်ကြီးမားကျယ်ဝန်းကြောင်း သိရတော့တယ်။ ဘုရားကြီးပတ်လည်မှာရှိနေတဲ့ အုန်း၊ ငှက်ပျောဆိုင်တန်းတွေ၊ အမှတ်တရပစ္စည်း အရောင်းဆိုင်တွေနဲ့ ဒေသထွက်ကုန်ပစ္စည်းဆိုင်တွေ၊ စားသောက်ဆိုင်တွေ၊ ကား၊ ဆိုင်ကယ်ရပ်နားစခန်းတွေ၊ ဘုရားဖူးဧည့်သည်တွေနဲ့ အလွန်စည်ကားလို့နေတယ်။

ရွှေတောင်ထီးတောင်ထိပ်ပေါ်ကနေ ထူးထူးခြားခြားနဲ့ ကြုံကြုံဖန်ဖန်တွေ့မြင်နေရတာက ရွှေသိမ်တော်ဘုရားထဲက ကန်တော့ပွဲတွေပါ။ များပြားလွန်းလှတဲ့ ကန်တော့ပွဲတွေက ဘုရားထဲမှာအပြည့်ဖြစ်နေတယ်။ စာမေးပွဲအောင်မြင်ဖို့၊ ရာထူးတက်ဖို့၊ စီးပွားရေးကောင်းဖို့၊ ကျန်းမာရေးကောင်းဖို့၊ အန္တရာယ်ကင်းဖို့၊ ခြံရောင်း၊ တိုက်ရောင်း၊ မြေရောင်းအဆင်ပြေဖို့၊ ကျောက်အောင်ဖို့၊ ချစ်သူရည်းစား အိမ်ထောင်တွေ တည်တံ့ခိုင်မြဲဖို့၊ အရက်၊ ဘီယာ၊ ဘိန်း၊ မူးယစ်ဆေးတွေ ဖြတ်ဖို့၊ ပြတ်ဖို့ စသဖြင့်အကြောင်းမျိုးစုံ၊ နည်းမျိုးစုံနဲ့ အဓိဋ္ဌာန်ပြီး လာရောက်ကန်တော့ပွဲထိုးနေသူတွေအတွက် အဆင်ပြေ၊ မပြေ၊ အောင်မြင်ခြင်း ရှိ၊ မရှိတွေကို တိတိကျကျမသိရပေမဲ့ အုန်းသီး၊ ငှက်ပျောသီးကန်တော့ပွဲ ရောင်းနေကြသူတွေ၊ ဆိုင်တွေကတော့ အလွန်အဆင်ပြေနေကြပါတယ်။

ရွှေတောင်ထီးတောင်ပေါ်မှာ သာသနာရေးဆိုင်ရာလုပ်ငန်းတွေ၊ အဆောက်အအုံတွေ၊ ဘုရားစေတီတွေ၊ ဗုဒ္ဓရုပ်ပွားတော်တွေကို အသစ်တည်ဆောက်နေတာတွေ၊ ပြုပြင်မွမ်းမံနေတာတွေကို အများအပြားတွေ့မြင်နေရတယ်။ အဓိကနဲ့ အထင်ကရအဖြစ်တွေ့မြင်နေရတာက စောင်းတန်းလှေကားတွေတစ်လျှောက် ကြည်ညိုဖွယ်ရာ ဘုရား၊ ရဟန္တာရုပ်ပွားတော်ကြီးတွေပါ။ တောင်ခြေကနေ တောင်ထိပ်ထိ တန်းစီပြီး ကြွချီလာတဲ့ ရုပ်ပွားတော်ပေါင်းများစွာက ရွှေတောင်ထီးတောင်ကို ပိုမိုတင့်တယ်လှပသွားစေပါတယ်။ ဒါပေမဲ့ အများစုက ရွှေတောင်ထီးတောင်နဲ့ စေတီတော်ကြီးကိုမသိကြဘဲ ရွှေသိမ်တော်ဘုရားကိုသာ သိနေကြတယ်။ မိမိနဲ့အတူ ခရီးဖော်တွေအားလုံးကလဲ ရွှေသိမ်တော်ဘုရား၊ ရွှေသိမ်တော်တောင်လို့ပဲ သိခဲ့ကြတာပါ။ တောင်ပေါ်ကို ဆိုက်ဆိုက်မြိုက်မြိုက်ရောက်လာမှ ကွဲကွဲပြားပြားသိမြင်ခဲ့ရတယ်။

အခုတစ်ခေါက်ခရီးစဉ်က ရန်ကင်းတောင်၊ မန္တလေးတောင်၊ စစ်ကိုင်းတောင်၊ ရွှေသာလျောင်းတောင်နဲ့ ရွှေတောင်ထီးတောင်စတဲ့ တောင်ငါးလုံးကို တစ်နေ့တစ်ရက်ခရီးစဉ်အဖြစ် သွားရောက်ခဲ့ကြတာပါ။ တောင်တွေအားလုံးပေါ်ကို တောင်တက်ကားလမ်းကနေ တက်ရောက်လို့ရနေတာကြောင့်လဲ အချိန်မီမီ အေးအေးဆေးဆေးနဲ့ ဖူးမြော်လေ့လာကြရတဲ့အပြင် နီးစပ်ရာဘုရားစေတီပုထိုးတွေကိုပါ ထပ်မံဖူးခွင့်ရရှိခဲ့ကြပါသေးတယ်။ နောက်တစ်ပတ်မှာ မရောက်ဖူး၊ မသွားဖူးသေးတဲ့ ဒေသတစ်ခုကိုသွားဖို့ ပြင်ဆင်လိုက်ပါအုံးမယ်။

# အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများကို ပြန်လည်ဖိတ်ခေါ်

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**သတင်းထုတ်ပြန်ချက်**

## အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများကို ပြန်လည်ဖိတ်ခေါ်ခြင်း

၁။ တပ်မတော်က နိုင်ငံတော်တာဝန်ကို လွှဲပြောင်းရယူခဲ့ရသည့် ၂၀၂၁ခုနှစ် ဖေဖော်ဝါရီ ၁ရက်နောက်ပိုင်းကစ၍ NLD ပါတီဝင်များ၊၎င်းပါတီကို ထောက်ခံသူအစွန်းရောက်များ၊မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊CDMလှုံ့ဆော်မှုနှင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို မလိုလားသည့် ပြည်တွင်း၊ ပြည်ပမှ လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းများ၏ သွေးထိုးလှုံ့ဆော်မှု၊ ခြောက်လှန့်မှုတို့ကြောင့် အချို့သော ကျောင်းသား၊ ကျောင်းသူ လူငယ်လူရွယ်များ၊ နိုင်ငံ့ဝန်ထမ်းများနှင့် မိမိတို့နိုင်ငံသားများသည် EAOများ တည်ရှိရာနေရာများနှင့် ပြည်ပနိုင်ငံများသို့ စိုးရိမ်စိတ်များဖြင့် တိမ်းရှောင်နေကြောင်း သိရှိရပါသည်။

၂။ ၎င်းတို့အနေဖြင့် မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ ၎င်းတို့နှင့် ဆက်စပ်နေသည့် ပုဂ္ဂိုလ်အချို့၏ထုတ်ပြန်ခဲ့သည့် အာဏာရှင်ဆန်သည့်ထုတ်ပြန်ချက်၊ ပြောကြားချက်တို့အပေါ်တွင်လည်း ထပ်မံစိုးရိမ်လျက်ရှိပြီး ရောက်ရှိရာနေရာများ၌လည်း လုံခြုံရေးအာမခံချက်မရှိမှု၊ လူမှုစီးပွားဘဝ အဆင်မပြေခက်ခဲမှုတို့နှင့်ရင်ဆိုင်နေရသဖြင့် မိမိတို့နေရပ်ဒေသအသီးသီးသို့ ပြန်လာလိုသည့်ဆန္ဒများဖြစ်ပေါ်နေသည်ကို သတင်းရရှိပါသည်။

၃။ **ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များကို ရည်ရွယ်ချက်ရှိရှိတိုက်ခိုက်မှု၊ပြည်သူ့ဝန်ထမ်းများနှင့်ပြည်သူအချို့ကို အုပ်စုဖွဲ့ကိုယ်ထိလက်ရောက်တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အအုံများနှင့် ပုဂ္ဂလိကပိုင်အဆောက်အအုံများကို ဖျက်ဆီးမှု၊ CDM လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ နက်ရှိုင်းစွာကာယကံမြောက်ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့် ဝန်ထမ်းများ၊အသိပညာရှင်၊အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။**

၄။ မိမိနေရပ်ဒေသအသီးသီးမှ စွန့်ခွာတိမ်းရှောင်နေရသူများသည်လည်း မိမိတို့နိုင်ငံသားများဖြစ်သောကြောင့် ၎င်းတို့အနေဖြင့် တိမ်းရှောင်ရောက်ရှိနေရာများမှ မြန်မာနိုင်ငံရှိ ၎င်းတို့ဒေသအသီးသီးသို့ ပြန်လည်ဝင်ရောက်ရေး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက စီမံဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၅။ သို့ဖြစ်ပါ၍ နေရပ်ဒေသအသီးသီးသို့ အကြောင်းအရာတစ်မျိုးမျိုးဖြင့် ဖြစ်မှုကျူးလွန်ထားသူများမှအပ စိုးရိမ်စိတ်ကြောင့် တိမ်းရှောင်နေရသူများအနေဖြင့် မိမိတို့၏ကိုယ်ပိုင်စိတ်ဆန္ဒအရ မြန်မာနိုင်ငံရှိ မိမိတို့၏ နေရပ်များသို့ပြန်လည်ဝင်ရောက်လိုပါက ဥပဒေအရဖြေလျှော့ပေးမှုများနှင့်အညီ ပြန်လည်ဝင်ရောက်နိုင်ရေး နီးစပ်ရာ ရပ်ကွက်၊ ကျေးရွာ၊ မြို့နယ်၊ ခရိုင်စီမံအုပ်ချုပ်ရေးကောင်စီများနှင့် ပြည်ပရောက်နိုင်ငံသားများအနေဖြင့် သက်ဆိုင်ရာသံရုံး၊စစ်သံရုံး၊ကောင်စစ်ဝန်ရုံးများသို့ ဆက်သွယ်ဆောင်ရွက်နိုင်ပါရန် သတင်းထုတ်ပြန်အပ်ပါသည်။

**သတင်းထုတ်ပြန်ရေးအဖွဲ့**

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များကို ရည်ရွယ်ချက်ရှိရှိတိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့် ပြည်သူအချို့ကို အုပ်စုဖွဲ့ ကိုယ်ထိလက်ရောက်တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အအုံများနှင့် ပုဂ္ဂလိကပိုင်အဆောက်အအုံများကို ဖျက်ဆီးမှု၊ CDM လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ နက်ရှိုင်းစွာ ကာယကံမြောက် ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့် ဝန်ထမ်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။**

# ရွှေဘိုမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲမျိုးစုံသီးနှံဧက ၃၇၆၃၈ ဧက စိုက်ပျိုးမည်



ယခင်နှစ်က ပဲစင်းငုံစိုက်ခင်းကို တွေ့ရစဉ်။

**ရွှေဘို မေ ၂၈**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ရွှေဘိုမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲမျိုးစုံသီးနှံ ၃၇၆၃၈ ဧက စိုက်ပျိုးမည်ဖြစ်ကြောင်း ရွှေဘိုမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ် မိုးသီးနှံ စိုက်ပျိုးရာသီ၌ ရွှေဘိုမြို့နယ်တွင် ပဲမျိုးစုံသီးနှံ စိုက်ပျိုးရန်အတွက် လျာထားမှုအနေဖြင့် မိုးကြိုပဲတီစိမ်း ၁၁၇၅၄ ဧက၊ မိုးပဲတီစိမ်း ဧက ၅၅၀၀၊ မတ်ပဲ ၃၈၄ ဧက၊ ထောပတ်ပဲ ၂၈၅၄ ဧက၊ စွန်တာပြာ ၄၀၇၅ ဧက၊ ပဲစင်းငုံ ၁၃၀၃၆ ဧက၊ အခြားပဲ ၃၅ ဧကတို့စိုက်ပျိုးမည်ဖြစ်ကြောင်း သိရသည်။

"ပဲမျိုးစုံစိုက်ပျိုးမှုနဲ့ပတ်သက်ပြီး စိုက်နည်းစနစ်တွေ မှန်ကန်စေဖို့၊ မျိုးကောင်းမျိုးသန့်တွေ စိုက်ပျိုးကြဖို့၊ ပိုးမွှားကျရောက်မှုမရှိစေဖို့အတွက် ကွင်းဆင်းဆောင်ရွက်သွားမယ်။ ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ရွှေဘိုမြို့နယ်မှာ ပဲမျိုးစုံသီးနှံဧက ၃၀၀၀၀ ကျော် စိုက်ပျိုးဖို့အတွက် လျာထားပါတယ်။ ပဲမျိုးစုံသီးနှံဧက လျာထားချက်ပြည့်မီအောင် စိုက်ပျိုးသွားမှာပါ"ဟု ရွှေဘိုမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ပိုက ပြောပြသည်။

ပြီးခဲ့သည့်နှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ရွှေဘိုမြို့နယ်တွင် ပဲမျိုးစုံသီးနှံဧက ၃၇၄၀၃ ဧက စိုက်ပျိုးရန် လျာထားပြီး ၂၀၂၂ ခုနှစ် ဇွန်လမှစတင်၍ စက်တင်ဘာလထိစိုက်ပျိုးခဲ့ကြရာ ၃၆၆၈၂ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

ရွှေဘိုမြို့နယ်တွင် ပဲမျိုးစုံသီးနှံစိုက်ပျိုးတောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် ဒေသနှင့် ကိုက်ညီသည့်မျိုးကောင်း၊ မျိုးသန့်ရရှိရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားကျရောက်မှုကင်းရှင်းရေး၊ ဓာတ်မြေဩဇာ စနစ်တကျသုံးစွဲရေး၊ အထွက်နှုန်းကောင်းမွန်ရေးတို့ကို အသိပညာပေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ပြီးခဲ့သည့်နှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ရွှေဘိုမြို့နယ်တွင် ပဲမျိုးစုံသီးနှံဧက ၃၆၈၀၂ ဧကစိုက်ပျိုးနိုင်ခဲ့ကြောင်း၊ ထို့ပြင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌လည်း ရွှေဘိုမြို့နယ်တွင် ပဲမျိုးစုံသီးနှံဧက ၂၂၅၂၁ ဧကစိုက်ပျိုးရန် လျာထားပြီး ၂၀၂၂ ခုနှစ် အောက်တိုဘာလမှစတင်၍ ဒီဇင်ဘာလထိ စိုက်ပျိုးခဲ့ရာ ဧက ၂၁၉၈၀ စိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။ (၂၀၆)

# ကျိုင်းတုံမြို့နယ် ကျေးရွာနှစ်ရွာတွင် ရေရရှိရေးလုပ်ငန်းပြီးစီးမှု စစ်ဆေး

**ကျိုင်းတုံ မေ ၂၈**

ရှမ်းပြည်နယ် (အရှေ့ပိုင်း) ကျိုင်းတုံမြို့နယ် ဝိန်းကျောက်ကျေးရွာနှင့် ကောင်းဟွမ်(ပလောင်)ကျေးရွာ၌ ကျေးလက်ရေရရှိရေး လုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မိုင်းလားခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခေတ္တခရိုင်ဦးစီးမှူး ဦးသက်ညီညီနှင့်တာဝန်ခံအင်ဂျင်နီယာဝန်ထမ်းများသည် ကျေးလက်ရေရရှိရေးအတွက် ဝိန်းကျောက်ကျေးရွာတွင် အရှည် သုံးမိုင်ရှိ စိမ့်စမ်းရေသွယ်ယူခြင်းလုပ်ငန်းနှင့် ဆက်စပ်လုပ်ငန်းများ၊ ကောင်းဟွမ် (ပလောင်)ကျေးရွာတွင် အရှည် သုံးမိုင်ရှိ စိမ့်စမ်းရေသွယ်ယူခြင်းလုပ်ငန်းနှင့် ဆက်စပ်လုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့ကြပြီး အဆိုပါ ကျေးရွာနှစ်ရွာရှိ ရပ်မိရပ်ဖများ၊ ရေပေးရေးကော်မတီများနှင့် တွေ့ဆုံကာ လုပ်ငန်းများ ရေရှည်တည်တံ့အောင် ပိုင်းဝန်းထိန်းသိမ်းကြရန် ဆွေးနွေးမှာကြားခဲ့သည်။

ဝိန်းကျောက်ကျေးရွာနှင့် ကောင်းဟွမ်(ပလောင်)ကျေးရွာတို့တွင် ကျေးလက်ရေရရှိရေးလုပ်ငန်းများကို ပြည်ထောင်စု၊ ပြည်နယ်ခွင့်ပြုရန်ပုံငွေကျပ် ၁၁၉ ဒသမ ၀၇၈ သန်းအသုံးပြု၍ တင်ဒါအောင်မြင်သည့် ခေမာရဌ်ဌာနေကုမ္ပဏီနှင့် ရဲစံကုမ္ပဏီတို့က ၂၀၂၂ ခုနှစ်က စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများအားလုံး ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါ လုပ်ငန်းများပြီးစီးသဖြင့် ဝိန်းကျောက်ကျေးရွာ၊ ကောင်းဟွမ်(ပလောင်)ကျေးရွာတို့ရှိ ပြည်သူများ နွေရာသီရေရှားပါးမှုပြဿနာများပြေလည်၍ သန့်ရှင်းသော သောက်သုံးရေများ ရာသီမရွေး ရရှိပြီဖြစ်ကြောင်း မိုင်းလားခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ခေတ္တခရိုင်ဦးစီးမှူး ဦးသက်ညီညီက ပြောပြ၍ သိရသည်။

**ရှိုးသန်းဌေးနိုင်**

# ဘက်စုံပညာရေးကဏ္ဍမြှင့်တင်ရေး အားလုံးပူးပေါင်းဆောင်ရွက်ပေး

**မောင်သောင်းဝင်း(တမန်ဟောင်း)**

မြန်မာနိုင်ငံလုံးဆိုင်ရာပညာရေးညီလာခံ (၂၀၂၃) ကို ၂၀၂၃ ခုနှစ် မေ ၁၈ ရက်မှ ၂၀ ရက်ထိ နေပြည်တော်၌ ပြုလုပ်ခဲ့သည်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၁၂)ရပ်၏ လူမှုရေး ဦးတည်ချက်တွင်ပါဝင်သည့် "ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်တည်ဆောက်ရေးအတွက် လိုအပ်သည့် လူ့စွမ်းအားအရင်းအမြစ်များမွေးထုတ်နိုင်ရန် ဘက်စုံပညာရေးကဏ္ဍ မြှင့်တင်ရေး"ဆိုသည့် ဦးတည်ချက်ကို အကောင်အထည်ဖော်မှုအနေဖြင့် ကျင်းပခဲ့ခြင်းဖြစ်သည်။ ပညာရေးညီလာခံတွင် မြန်မာနိုင်ငံအနာဂတ်ပညာရေး တိုးတက်ကောင်းမွန်စေရေးအတွက် ကောင်းမွန်သောရလဒ်များ ထွက်ပေါ်ခဲ့သည်။

**ရည်ရွယ်ချက် ၇ ရပ်**

မြန်မာနိုင်ငံ၏အနာဂတ်ပညာရေး ပိုမိုတိုးတက်ကောင်းမွန်စေရေး ဦးတည်ချက်ဖြင့် မြန်မာနိုင်ငံလုံးဆိုင်ရာ ပညာရေးညီလာခံ (၂၀၂၃) ကို ပညာရေးနှင့်ဆက်စပ်ဝန်ကြီးဌာန ၁၁ ခုက ပူးပေါင်းကျင်းပခဲ့ခြင်းဖြစ်သည်။ ညီလာခံကျင်းပရသည့်ရည်ရွယ်ချက် ၇ ချက်မှာ ပညာရေးတန်းစဉ်ကူးပြောင်းမှုနည်းပါးခြင်းကို ကုစားနိုင်မည့်နည်းလမ်းရှာရန်၊ KG+9 ပညာရေးကို အမျိုးသားရေးကိစ္စတစ်ရပ်အဖြစ် တိုင်းဒေသကြီး၊ ပြည်နယ်အားလုံးဆောင်ရွက်ရန်၊ အသက်မွေးဝမ်းကျောင်းအခြေခံရရှိရေးအတွက် KG + 10၊ 11၊ 12 တွင် စိုက်ပျိုး၊ မွေးမြူရေး၊ နည်းပညာရပ်များသင်ကြားရေး၊ လုပ်ငန်းခွင်လက်တွေ့အသုံးကျမည့် စိုက်ပျိုးရေး၊ မွေးမြူရေး၊ စက်မှုသိပ္ပံများ ထိရောက်စွာသင်ကြားရန် လူ့စွမ်းအားအရင်းအမြစ်များ မွေးထုတ်ရေး၊ အဆင့်မြင့်ပညာကို ဘာသာရပ်ဆိုင်ရာ ကျွမ်းကျင်မှုအပြင် လူမှုအသိုက်အဝန်း အထောက်အကူပြုစေမည့် ပတ်ဝန်းကျင်ဖြင့်သင်ကြားရေး၊ ဝိဇ္ဇာ၊ သိပ္ပံပညာရှင်များ၊ နည်းပညာရှင်များမွေးထုတ်ရေးနှင့် လူငယ်လူရွယ်များ မျိုးချစ်စိတ်၊ တိုင်းပြည်ချစ်စိတ်ရှိစေရေးတို့ပင်ဖြစ်သည်။

**ရှေ့လုပ်ငန်းစဉ်များသတ်မှတ်**

ပညာရေးမြှင့်တင်ခြင်းသည် ပညာရာမိုးသူပုဂ္ဂိုလ်များကိုသာမက လူအသိုင်းအဝိုင်းနှင့် မျက်မှောက်ကမ္ဘာကြီးတစ်ခုလုံး၏အနာဂတ်ကို ပုံဖော်နေခြင်းပင်ဖြစ်သည်။ ထို့ကြောင့် ပညာရေးနိမ့်ကျနေမှုကို ကုစားနိုင်မည့်နည်းလမ်းများကိုဖော်ထုတ်ပြီး ပညာရေးတိုးတက်အောင်မြှင့်တင်ပေးနိုင်မည့် နည်းလမ်းများပေါ်ထွက်လာအောင် ဆွေးနွေးရေးအတွက် ပညာရေးညီလာခံကိုကျင်းပခဲ့ခြင်းဖြစ်သည်။ အဆိုပါညီလာခံ၌ မြန်မာနိုင်ငံညာရေးကဏ္ဍ တိုးတက်မြင့်မားရေးတွင် အဟန့်အတားဖြစ်နေသည့် အခက်အခဲများ၊ ပြဿနာများ၊ စိန်ခေါ်မှုများကို စုပေါင်းဆွေးနွေးအဖြေရှာပြီး အနာဂတ်ပညာရေးကဏ္ဍ တိုးတက်ကောင်းမွန်လာစေရေးအတွက် ရှေ့လုပ်ငန်းစဉ်များကို ညှိနှိုင်းသတ်မှတ်နိုင်ခဲ့သည်။

**ဘက်စုံပညာရေး**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ဘက်စုံပညာရေးနှင့်စပ်လျဉ်း၍ မြန်မာနိုင်ငံလုံးဆိုင်ရာပညာရေးညီလာခံ (၂၀၂၃) ၌ ပြောကြားသွားရာ၌ "စဉ်းစားသုံးသပ်တွေးခေါ်မှု (Critical thinking)၊ ပြဿနာဖြေရှင်းမှု (Problem solving)၊ တီထွင်ဖန်တီးမှု (Creativity)၊ ဆန်းစစ်အကဲဖြတ်မှု(Evaluation)၊ ပိုင်းခြားစိတ်ဖြာသုံးသပ်မှု (Analytical siklls)၊ ပူးပေါင်းဆောင်ရွက်မှု (Collaboration)၊ အလိုက်သင့်ဆောင်ရွက်တတ်မှု (Adaptability)၊ လူမှုဆက်ဆံရေး (Social skills)၊ စိတ်ခံစားချက်နားလည်မှု (Emotional intelligence)၊ တရားမျှတမှု (Justice)၊ လောကနီတိဆိုင်ရာ အပြုအမူ (Ethical behavior)နှင့် ဦးဆောင်တတ်မှု (Leadership) အစရှိသည့် ဘက်စုံကျယ်ပြန့်သည့် အရည်အသွေးများ၊ စွမ်းရည်များ၊ ကိုယ်ရည်ကိုယ်သွေးများ၊ အသိပညာ၊ အတတ်ပညာများကို ဘက်စုံပညာရေးက ပြည့်စုံစေမည်ဖြစ်ပါကြောင်း" အလေးအနက်ထားပြောကြားသွားခဲ့သည်။

ဆိုရလျှင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ခေတ်မီဖွံ့ဖြိုးတိုးတက်ပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကြီးတည်ဆောက်ရေးအတွက် ကြိုးပမ်းအကောင်အထည်ဖော်လျက်ရှိသည်။ ထိုသို့တည်ဆောက်ရာတွင် အသိပညာ၊ အတတ်ပညာ၊ ပင်ကိုအရည်အသွေး၊ စွမ်းရည်များနှင့်ပြည့်စုံသည့်လူ့စွမ်းအားအရင်းအမြစ်များမွေးထုတ်ပေးနိုင်သည့် ဘက်စုံပညာရေးကဏ္ဍကို မြှင့်တင်ရန် ဦးတည်ချက်ထားပြီး ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

**တန်းစဉ်ကူးပြောင်းမှုလျော့နည်းလာ**

သို့သော် ပညာရေးဝန်ကြီးဌာန၏ မှတ်တမ်းများအရ ၁၉၉၉ ခုနှစ်မှ ၂၀၁၄ ခုနှစ်အတွင်း ကျောင်းနေသူ ၁၉ ဒသမ ၄၄ သန်းတွင် ပဉ္စမတန်းတက်ရောက်သူ ၁၁ ဒသမ ၃၇ သန်း (၅၇ ဒသမ ၂၉ ရာခိုင်နှုန်း) ရှိပြီး အလယ်တန်းအဆင့် ၈ တန်းသို့တက်ရောက်သူ ၇ ဒသမ ၇၈ သန်း (၄၀ ဒသမ ၂၆ ရာခိုင်နှုန်း) သာရှိသည်။ အလားတူ ၂၀၁၉ ခုနှစ် ကြားဖြတ်သန်းခေါင်စာရင်းအရ ၅ နှစ်အထက် လူဦးရေ ၄၆ ဒသမ ၄၆ သန်းတွင် သက်မွေးပညာပြီးသူ ၂ ဒသမ ၉ သိန်း၊ ဘွဲ့ရသူ ၃ သန်းသာရှိသဖြင့် တန်းစဉ်ကူးပြောင်းမှုလျော့နည်းလာခဲ့သည်။

❖ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် အခက်အခဲများ၊ နှောင့်ယှက်ဖျက်ဆီးမှုများကြားမှပင် တိုင်းပြည်၏ပညာရေးကဏ္ဍ မြင့်မားတိုးတက်လာရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ ပညာသည်သာ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံကျသည့်အရင်းအမြစ်ဖြစ်၍ နိမ့်ကျနေသောမြန်မာနိုင်ငံ၏ပညာရေးကို ပြန်လည်မြင့်မားလာအောင် တစိုက်မတ်မတ် အားပေးဆောင်ရွက်လျက်ရှိသည်။ နိုင်ငံတစ်နိုင်ငံတွင် ပညာတတ်များပေါများလာပြီး တိုင်းပြည်ကို အလုပ်အကျွေးပြုနိုင်မည်ဆိုလျှင် နိုင်ငံဖွံ့ဖြိုးတိုးတက်လာမည်မှာ အသေအချာပင်ဖြစ်သည်။ ❖

**ကြိုးပမ်းဆောင်ရွက်**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် အခက်အခဲများ၊ နှောင့်ယှက်ဖျက်ဆီးမှုများကြားမှပင် တိုင်းပြည်၏ပညာရေးကဏ္ဍ မြင့်မားတိုးတက်လာရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ ပညာသည်သာ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံကျသည့်အရင်းအမြစ်ဖြစ်၍ နိမ့်ကျနေသောမြန်မာနိုင်ငံ၏ပညာရေးကို ပြန်လည်မြင့်မားလာအောင် တစိုက်မတ်မတ် အားပေးဆောင်ရွက်လျက်ရှိသည်။ နိုင်ငံတစ်နိုင်ငံတွင် ပညာတတ်များပေါများလာပြီး တိုင်းပြည်ကို အလုပ်အကျွေးပြုနိုင်မည်ဆိုလျှင် နိုင်ငံဖွံ့ဖြိုးတိုးတက်လာမည်မှာ အသေအချာပင်ဖြစ်သည်။

နိုင်ငံတော်အနေဖြင့် ပညာရေးကဏ္ဍမြင့်မားရေးအတွက် ပညာရေးအသုံးစရိတ်ကို နှစ်စဉ်တိုးမြှင့်ခွဲဝေပေးလျက်ရှိရာ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ပညာရေးအသုံးစရိတ်စုစုပေါင်း ၃၁၄၆ ဒသမ ၁၄၉ ဘီလီယံ ခွင့်ပြုပေးထားသည်။ ပညာရေးကဏ္ဍတွင် ပြည်ထောင်စုအသုံးစရိတ်၏ ၉ ဒသမ ၄၈ ရာခိုင်နှုန်းရှိပြီး GDP ၏ ၂ ဒသမ ၁၈ ရာခိုင်နှုန်းရှိသည်။

**တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေး**

စင်စစ်အားဖြင့် ပညာရေးသည် နိုင်ငံတော်တည်ဆောက်ရေး၏ အုတ်မြစ်ပင်ဖြစ်သည်။ ပညာတတ်များ၊ အသိပညာရှင်၊ အတတ်ပညာရှင်၊ ကျွမ်းကျင်ပညာရှင်များနှင့်သာ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်နိုင်မည်ဖြစ်သည်။ နိုင်ငံတစ်နိုင်ငံ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးကို ဖော်ဆောင်ရာတွင် လူသားအရင်းအမြစ်သည် အဓိကဖြစ်သည်။ လူသားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာကို အဓိကတည်ဆောက်ကြရသည်။ နိုင်ငံရေးတည်ငြိမ်မှု၊ ရင့်ကျက်မှု၊ စီးပွားရေးတိုးတက်မှုများသည် ပညာတတ်ပေါကြွယ်ဝမှုနှင့် တိုက်ရိုက်အချိုးကျနေသည်။ ထို့ကြောင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာတတ်များပေါကြွယ်ဝရေးကို ဦးတည်ကြိုးပမ်းဆောင်ရွက်သွားရန်လိုအပ်သည်။

ထို့ပြင် ဖွံ့ဖြိုးဆဲနိုင်ငံများတွင် ဘက်စုံပညာရေးသည် အရေးကြီးသည့်ကဏ္ဍမှ ပါဝင်လျက်ရှိသည်။ ဘက်စုံပညာထူးချွန်သည့် လူ့စွမ်းအားအရင်းအမြစ်များသည် နိုင်ငံသားများ၏ ရပိုင်ခွင့်နှင့်တာဝန်ဝတ္တရားများကို ပိုမိုနားလည်သဘောပေါက်ကြသည်နှင့်အညီ ဒီမိုကရေစီနိုင်ငံတော်တည်ဆောက်ရေးတွင် ပိုမိုပူးပေါင်းပါဝင်နိုင်သည့် အင်အားစုများဖြစ်လာမည်ဖြစ်သည်။ ထို့ကြောင့် မြန်မာနိုင်ငံအနေဖြင့်လည်း ခေတ်မီဖွံ့ဖြိုးတိုးတက်ပြီး ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးကို ဆောင်ရွက်လျက်ရှိရာတွင် လူ့စွမ်းအားအရင်းအမြစ်များမွေးထုတ်ပေးနိုင်သည့် ဘက်စုံပညာရေးကဏ္ဍကို မြှင့်တင်ရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

ပညာရေးဝန်ကြီးဌာနသည် မေ ၂၃ ရက်မှ ၃၁ ရက်ထိ ကျောင်းအပ်နှံရေးသီတင်းပတ် သတ်မှတ်ထားသည်။ ကျောင်းနေအရွယ်ကလေးအားလုံး ကျောင်းအပ်နှံနိုင်ရန်နှင့် ကျောင်းထွက်သူလျော့နည်းစေရန် မိဘ၊ ဆရာ၊ ကျောင်းသားနှင့် ကျောင်းအကျိုးတော်ဆောင်များ၏ ပူးပေါင်းဆောင်ရွက်မှု များစွာလိုအပ်သည်။ ဇွန် ၁ ရက်မှစ၍ တက္ကသိုလ်များလည်း ဖွင့်လှစ်တော့မည်ဖြစ်သည့်အတွက် ကျောင်းသား၊ ကျောင်းသူများ ပုံမှန်ပညာရေးသင်ယူနိုင်ရေးအတွက် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်သွားသင့်ပေသည်။ တက္ကသိုလ်များအနေဖြင့်လည်း ကျောင်းအပ်လက်ခံနိုင်ရေးအတွက် အသင့်ပြင်ဆင်ထားသင့်ပေသည်။

အထူးသဖြင့် အစိုးရအဆက်ဆက်သည် ကျောင်းနေအရွယ်ကလေးအားလုံး ပညာသင်ယူခွင့်ရရှိရေး၊ အနည်းဆုံးအလယ်တန်းအဆင့် (KG+9) ပြီးမြောက်သည်ထိ ပညာသင်ယူနိုင်ရေးနှင့် အနာဂတ်ပညာရေး ပိုမိုကောင်းမွန်လာစေရေး ဆောင်ရွက်လျက်ရှိသည်။ ထိုသို့ဆောင်ရွက်ရာတွင် ကျောင်းသား၊ ကျောင်းသူများ၊ မိဘများ၊ ဆရာ၊ ဆရာမများ၊ ပညာရေးဆိုင်ရာ တာဝန်ရှိသူများက အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် တက်ညီလက်ညီကြိုးပမ်းဆောင်ရွက်သွားမည်ဆိုလျှင် အောင်မြင်မှုရရှိမည်မှာ ဧကန်မုချပင် ဖြစ်ပါသည်။

# လွိုင်လင်မြို့နယ် လဲ့လောင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေထုတ်ချေး

**လွိုင်လင် မေ ၂၈**

ရှမ်းပြည်နယ်(တောင်ပိုင်း) လွိုင်လင်ခရိုင် လွိုင်လင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေးခြင်းကို ယနေ့နံနက်ပိုင်းက လဲ့လောင်းကျေးရွာ၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ လွိုင်လင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်တင်မင်းထိုက်က လဲ့လောင်းကျေးရွာနှင့် ကျိုင်ခမ်းကျေးရွာတို့ရှိ ရပ်မိရပ်ဖများ၊ မြစိမ်းရောင်ကျေးရွာစီမံကိန်းအသင်းသား၊ အသင်းသူများနှင့် တွေ့ဆုံကာ လည်ပတ်ရန်ပုံငွေများ ထုတ်ချေးရခြင်း၏ရည်ရွယ်ချက်များနှင့် အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားခဲ့သည်။

ဆက်လက်၍ ဦးစီးအရာရှိ (နည်းပညာ) ဒေါ်အိသီရိနွယ်နှင့် ဝန်ထမ်းများက စီမံကိန်းအကြောင်းအရာများ၊ အတိုးနှုန်းနှင့်ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင်လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၅၀၅ သိန်းကို လွှဲပြောင်းပေးအပ်ခဲ့သည်။

ထို့နောက် မြို့နယ်ဦးစီးမှူးနှင့် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက လဲ့လောင်းကျေးရွာနှင့် ကျိုင်ခမ်းကျေးရွာတို့ရှိ စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်း၊ အရောင်းအဝယ်လုပ်ငန်းနှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းလုပ်ကိုင်မည့်အသင်းသား၊ အသင်းသူ ၅၁ ဦးကို ငွေကျပ် ၅၀၅ သိန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**မောင်နိုင်**



## ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)
## ပြည်သူ့ဆက်ဆံရေးနှင့်စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး
## ကြော်ငြာစာအမှတ်(၁/၂၀၂၃)
## (၂၀၂၃ ခုနှစ် မေလ ၉ ရက်)
## လျှောက်လွှာခေါ်ယူခြင်း

၁။ ဤညွှန်ကြားရေးမှူးရုံးကွပ်ကဲမှုအောက် မြဝတီသတင်းစာတိုက်နှင့် ရတနာပုံသတင်းစာတိုက်တို့တွင် အောက်ပါရာထူးများ၌ စစ်သည်(အစားခန့်)ဝန်ထမ်းအဖြစ်ခန့်အပ်ရန်အလိုရှိပါသည်-

(က) စာတည်း(ဝိဇ္ဇာဘွဲ့(မြန်မာစာ)၊ ဝိဇ္ဇာဘွဲ့(သတင်းအတတ်ပညာ)ဦးစားပေးမည်)
(ခ) စာပြင်(ဝိဇ္ဇာဘွဲ့(မြန်မာစာ)၊ ဝိဇ္ဇာဘွဲ့(သတင်းအတတ်ပညာ)ဦးစားပေးမည်)
(ဂ) ကွန်ပျူတာ(ကွန်ပျူတာဘွဲ့ရဦးစားပေးမည်)

၂။ ရာထူးအားလုံးအတွက် လိုအပ်သောအရည်အချင်းများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) လျှောက်ထားသူသည် ပြည်ထောင်စုမြန်မာနိုင်ငံသား တိုင်းရင်းသားမိဘနှစ်ပါးမှ မွေးဖွားသူဖြစ်ရမည်။
(ခ) ၂၀၂၃ ခုနှစ် မတ်လ(၃၁)ရက်နေ့တွင် အသက်(၂၈)နှစ်မကျော်လွန်စေရ၊ အိမ်ထောင်မရှိဖူးသူ လူပျို/အပျိုဖြစ်ရမည်။
(ဂ) တက္ကသိုလ်တစ်ခုခုမှဘွဲ့ရရှိပြီးသူဖြစ်ရမည်။
(ဃ) အနည်းဆုံး ၅ နှစ်အမှုထမ်းဆောင်နိုင်သူဖြစ်ရမည်။ လိုအပ်ပါက စစ်သည်/စစ်သမီးအဖြစ်တာဝန်ထမ်းဆောင်နိုင်ရမည်။
(င) လျှောက်ထားသူနှင့် မိဘညီအစ်ကိုမောင်နှမများအားလုံးအနေဖြင့် ပြစ်မှုကင်းရှင်းရမည့်အပြင် ပါတီနိုင်ငံရေးနှင့်ကင်းရှင်းသူဖြစ်ရမည်။

၃။ လျှောက်လွှာနှင့်ကိုယ်ရေးရာဇဝင်ပုံစံများကို အောက်ပါနေရာများတွင်ရယူနိုင်ပါသည်။

(က) မြဝတီသတင်းစာတိုက်(နေပြည်တော်)
(ခ) မြဝတီသတင်းစာတိုက်(ရန်ကုန်)
(ဂ) မြဝတီသတင်းစာတိုက်(မန္တလေး)
(ဃ) ရတနာပုံသတင်းစာတိုက်

၄။ လျှောက်လွှာများကို ၁၀-၅-၂၀၂၃ ရက်မှ ၂၄-၅-၂၀၂၃ ရက်နေ့အတွင်း လာရောက်လျှောက်ထားနိုင်ပါကြောင်း ကြော်ငြာထားရှိပြီးဖြစ်သော်လည်း လျှောက်လွှာပိတ်ရက်ကို ၂၅-၅-၂၀၂၃ ရက်မှ ၇-၆-၂၀၂၃ ရက်အထိ ထပ်မံတိုးမြှင့်ကြောင်း အသိပေးအပ်ပါသည်။

၅။ လျှောက်လွှာနှင့်အတူ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်၊ မြို့နယ်ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ ထောက်ခံစာ(မူရင်း)၊ ပတ်စ်ပို့အရွယ် ဓာတ်ပုံ(၃)ပုံနှင့် တပ်မတော်ဆေးရုံ/ပြည်သူ့ဆေးရုံတို့မှ ပဏာမဆေးစစ်အောင်မြင်ကြောင်း ထောက်ခံချက်ပူးတွဲတင်ပြရမည်။

၆။ သတ်မှတ်ထားသည့်အချက်အလက်များ တိကျပြည့်စုံစွာ ရေးသားဖော်ပြခြင်းမရှိသောလျှောက်လွှာများ၊ မမှန်မကန်ဖြည့်စွက်ရေးသားဖော်ပြသော လျှောက်လွှာများနှင့် အချိန်မီမရောက်ရှိသောလျှောက်လွှာများအား ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၇။ လူတွေ့စစ်ဆေးခြင်းအား မြဝတီသတင်းစာတိုက်(နေပြည်တော်)တွင် ၂၀၂၃ ခုနှစ် မေလ ၂၅ ရက်နှင့် ၂၆ ရက်တို့(အစား)၂၀၂၃ ခုနှစ် ဇွန်လ ၈ ရက်နှင့် ၉ ရက်တို့၌ ပြုလုပ်သွားမည်ဖြစ်ပြီး အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များသို့ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

| | |
|---|---|
| နေပြည်တော် | ဖုန်း - ၀၉-၄၃၀၂၉၈၂၀၊ ၀၉-၄၂၂၁၉၂၁၇၀၊ ၀၉-၂၅၀၀၀၀၈၅၄၊ ၀၃၁-၇၄၀၀၆၊ ၀၃၁-၇၄၀၀၈ |
| ရန်ကုန် | ဖုန်း - ၀၉-၄၂၅၃၅၃၃၉၇၊ ၀၉-၄၀၃၇၀၃၅၉၉ |
| မန္တလေး | ဖုန်း - ၀၉-၆၈၃၂၅၉၇၇၄၊ ၀၉-၄၀၁၆၀၅၀၇၁ |


## ပြည်သူများကျန်းမာစေဖို့ ဆီစားသုံးမှုလျှော့ချစို့

ဆီကို စားသုံးသင့်သည့်ပမာဏထက် ကျော်လွန်စားသုံးခြင်းနှင့် အရည်အသွေး မပြည့်မီသည့်ဆီများစားသုံးခြင်းတို့ကြောင့်-

- နှလုံးရောဂါ၊ နှလုံးသွေးကြောပိတ်ရောဂါ၊ ဆီးချိုရောဂါ၊ သွေးတိုးရောဂါ၊ အဝလွန်ခြင်း၊ အသည်းအဆီဖုံးခြင်း၊ လေဖြတ်ခြင်း စသည့် ကျန်းမာရေးဆိုင်ရာဆိုးကျိုးများစွာ ခံစားရစေပါသည်။
- ထိုသို့ ဆိုးကျိုးများစွာခံစားလာရသည်နှင့်အမျှ စီးပွားရေး၊ လူမှုရေးဆိုင်ရာ ထိခိုက်မှုများကိုပါ တွေ့ကြုံစေနိုင်သောကြောင့် ဆီစားသုံးမှုကို လျှော့ချစားသုံးသင့်ပါသည်။

ဗလငါးတန် ဖွံ့ဖြိုးဖို့ စာအုပ်စာပေ ဖတ်ကြစို့


# ကျိုက်လတ်မြို့နယ်တွင် ရေချိုငါးခူ တစ်ပိဿာလျှင် ငွေကျပ် ၁၂၅၀၀ ထိ ဈေးကောင်းရရှိ



**ကျိုက်လတ် မေ ၂၈**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ကျိုက်လတ်မြို့နယ်တွင် ရေချိုငါးခူ တစ်ပိဿာလျှင် ငွေကျပ် ၁၂၅၀၀ ထိ ဈေးကောင်းရရှိနေကြောင်း ကျိုက်လတ်မြို့နယ် ငါးမျိုးစုံရောင်းဝယ်ရေး ပွဲရုံလုပ်ငန်းရှင် ဒေါ်ဌေးဌေးက ပြောပြ၍ သိရသည်။

ကျိုက်လတ်မြို့နယ်တွင် ပြီးခဲ့သည့် မတ်လနှင့်ဧပြီလတွင် ရေချိုငါးခူ တစ်ပိဿာလျှင် ငွေကျပ် ၈၅၀၀ မှ ၉၅၀၀ ထိသာ ဈေးရရှိခဲ့ပြီး မေလပထမပတ်မှစတင်ပြီး ဈေးကောင်းရရှိလာကာ ယနေ့ထိ ရေချိုငါးခူ တစ်ပိဿာလျှင် ငွေကျပ် ၁၂၅၀၀ ထိ ဈေးကောင်းရနေကြောင်း၊ အဆိုပါ ရေချိုငါးခူများ ဈေးကောင်းရရှိနေခြင်းသည် ရန်ကုန်ဈေးကွက်က ဝယ်ယူမှုအားကောင်းနေခြင်းကြောင့် ဖြစ်ကြောင်း သိရသည်။

"ဒေသထွက်ရေချိုငါးခူငါးက လတ်ဆတ်မှုနဲ့ အရွယ်အစားအပေါ် မူတည်ပြီး လက်ရှိမှာ ဈေးကောင်းရပြီး အရောင်းအဝယ်လဲ သွက်နေတယ်။ လက်ရှိ တစ်ပိဿာ ဈေးအနေနဲ့ ငွေကျပ် ၁၁၀၀၀ ကနေ ၁၂၅၀၀ ထိ ဈေးကောင်း ရရှိနေပါတယ်။ ဝယ်ယူမှုအားကောင်းလာတာနဲ့အမျှ ဈေးကောင်းရလာတာဖြစ်တယ်။ ဒေသဈေးကွက်ကအပြင် ရန်ကုန်ဈေးကွက်ကပါ ဝယ်ယူမှုအားကောင်းပြီး ဈေးကောင်းရတော့ ကုန်သည်တွေလဲ ဝယ်ရတာ အဆင်ပြေသလို မွေးမြူသူတွေလဲအဆင်ပြေလာပါတယ်" ဟု ကျိုက်လတ်မြို့နယ် ငါးမျိုးစုံရောင်းဝယ်ရေးပွဲရုံလုပ်ငန်းရှင် ဒေါ်ဌေးဌေးက ပြောပြသည်။

ကျိုက်လတ်မြို့နယ်မှ ထွက်ရှိသည့် ရေချိုငါးခူများကို ပုသိမ်မြို့အပြင် ရန်ကုန်မြို့သို့ တင်ပို့ရောင်းချလျက်ရှိကြောင်း၊ အဆိုပါငါးခူများ ဝယ်ယူမှုအားကောင်းလာသည့်အတွက် ရေချိုငါးခူ မွေးမြူသူများ၊ ကုန်သည်များ၊ ရေလုပ်သားများ အဆင်ပြေနေကြောင်း သိရသည်။

"အခုနှစ်တော့ ရေချိုငါးခူက ဈေးကောင်းနေတော့ အဆင်ပြေနေပါတယ်။ အခုလအတွင်းမှာ ငါးခူဈေးက သိသိသာသာတက်လာတာဖြစ်ပါတယ်။ ငါးခူဈေးမရတာ မနှစ်တည်းကပါ။ ငါးခူမွေးမြူတဲ့လုပ်ငန်းကို အဓိကလုပ်ကိုင်သူတွေ အဖို့ ဈေးကောင်းရတော့ အဆင်ပြေပါတယ်။ အရင်နှစ်တွေက ငါးခူဈေး အခုလိုဈေးကောင်းခဲ့ရင် ပိုပြီးအဆင်ပြေမယ်"ဟု ကျိုက်လတ်မြို့မှ ငါးခူမွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ဦးတိုးမြင့်က ပြောပြ၍ သိရသည်။

**ကျော်ကျော်လင်း**

# ပဲခူးမြို့နယ် လက်ပံခုန်ကျေးရွာတွင် ဂဝံလမ်းခင်းခြင်းလုပ်ငန်း ကွင်းဆင်းစစ်ဆေး

**ပဲခူး မေ ၂၈**

ပဲခူးတိုင်းဒေသကြီး ပဲခူးခရိုင် ပဲခူးမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက လက်ပံခုန်ကျေးရွာအုပ်စု လက်ပံခုန်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းအတိုးရငွေဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော ဂဝံလမ်းခင်းခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ပဲခူးမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမင်းမင်းသိမ်းနှင့် တာဝန်ခံအင်ဂျင်နီယာဝန်ထမ်းများက ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များနှင့်အတူ လက်ပံခုန်ကျေးရွာတွင် ဂဝံလမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူး ဦးမင်းမင်းသိမ်းက လုပ်ငန်းများ သတ်မှတ်စံချိန်စံညွှန်းများနှင့်ပြည့်မီစေရန် အလေးထားဆောင်ရွက်ရန် မှာကြားခဲ့သည်။

လက်ပံခုန်ကျေးရွာ၌ ဂဝံလမ်း အရှည်ပေ ၁၃၀၀၊ အကျယ် ၁၂ ပေ၊ အမြင့်ခြောက်လက်မ ခင်းခြင်းလုပ်ငန်းကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အတိုးရငွေကျပ်သိန်း ၁၀၀၊ ပြည်သူထည့်ဝင်ငွေကျပ် ၁၀ သိန်း စုစုပေါင်း ငွေကျပ်သိန်း ၁၁၀ ဖြင့် ကျေးရွာနေပြည်သူများကိုယ်တိုင် ၂၀၂၃ ခုနှစ် မေလ ပထမပတ်မှစတင်၍ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ ယခုအခါ ၇၅ ရာခိုင်နှုန်းခန့် ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

အဆိုပါ ဂဝံလမ်းခင်းခြင်း လုပ်ငန်းများ ဆောင်ရွက်ပြီးပါက ကျေးရွာနေပြည်သူများ လမ်းပန်းဆက်သွယ်ရေးပိုမိုကောင်းမွန်ပြီး လူနေမှုအဆင့်အတန်းများ မြင့်မားလာတော့မည်ဖြစ်ကြောင်း၊ ကျေးရွာမှ ထွက်ရှိလာသော ထုတ်ကုန်ထွက်ကုန်များကို ဈေးကွက်သို့ ကုန်ကျစရိတ် သက်သာစွာဖြင့် အချိန်မီပေးပို့နိုင်မည်ဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဦးမင်းမင်းသိမ်းက ပြောပြ၍ သိရသည်။

**သုတ**




ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၉ ၂၅၄၂၇၂၈၄၃၊ ၀၉ ၄၅၃၂၅၅၅၄၅

KHA YAE PIN MART-မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅

STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၀၈၀

STARMART MANDALAY Wholesale-၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄

STARMART Nay Pyi Taw-ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇




## *Long Style Beauty Saloon*

ဖြောင့်
ကောက် } *(30%) off*
ဆေးဆိုး

ဆံပင်ညှပ်တာ အရမ်းလှတယ်။
(ကြိုတင်ဖုန်းဆက်လို့ရပါတယ်)

**66 st × 67 st, 38 st Corner**
**Ph; 09-2053849**

## အများသိစေရန် ကြေညာခြင်း

မန္တလေးမြို့၊ သီရိမာလာအရှေ့၊ ၂၂×၈၆လမ်း၊ အိမ်အမှတ် (၄)နေ ဦးအောင်ကျော်ဦး(၉/မရတ(နိုင်)၁၀၅၅၈၀)ကိုင်ဆောင်သူပိုင်ဆိုင်သော တိုရိုတာပရီမီယို အမျိုးအစား (DD/9384)မော်တော်ယာဉ်အား မတ္တရာမြို့၊ ဘူတာရပ်ကွက်၊ အိမ်အမှတ်(၂)နေ ဦးခင်မောင်ဦး (၉/မတရ(နိုင်)၀၀၅၇၃၁)ကိုင်ဆောင်သူအား ၂၇-၅-၂၀၂၃ ရက်နေ့တွင် အပြီးအပိုင် ရောင်းချလိုက်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးအောင်ကျော်ဦး (၉/မရတ(နိုင်)၁၀၅၅၈၀)**

## ပျောက်ဆုံးကြောင်း

မန္တလေး၊ အောင်မြေသာစံမြို့နယ်နေ မောင်နေမင်းထွန်း (ဘ) ဦးရှံမရွက်ဒင် (၉/မအဇ(နိုင်)၀၃၈၄၂၆)၏ နိုင်ငံကူးလက်မှတ်အမှတ် (ME-036442)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **၀၉-၉၇၄၃၄၈၂၃၄**

## ပျောက်ဆုံးကြောင်း

နွားထိုးကြီးမြို့နယ်၊ ရွှေမုဋ္ဌောရွာနေ မောင်ကျော်စိန်ဝင်း (ဘ) ဦးအောင်မောင်း (၉/နထက(နိုင်)၁၆၄၄၁၄)၏ နိုင်ငံကူးလက်မှတ်အမှတ် (MD-658194)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **၀၉-၇၈၁၂၇၆၅၀၇**

## ဝန်ထမ်းအလိုရှိသည်

**၁။ ဆိုင်ကူ+ယာဉ်မောင်း ကျား (၂)ဦး**
ယာဉ်မောင်းလိုင်စင်ရှိရမည်။
လစာ 200000 + ရက်မှန်ကြေး 20000

**၂။ စာရင်းကိုင်+အရောင်း မ (၁)ဦး**
လုပ်ငန်းအတွေ့အကြုံရှိရမည်။
လစာ 200000 + ရက်မှန်ကြေး 20000

လိုအပ်သောစာရွက်စာတမ်းများယူဆောင်၍ လူကိုယ်တိုင်လာရောက်လျှောက်ထားနိုင်ပါသည်။

No. 283 (81. 26×27)
Kedia Lights **လျှပ်စစ်**

## ပျောက်ဆုံးကြောင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ ချမ်းမြသာယာ၊ ယ-၁/၁၀၈ နေ ဒေါ်သန်းမေမီ (ဘ) ဦးသန်းဖေ (၅/မရန(နိုင်)၀၅၀၆၄၉)၏ နိုင်ငံကူးလက်မှတ်အမှတ် (MB-045924)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **၀၉-၄၀၂၆၇၆၀၉၃**

## ပျောက်ဆုံးကြောင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်းတုံးရပ်ကွက်၊မ-၈၈(၁၀/ ၄၂) ၅၁ လမ်း၊ ၁၀၇ (C)လမ်းနေ မဝင့်ဝါထွန်း(ဘ)ဦးမြဇော်ဌေး (၉/ခမစ(နိုင်)၀၅၈၆၁၉)၏ နိုင်ငံကူးလက်မှတ်အမှတ် (MG-789050)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **၀၉-၇၈၇၇၇၇၉၅၈**

## ဖခင်အမည်မှန်

မန္တလေးတိုင်းဒေသကြီး၊ သပိတ်ကျင်းမြို့နယ်၊ ရွှေစကာကျေးရွာ၊ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)၊ ၂၀၂၂-၂၀၂၃ပညာသင်နှစ် Grade-6 (အောင်) မှ မောင်ဟိန်းထက်ကို၏ ဖခင်အမည်မှန်မှာ နိုင်ငံသားစိစစ်ရေးကတ်အရ ဦးသိန်းလှိုင်(၉/သပက(နိုင်)၀၅၉၆၆၅) ဖြစ်ပါကြောင်း။

**ဦးသိန်းလှိုင်(၉/သပက(နိုင်)၀၅၉၆၆၅)**

## စာအုပ်စာပေ လူ့မိတ်ဆွေ

## အမည်မှန်

မလှိုင်မြို့နယ်၊ မုံပင် အ. ထ. က၊ နဝမတန်း (Grade-10)မှ (အဘ) ဦးဆန်းအောင်၏သမီးဖြစ်သူ မအိဖြူသဲ၏ အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ မအေးသန္တာ ဖြစ်ပါကြောင်း။ **မအေးသန္တာ**

## ကိုဗစ်-၁၉ ရောဂါကူးစက်မှုမှ ကာကွယ်နိုင်ရန်

- Home Stay နေထိုင်ပါ။ တစ်ကိုယ်ရေသန့်ရှင်းရေး၊ နေအိမ်နှင့် ပတ်ဝန်းကျင်သန့်ရှင်းရေးတို့ကို အလေးထားဆောင်ရွက်ပါ။
- မကြာခဏ ထိတွေ့အသုံးပြုတဲ့ စားပွဲ၊ တံခါးလက်ကိုင်၊ ဖုန်း၊ လှေကားလက်ရန်း စသည်တို့ကို Alcohol ၇၀ ရာခိုင်နှုန်းပါဝင်သော ပိုးသန့်စင်ဆေးရည်ဖြင့် မကြာခဏ ဆေးကြောပါ။

**လူကုန်ကူးခံရသူများအနေဖြင့် အကူအညီနှင့်အားပေးမှုများ**
**လိုအပ်သည်ဟု ခံစားနေရပါက**
**သတင်းအချက်အလက်မျှဝေရာစင်တာသို့**
**ဆက်သွယ်နိုင်ပါသည်။**

ဆက်သွယ်ရန်လိပ်စာ - လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
ပြန်လည်ထူထောင်ရေးဦးစီးဌာန
အမှတ်(၆၅)၊ကျိုက်ဝိုင်းဘုရားလမ်း၊ မရမ်းကုန်းမြို့နယ်၊ရန်ကုန်တိုင်းဒေသကြီး
ဆက်သွယ်ရမည့်ဖုန်း - ၀၁-၆၆၆၆၁၉ (ရုံးချိန်အတွင်း)

## မူးယစ်ကိုပစ် ပန်းတိုင်သစ်
## စိတ်သစ် လူသစ် ဘဝသစ်

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၁၂)ရပ်

**၁။ နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့်ကျင့်သုံးပြီး ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကိုတည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကိုကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး "မူ"ကို ဆက်လက်လိုက်နာကျင့်သုံးရေး။

(ဃ) ပြည်ထောင်စုတစ်ဝန်း တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး။

**၂။ စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့်မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး။

(ဂ) သွင်းကုန်အစားထိုးရန်နှင့် ပို့ကုန်မြှင့်တင်နိုင်ရေး ဒေသထွက်ကုန်ကြမ်းများကို အခြေခံသည့် အသေးစား၊ အငယ်စား၊ အလတ်စားစီးပွားရေးလုပ်ငန်း (MSME)များကို ရေရှည်အာမခံချက်ရှိအောင် အားပေးကူညီပြီး နိုင်ငံတော်၏ထုတ်ကုန်များစွာထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး။

(ဃ) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် ပြည်သူ့လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ရေး။

**၃။ လူမှုရေး**

(က) စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ထက်မြက်ရေး။

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားရေးစိတ်ဓာတ်ကိုအခြေခံသည့် ကိုးကွယ်ယုံကြည်မှု၊ ယဉ်ကျေးမှု၊ အမျိုးသားရေးစရိုက်လက္ခဏာများမပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။

(ဂ) နိုင်ငံ၏အခြေခံကျန်းမာရေးစောင့်ရှောက်မှုကို ပိုမိုခိုင်မာအောင်တည်ဆောက်၍ တစ်မျိုးသားလုံးသက်ရှည်ကျန်းမာသည့် ကျန်းမာရေးစနစ်ဖြစ်ပေါ်လာရေး။

(ဃ) ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်တည်ဆောက်ရေးအတွက် လိုအပ်သည့် လူ့စွမ်းအားအရင်းအမြစ်များမွေးထုတ်နိုင်ရန် ဘက်စုံပညာရေးကဏ္ဍမြှင့်တင်ရေး။

---

❖ နိုင်ငံရေးအနေဖြင့် ပါတီစုံဒီမိုကရေစီစနစ်ကို ကျင့်သုံးသွားမည်ဖြစ်ကာ အုပ်ချုပ်ရေးအနေဖြင့် ပါတီစုံဒီမိုကရေစီစနစ်နှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုစနစ်ကို ကျင့်သုံးနိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်...

❖ တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)သည်လည်း အစိုးရနှင့် EAO များအကြား နိုင်ငံတကာအဖွဲ့အစည်းများအကြား ထားရှိခဲ့သည့် ကတိကဝတ်ဖြစ်...

❖ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် ငြိမ်းချမ်းရေးဆွေးနွေးရာတွင်လည်း အပြုသဘောဆောင်သည့်ဆွေးနွေးမှုရလဒ်များကို ဖော်ဆောင်နိုင်ခဲ့...

❖ တစ်နိုင်ငံလုံးငြိမ်းချမ်းရေးရရှိရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်...

**(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၃ ခုနှစ် ဖေဖော်ဝါရီ ၂၃ ရက်တွင်ပြုလုပ်သော နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစည်းအဝေး (၂/၂၀၂၃)တွင် ပြောကြားမှုမှ ကောက်နုတ်ချက်)**

---

# မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲ ပွဲစဉ်(၆)တွင် ရခိုင်ယူနိုက်အသင်းနှင့် ISPE အသင်းတို့ တစ်ဂိုးစီသရေရလဒ်ထွက်ပေါ်



**ရန်ကုန် မေ ၂၈**

မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲ ပွဲစဉ်(၆)အဖြစ် ယနေ့ ညနေ ၃ နာရီခွဲက ရန်ကုန်မြို့ သုဝဏ္ဏအားကစားကွင်းတွင် ရခိုင်ယူနိုက်တက်အသင်းနှင့် ISPE အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ တစ်ဂိုးစီ သရေရလဒ်ထွက်ပေါ်ခဲ့ကြောင်း သိရသည်။

အဆိုပါပွဲစဉ်တွင် ပွဲစကတည်းက နှစ်သင်းစလုံး ခြေစွမ်းပိုင်းကွာခြားမှု မရှိဘဲ အပြန်အလှန်ဖိအားပေးမှုများဖြင့် အကြိတ်အနယ်ရှိပြီး ပွဲချိန် ၁၉ မိနစ်တွင် ရခိုင်ယူနိုက်တက်အသင်းကစားသမား မင်းခန့်က ကိုယ့်ဂိုးကိုယ်သွင်းယူခဲ့သဖြင့် ISPE အသင်းက ဦးဆောင်ဂိုးရရှိခဲ့ပြီး ပွဲချိန်ပထမပိုင်းတွင် ISPE အသင်းက တစ်ဂိုး ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။ **စာမျက်နှာ ၁၉ ကော်လံ ၅** ❖

---

# အသိပေးနှိုးဆော်ပန်ကြားခြင်း

၁။ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေမြို့နယ် မဟာနွယ်စဉ်ရပ်ကွက် ဇန်းမော်ကျောင်းတိုက်ကြီး၏ ပဓာနနာယကဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဒေါက်တာဘဒ္ဒန္တကုမာရာဘိဝံသ မဟာထေရ်မြတ်ကြီး သက်တော် ၉၄ နှစ်၊ သိက္ခာတော် ၇၄ ဝါသည် မြန်မာသက္ကရာဇ် ၁၃၈၅ ခုနှစ် နယုန်လဆန်း ၇ ရက်၊ ၂၀၂၃ ခုနှစ် မေ ၂၅ ရက် (ကြာသပတေးနေ့) ည ၁၁ နာရီ ၁၁ မိနစ်တွင် ဘဝနတ်ထံ ပျံလွန်တော်မူခဲ့ပြီး ဆရာတော်ဘုရားကြီး၏ ဥတုဇရုပ်ကလာပ်တော်အား ဇန်းမော်ကျောင်းတိုက်၌ ပူဇော်ထားရှိပါသဖြင့် ရဟန်းရှင်လူ ပြည်သူအပေါင်းတို့ လာရောက်ဖူးမြော်ကြည်ညိုနိုင်ပါသည်။

၂။ ဇန်းမော်ဆရာတော်ဘုရားကြီး၏ အန္တိမအဂ္ဂိဈာပနပူဇာသဘင်အခမ်းအနားကို နိုင်ငံတော်အဆင့်နှင့်လျော်ညီစွာ ၁၃၈၅ ခုနှစ် နယုန်လပြည့်ကျော် ၄ ရက်၊ ၂၀၂၃ ခုနှစ် ဇွန် ၆ ရက် (အင်္ဂါနေ့) ညနေပိုင်းတွင် ဇန်းမော်ကျောင်းတိုက်ရှိ ယာယီစံကျောင်းတော်မှ ချမ်းမြသာစည်လေဆိပ်ဟောင်းသို့ အောက်ဖော်ပြပါလမ်းမများအတိုင်း ပင့်ဆောင်သွားမည်ဖြစ်ပါ၍ ရဟန်းရှင်လူ ပြည်သူများအနေဖြင့် ဇန်းမော်ကျောင်းတိုက်နှင့် ချမ်းမြသာစည်လေဆိပ်ဟောင်းတို့တွင်လည်းကောင်း၊ ပင့်ဆောင်ရာလမ်းကြောင်းတစ်လျှောက် လမ်း၏ဘေးဝဲယာတွင်လည်းကောင်း လာရောက်ဖူးမြော်ကြည်ညိုနိုင်ပါသည်။

(က) ၃၉ လမ်းမှ ၇၃ လမ်းအတိုင်း
(ခ) ၇၃ လမ်းမှ ၃၈ လမ်းအတိုင်း
(ဂ) ၃၈ လမ်းမှ ၇၈ လမ်းအတိုင်း

**စာမျက်နှာ ၁၈ ကော်လံ ၁** ☆

Central Hotel
YANGON
အမှတ် - (၃၅၃ ~ ၃၅၇)၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့
ဖုန်း - (၉၅-၁) ၈၂၄၀၀၀၁ ~ ၈၂၄၀၀၀၇



ကုမ္ပဏီအခမ်းအနားများ
ပြင်ပအစည်းအဝေးပွဲများ
ကုန်ပစ္စည်းမိတ်ဆက်ပွဲများ
နှစ်ပတ်လည် အခမ်းအနားပွဲများအပြင်
ကျန်းမာရေးစံနှုန်း သတ်မှတ်ချက်များ
နှင့်အညီ ဝန်ဆောင်မှုပေးလျက်ရှိပါသည်..